ကြေးမုံ
The Mirror
Established in 1957
၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့ (10-7-2014) (၇၇၉၇)

မိုးရွာသွန်းမှု

၉-၇-၂၀၁၄

ကျိုက္ခမီ	၇ ဒသမ ၆၈ လက်မ
လောင်းလုံ	၇ ဒသမ ၅၂ လက်မ
ထားဝယ်	၆ ဒသမ ၆၅ လက်မ
ကြာအင်းဆိပ်ကြီး	၅ ဒသမ ၉၀ လက်မ
ကော့သောင်း	၃ ဒသမ ၇၀ လက်မ
ကျိုက်မရော	၃ ဒသမ ၄၆ လက်မ
နေပြည်တော်(တပ်ကုန်း)	၂ ဒသမ ၈၀ လက်မ

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်ရှိ သာသနာ့မဟာဗိမာန်တော်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ နေပြည်တော်ကောင်စီနယ်မြေမှ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✿

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

အသစ်ထပ်မံရောက်ရှိခဲ့သည့် RBE ရထားအား ပြုပြင်မွမ်းမံဆောင်ရွက်ပြီးစီးနေမှုကို RBE အကြီးတန်းပြင်စက်ရုံ၌ တွေ့ရစဉ်။

ဂျပန်နိုင်ငံမှရောက်ရှိသည့် RBE ရထားတွဲသစ်များအား မြို့ပတ်ခရီးစဉ်နှင့် အဝေးပြေးခရီးစဉ်များတွင် ချိတ်ဆက်ပြေးဆွဲသွားမည်

ရန်ကုန် ဇူလိုင် ၉

ဂျပန်နိုင်ငံမှတစ်ဆင့် သီလဝါဆိပ်ကမ်းသို့ အသစ်ထပ်မံရောက်ရှိလာခဲ့သည့် RBE ရထားအစင်း ၂၀ အား အချို့ မြို့ပတ်ရထားများနှင့် အဝေးပြေးရထားခရီးစဉ်များအတွင်း ထည့်သွင်းအသုံးပြုရန်စီစဉ်ထားရှိကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

သီလဝါဆိပ်ကမ်း၌ ပြီးခဲ့သော မေ ၂၅ ရက်နှင့် ၂၆ ရက်တို့က ဂျပန်နိုင်ငံမှ အသစ်ထပ်မံရောက်ရှိခဲ့သည့် RBE ရထား ရိုးရိုး ၁၀ စင်းနှင့် RBE အဲကွန်းရထား ၁၀ စင်းတို့၏ ဘီးများအား ဆိပ်ကမ်းအတွင်း ယာယီဘီးများဖြင့် ခေတ္တလဲလှယ်တင်ဆောင်ထားရှိပြီး မူရင်းဘီးများအား အင်းစိန်စက်ခေါင်းစက်ရုံသို့ ပို့ဆောင်ကာ မူရင်းဘီးအတွက်အနေအထား တစ်မီတာ ပြန်ကျဉ်းပြီး ထိုမှတစ်ဆင့် ပြန်လည်လဲလှယ်ပြုလုပ်ကာ RBE အကြီးတန်းပြင်စက်ရုံသို့ ဇွန်လပိုင်းက ရောက်ရှိခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

ကြေးမုံစာတည်းရှုထောင့် — ၁၀-၇-၂၀၁၄၊ ကြာသပတေးနေ့

ကျန်းမာရေး အသိရှိရမည်

"ကလေးများ၏နောင်ရေး၊ မိဘတွေကိုစာသင်ပေး" ဟူသည့် ဆောင်ပုဒ်တစ်ခု နိုင်ငံတကာကလေးများနေ့အထိမ်းအမှတ်အဖြစ်ရှိခဲ့ဖူးသည်။ မိဘများဟူသည် ပုခက်လွှဲသောပန်းပျိုးလက်ပိုင်ရှင်များဖြစ်သည်။ "အလိမ္မာစာမှာရှိ" ဆိုစကားကဲ့သို့ တတ်သိလိမ္မာရှိစေရန် မိဘတိုင်း စာတတ်၊ စာဖတ်ဖို့လိုအပ်ကြောင်း ညွှန်းဆိုခဲ့သော ဆောင်ပုဒ်တစ်ခုဖြစ်ပါသည်။ ကလေးများအနာဂတ်ဘဝလှပသာယာရှိစေဖို့ ပဲ့ကိုင်ရှင်များဖြစ်သည့် မိဘနှစ်ပါးက စာပေဗဟုသုတနှင့်ပြည့်ဝနေဖို့လိုအပ်ပါသည်။ ငါးနှစ်အောက်ကလေးများသည် မိဘအုပ်ထိန်းသူများ၏ မေတ္တာရိပ်အောက်မှာ အပြည့်အဝရှိနေသူများဖြစ်နေကြရာ ထိုထိုသော မိဘများ၏ကျန်းမာရေးအသိအမြင်အနိမ့်အမြင့်သည် ထိုကလေးများ၏ဘဝကို အဆုံးအဖြတ်ပေးသွားမည်မှာ အမှန်ဖြစ်ပါသည်။

"ကလေးများကို မိခင်ရင်ခွင်ထဲတွင် နွေးနွေးထွေးထွေးထားခြင်း၊ မိခင်နို့တိုက်ခြင်းတို့ ဆောင်ရွက်လျှင် ငါးနှစ်အောက် ကလေးငယ်သေဆုံးမှုသိသာစွာလျော့ကျစေနိုင်ပါသည်ဟု မှတ်သားဖူးသည်။ မိမိတို့နိုင်ငံတွင် ငါးနှစ်အောက်ကလေးငယ် သေဆုံးမှုစုစုပေါင်း၏ ၄၇ ရာခိုင်နှုန်းမှာ အသက်တစ်လမပြည့်သေးမီအရွယ် ကလေးငယ်များဖြစ်နေကြသည်။ နွေးထွေးမှုနှင့် မိခင်နို့ရည်မရမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်နေကြောင်း ကလေးကျန်းမာရေးဌာနက ထောက်ပြထားသည်။

အသက်ငါးနှစ်အောက်ကလေးသေဆုံးခြင်း ထိန်းချုပ်ရန်အတွက် ကလေးမွေးဖွားပြီး ပထမရက်တစ်ထောင်အတွင်း အာဟာရလုံလောက်စွာစားသုံးခြင်း၊ လက်ကိုဆပ်ပြာဖြင့်ဆေးကြောခြင်းကဲ့သို့ တစ်ကိုယ်ရေသန့်ရှင်းမှုပြုလုပ်ခြင်းတို့ လိုအပ်ကြောင်း သိရသည်။ တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းခြင်းနှင့် အာဟာရမပြည့်ဝခြင်းများကြောင့် မြန်မာနိုင်ငံတွင် ငါးနှစ်အောက်ကလေးတစ်ထောင်လျှင် ၆၆ ဦးမျှ နှစ်စဉ်သေဆုံးနေကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၏စာရင်းများအရ သိရသည်။

၁၉၉၀ ပြည့်နှစ်များက ငါးနှစ်အောက်ကလေးသေဆုံးမှုမှာ ကလေးတစ်ထောင်လျှင် ၁၁၂ ဦးထိရှိခဲ့သည်။ ယခုအခါ ၆၆ ဦးအထိ လျော့ကျသွားသည်။ လာမည့် ၂၀၁၅ တွင် ငါးနှစ်အောက်ကလေးသေဆုံးနှုန်းကို ၃၇ ဦးထိလျော့ကျသွားနိုင်ရန် ရည်ရွယ်ထားကြောင်းသိရသည်။

အချို့သေဆုံးမှုများမှာ ကာကွယ်၍ရနိုင်သည်။ ဥပမာ-လက်ဆေးသည့်အကျင့်လုပ်လျှင် မလိုအပ်ဘဲသေဆုံးမှုများကို ကာကွယ်နိုင်သည်။ လက်ဆေးခြင်းတစ်မျိုးတည်းနှင့် ရောဂါတချို့ကိုကာကွယ်ပေးနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ အသက်ငါးနှစ်အောက်ကလေးများသေဆုံးမှု၏ ၂၅ ရာခိုင်နှုန်းသည် အဆုတ်ရောင်ရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့်ဖြစ်ကြောင်း သိရသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါသည် မိမိတို့နိုင်ငံတွင် ကူးစက်မှုအများဆုံး ဖြစ်ပွားနေသော ရောဂါတစ်ခုဖြစ်သည်။ အထူးသဖြင့် ယခုလိုမိုးဦးလေဦးကာလတွင် ပိုဆိုးသည်။

၎င်းဝမ်းပျက်ဝမ်းလျှောရောဂါသည် သန့်ရှင်းသပ်ရပ်မှုမရှိသော အလေ့အကျင့်၊ လူနေမှုဝန်းကျင်နှင့် ကျန်းမာရေးကောင်းမွန်ရန်အတွက် လုံလောက်သောဆောင်ရွက်မှုမရှိခြင်း၊ စွန့်ပစ်အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့ခြင်း၊ အိမ်သာများ၊ သန့်ရှင်းမှုမရှိသောရေ၊ အစားအသောက်များစသည်များကြောင့်ဖြစ်ရသည်။ ၎င်းအရာအားလုံးသည် ယနေ့ ကျန်းမာရေးဌာနက ဦးဆောင်၍ ဆောင်ရွက်မှုပေးနေသည့် "လက်သန့်၊ အစာသန့်၊ အိမ်သာသန့်၊ ရေသန့်" ဟူသည့် "သန့်လေးသန့်"နှင့်အညီ လူနေမှုအဆင့်ကိုမြှင့်တင်နိုင်ပြီဆိုပါလျှင် ငါးနှစ်အောက်ကလေးကျန်းမာရေးအတွက် ကြီးစွာအထောက်အကူဖြစ်စေပါလိမ့်မည်။

ငါးနှစ်အောက်ကလေးများ၏ ကျန်းမာရေးသည် မိဘများလက်တွင်းမှာလုံးဝတည်မှီလျက်ရှိနေပါသည်။ မိဘများ၏ကျန်းမာရေး အသိမြင့်မားနေမှု၊ လူမှုဘဝမြင့်မားနေမှုက ငါးနှစ်အောက်ကလေးကျန်းမာရေးအတွက် အစစ စိတ်ချနေရမည်မှာ သေချာသည်။ "မရှိတာထက်၊ မသိတာခက်" ဆိုသလို "အသိ" က အရာရာကိုလွှမ်းမိုးနိုင်စွမ်းသည်။ ငါးနှစ်အောက်ကလေးသေဆုံးမှုကို ၁၀၀၀ လျှင် ၃၇ ဦးထိ လျော့ချသွားမည်ဆိုသည့် ၂၀၁၅ ရည်မှန်းချက်သည် ကျန်းမာရေးဌာနတစ်ခုတည်းနှင့် အကောင်အထည်ဖော်ဆောင်၍ ရနိုင်မည်မဟုတ်။ UNICEF ၏ပံ့ပိုးမှုနှင့်လည်း ပြီးပြည့်စုံမည်မဟုတ်။ ထိုကလေးများ၏မိဘတိုင်းက ပူးပေါင်းပါဝင်ပါမှ မိဘတစ်ဦးချင်းစီ၏ ကျန်းမာရေးအသိမြင့်မားနေပါမှ ၎င်းရည်မှန်းချက် ပေါက်မြောက်အောင်မြင်နိုင်ပါလိမ့်မည်။ ကလေးများ၏နောင်ရေးမိဘတွေကို ကျန်းမာရေးအသိပညာပေးဖို့ လိုအပ်ပါသည်။ ။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇူလိုင် ၉

ရန်ကုန်	ရွှေဈေး	၆၇၆၆၀၀	၆၇၇၂၀၀
မန္တလေး	ရွှေဈေး	၆၇၆၂၀၀	၆၇၆၈၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၄၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၄၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	၉၇၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	၁၃၂၅. ၀
(ဂ)	တရုတ်	တစ်ယွမ်	၁၅၆. ၉၀
(ဃ)	ထိုင်း	တစ်ဘတ်	၃၀. ၀၄၅
(င)	မလေးရှား	တစ်ရင်းဂစ်	၃၀၆. ၂၆
(စ)	အိန္ဒိယ	တစ်ရူပီး	၁၆. ၂၈၃
(ဆ)	ဂျပန်	တစ်ရာယန်း	၉၅၈. ၄၃
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	၉၆. ၀၉၉
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	၉၁၅. ၆၄
(ည)	စင်ကာပူ	တစ်ဒေါ်လာ	၇၈၂. ၅၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းများ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၉

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ဦးစီးရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ခြောက်ဘာသာဂုဏ်ထူးရှင်နှစ်ဦးနှင့် ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်တို့က ငါးဘာသာဂုဏ်ထူးရှင်ကိုးဦးတို့အား ပညာရည်ချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ် ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ဝန်ကြီးဌာနအောက်ရှိလုပ်ငန်း၊ ဌာနများမှ ဌာနအကြီးအကဲများနှင့် ဇနီးများက လေးဘာသာနှင့် သုံးဘာသာဂုဏ်ထူးရရှိသူများအားလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ခဲ့ကြသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ထမ်းသားသမီးများမှ ၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၉ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၉ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၀ ၊ တစ်ဘာသာဂုဏ်ထူးရှင် ၈၀ စုစုပေါင်း ၁၅၉ ဦး ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❁ ပြည်ထောင်စုမှ

အခမ်းအနားမစတင်မီ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် သာသနာ့မဟာဗိမာန်တော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ကပ်လှူပြီး ဖူးမြော် ကြည်ညိုသည်။

ထို့နောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတနှင့် ဇနီး အမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်ကြီးများက မေတ္တာသုတ်နှင့် ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညွန့်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်တို့က ဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ဇနီး ဒေါ်ခင်လေးသက်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက် အတုလကာရီဆင်မင်းကျောင်း ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဩဘာသာ ဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီးလှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ကြွရောက်တော်မူကြသည့် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

✱ ဂျပန်မှ

အဆိုပါ ဂျပန်နိုင်ငံမှ အသစ်ထပ်မံရောက်ရှိလာသည့် RBE ရထားအစင်း ၂၀ ၏ ထူးခြားချက်မှာ ယခင် RBE ရထားများကဲ့သို့မဟုတ်ဘဲ ရထားအစင်းတိုင်းတွင် မောင်းနှင်စနစ်များပါဝင်ကာ အခြားတွဲများအား ချိတ်ဆက်ပြေးဆွဲပေးနိုင်သကဲ့သို့ ကိုယ်တိုင်လည်း တစ်စင်းတည်း ပြေးဆွဲပေးနိုင်ကြောင်း သိရသည်။

မြန်မာ့မီးရထားလုပ်ငန်းအင်ဂျင်နီယာမှူး (မြို့ပြရုံး)၊ တိုင်း(၇) ရန်ကုန်မှ မန်နေဂျာ (သွားလာရေး/တိုင်း) ဦးကျော်စိုးလင်းက “ကျွန်တော်တို့ဆီက လက်ရှိရထားလမ်းနဲ့ အဆင်ပြေအောင်ပြန်လည်ပြုပြင်မွမ်းမံနေရပါတယ်၊ ဒီကရထားလမ်းကကျဉ်းတော့ ပြန်လုပ်ရမယ်လေ၊ ရထားပြေးဆွဲတဲ့အခါမှာလည်း အပေါ် Hight တံတားလွတ်အောင် ပြန်ပြုပြင်ရပါမယ်၊ ပြုပြင်မွမ်းမံမှုတွေ ပြီးသွားရင်တော့ မြို့ပတ်ထဲအချို့ထည့်မယ်၊ အချို့ကို အဝေးပြေးအတွက်လည်း စီမံထားပါတယ်” ဟု ပြောခဲ့သည်။

လောလောဆယ် RBE အကြီးတန်းပြင်စက်ရုံမှ ဝန်ထမ်း ၆၀ တို့ဖြင့် စုပေါင်းဆောင်ရွက်နေသော RBE ရထားအစင်း ၂၀ ပြုပြင်မွမ်းမံဆောင်ရွက်နေမှုများအတွင်း ရထားစီးခရီးသည်များအန္တရာယ် လုံခြုံစိတ်ချနိုင်ကြစေရေးနှင့် ရထားကြံ့ခိုင်ရေးအတွက် အင်ဂျင်စစ်ဆေးခြင်း၊ အဲကွန်းများ ပြုပြင်ဆောင်ရွက်ခြင်း၊ ရထားအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ မှေးမှိန်နေသော ဆေးများအား ပြန်လည်ပါးပါးသုတ်ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိနေရာ ပြုပြင်မွမ်းမံဆောင်ရွက်ပြီးစီးသော အဲကွန်းမပါသည့် RBE ရထား ရိုးရိုး ၁၀ စင်းအား ရန်ကုန်-ပဲခူးရထားလမ်းပိုင်း၌ စမ်းသပ်ပြေးဆွဲပြီးသွားပြီဖြစ်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ အပ်နှံလိုက်ပြီဖြစ်ကြောင်း RBE အကြီးတန်းပြင်စက်ရုံမှတစ်ဆင့် သိရသည်။

လက်ရှိအနေအထားအရ မြန်မာ့မီးရထားလုပ်ငန်းမှ ဆောင်ရွက်ပြေးဆွဲပေးနေသော ရန်ကုန်မြို့ပတ်ခရီးစဉ်အတွင်း စက်ခေါင်းများနှင့် ချိတ်ဆက်ပြေးဆွဲပေးနေသည့် ရထားကြီးတွဲဆိုင်း ၁၆ ဆိုင်းအား တွဲအရေအတွက် ၈၄ တွဲဖြင့် လည်းကောင်း၊ RBE အဲကွန်းအထူးရထားတွဲဆိုင်း တစ်ဆိုင်းနှင့် တွဲအရေအတွက် ငါးတွဲ အပါအဝင်ဖြစ်သော RBE ရထားတွဲဆိုင်း ခုနစ်ဆိုင်းအား တွဲအရေအတွက် ၂၃ တွဲဖြင့် လည်းကောင်း အသီးသီးပြေးဆွဲပေးလျက်ရှိရာ စုစုပေါင်းရထားတွဲဆိုင်း အရေအတွက် ၂၃ ဆိုင်းအား တစ်ရက်လျှင် အခေါက်ရေ ၂၁၅ ခေါက် ပြေးဆွဲလျက်ရှိကြောင်းနှင့် ရထားစီးခရီးသည် ဦးရေမှာ တစ်ရက်လျှင် ရှစ်သောင်းခွဲဝန်းကျင်ထိ တိုးတက်လာခဲ့ကြောင်း မြန်မာ့မီးရထားမှ စုံစမ်းသိရသည်။ **(စိုးဝင်း-MLA)**

နတ်တလင်းတွင် နွေစပါးပုလဲသွယ်စံကွက် ရိတ်သိမ်း

နတ်တလင်း ဇူလိုင် ၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ပဲမခမ်းကျေးရွာအုပ်စု ပဲမခမ်းကျေးရွာ တောင်သူဦးငွေဇော်၏ ပုလဲသွယ်စံပြကွက် ငါးဧကအား စံကွက်ရိတ်သိမ်းခြင်းကို ဇူလိုင် ၉ ရက် နံနက် ၈ နာရီက ကျင်းပရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်မြတ်သူ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းနု၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသော တောင်သူများ တက်ရောက်ကြပြီး စံကွက်ရိတ်သိမ်းရာ တစ်ဧက ၁၄၅ တင်းထွက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



အင်ဒိုနီးရှား၌ သမ္မတရွေးကောက်ပွဲကျင်းပ သမ္မတလောင်းနှစ်ဦးစလုံးက အနိုင်ရသည်ဟု ကြေညာ

ဂျာဗားကျွန်းအလယ်ပိုင်း၌ တာဝန်ထမ်းဆောင်နေကြသော အထွေထွေရွေးကောက်ပွဲကော်မရှင် အရာရှိများကို တွေ့ရစဉ်။

ဂျကာတာ ဇူလိုင် ၉

အင်ဒိုနီးရှား သမ္မတရွေးကောက်ပွဲ၌ မဲရုံများ ပိတ်အပြီး နာရီပိုင်းအကြာမှာပင် သမ္မတလောင်းနှစ်ဦးစလုံးတို့က မိမိအနိုင်ရရှိသည်ဟု အပြန်အလှန် ထုတ်ပြန်ကြေညာခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ဇူလိုင် ၉ ရက်က ကျင်းပသော တတိယအကြိမ် သမ္မတရွေးကောက်ပွဲ၌ သမ္မတလောင်းနှစ်ဦးစလုံးတို့က အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။ တရားဝင်မဲရလဒ်ကို ထုတ်ပြန်နိုင်ရန် ရက်သတ္တပတ်အတန်ကြာ သို့မဟုတ် လအတန်ကြာ အချိန်ယူရမည်ဖြစ်သော်လည်း ရှေ့ပြေးရွေးကောက်ပွဲရလဒ်အရ ရွေးကောက်ပွဲတွင် အောင်ပွဲခံကြောင်း အပြိုင်အဆိုင် ထုတ်ပြန်ကြေညာခဲ့ကြသည်။

ရွေးကောက်ပွဲ၌ မိမိအောင်ပွဲခံမည်ဟု ယုံကြည်ကြောင်း ဂျိုကိုဝီဒိုဒိုက ပြောကြားသည်။ အသက် ၅၃ နှစ်ရှိ ဂျိုကိုသည် ဂျကာတာ အုပ်ချုပ်ရေးမှူးဖြစ်သည်။ အင်ဒိုနီးရှား ဒီမိုကရေစီအရေး ကြိုးပမ်းလှုပ်ရှားမှုပါတီမှ ပါဝင်ယှဉ်ပြိုင်သူဂျိုကို၏ပြိုင်ဘက်မှာအထက်တန်းစစ်အရာရှိဟောင်း ပရာဘိုဝိုဖြစ်သည်။ အသက် ၆၂ နှစ်ရှိ ပရာဘိုဝိုသည် ဒုတိယဗိုလ်ချုပ်ကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံရေးသမားတစ်ဦးအဖြစ် လှုပ်ရှားခဲ့ကာ မဟာအင်ဒိုနီးရှားလှုပ်ရှားမှု ပါတီမှ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ရွေးကောက်ပွဲ၌ သမ္မတလောင်းနှစ်ဦးစလုံးတို့က အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းတွင်ဖော်ပြသည်။

လက်ရှိသမ္မတ ဆူစီလို ဘမ်ဘန်း ယူဒိုယိုနိုသည် သမ္မတရာထူး၌ တတိယမြောက် သက်တမ်းအတွက်ဆက်ခံရန် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပိတ်ပင်ခံရသူဖြစ်သည်။

ရိုက်တာ။

မြို့တော် နယူးဒေလီနှင့် အဂ္ဂရာ ဆက်သွယ်သော ရထားလမ်းပိုင်း၌ အမြန်နှုန်း စံချိန်တင်ခဲ့သည့် အမြန်ရထားကို တွေ့ရစဉ်။

အိန္ဒိယရထားလုပ်ငန်း ခေတ်မီတိုးတက်စေရေး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးရန် အဆိုပြု

နယူးဒေလီ ဇူလိုင် ၉

အိန္ဒိယနိုင်ငံ၏ နိုင်ငံပိုင် ရထားလုပ်ငန်း ခေတ်မီတိုးတက်လာစေရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုပေးရန် ရထားလုပ်ငန်း ဝန်ကြီးသစ် ဆန်ဒါနန်ဒါ ဂိုဒါက အဆိုပြုလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ၌ အမြန်ရထားများ၏ ကွန်ရက်တစ်ခုကို တည်ဆောက်နိုင်ရန် ရထားလုပ်ငန်းဝန်ကြီး ဂိုဒါက အဆိုပြုလိုက်သည်။ အိန္ဒိယ ဝန်ကြီးချုပ်သစ် နရိန္ဒြာမိုဒီ၏ ဇာတိရပ်မြေ ဂူဂျာရတ်ပြည်နယ်နှင့် ဘဏ္ဍာရေးအချက်အချာမြို့ကြီးဖြစ်သော မွမ်ဘိုင်းမြို့တို့ကို ဆက်သွယ်သည့် ကျည်ဆန်အမြန်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းတစ်ရပ်လည်းပါဝင်သည်။ မွမ်ဘိုင်းမြို့သည် မဟာရာရှကြာ ပြည်နယ်၌ တည်ရှိသည်။

ဝန်ကြီးချုပ်မိုဒီသည် သက်တမ်း ၁၆၁နှစ်ရှိ ရထားလုပ်ငန်းကို ခေတ်မီတိုးတက်လာစေရေးအတွက် အစီအစဉ် ရေးဆွဲဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။

မွမ်ဘိုင်း-အမီဒါဘတ် ရထားလမ်းပိုင်း၌ ကျည်ဆန်ရထား ခုတ်မောင်းနိုင်ရေးအတွက် ဖြစ်တန်ခြေ လေ့လာမှုများကို ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ထိုစဉ်အတွင်း မြို့တော်နယူးဒေလီနှင့် အဂ္ဂရာမြို့တို့ကို ဆက်သွယ်သော ရထားလမ်းပိုင်း၌ ဇူလိုင် ၃ ရက်က အမြန်ရထား စမ်းသပ်ခုတ်မောင်းမှု ပြုလုပ်ခဲ့ရာတွင် အမြန်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ (မိုင် ၁၀၀) ဖြင့် စံချိန်တင်ခဲ့ကြောင်း သိရသည်။ ယင်းမြို့ကြီးနှစ်မြို့မှာ ကီလိုမီတာ ၂၀၀ ကွာဝေးပြီး ခုတ်မောင်းချိန် မိနစ် ၉၀ ရှိသည်။ **ပီတီအိုင်။**

အတ္တလန္တိတ်နှင့် ပစိဖိတ် ဆက်သွယ်မည့် တူးမြောင်းလမ်းကြောင်း နီကာရာဂွာ ရွေးချယ်ပြီးဟုဆို

မာနားဂွား ဇူလိုင် ၉

အတ္တလန္တိတ်သမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာနှစ်စင်းကို ဆက်သွယ်မည့် တူးမြောင်းတစ်ခု ဖောက်လုပ်ရန် အစီအစဉ်၏ နောက်ကွယ်မှ ကုမ္ပဏီနှင့် နီကာရာဂွာ အစိုးရတို့သည် တူးမြောင်းလမ်းကြောင်းကို ရွေးချယ်ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း မကြာသေးမီက ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

ကရစ်ဘီယံရှိ ပန်တာရိုဒါမှ နီကာရာဂွာကန်ကိုဖြတ်သန်းပြီး ဘရီတိုမြစ်ဝအထိ ၂၇၈ ကီလိုမီတာ (၁၇၃ မိုင်)ရှည်လျားသည်။

စိုးရိမ်

ပနားမားတူးမြောင်းကို ပြိုင်ဆိုင်ရန်အတွက် အဆိုပါ တူးမြောင်းကို ဖောက်လုပ်ရန် အစီအစဉ်အပေါ် သဘာဝပတ်ဝန်းကျင် ဝါဒီများက စိုးရိမ်ပူပန်ကြောင်း ပြောကြားသည်။

အမေရိကန် ဒေါ်လာဘီလီယံ ၄၀ တန်ဖိုးရှိသော စီမံကိန်းကို ယခုနှစ်တွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း နီကာရာဂွာ က ပြောသည်။

၎င်းတူးမြောင်းသည် ၂၃၀ မီတာနှင့် ၅၂၀ မီတာအကြား ကျယ်ပြန့်ပြီး ၂၇ ဒသမ ၆ မီတာနက်ကြောင်း ဟောင်ကောင် အခြေစိုက် အိတ်ချ်ကေအန်ဒီအုပ်စုမှ အင်ဂျင်နီယာများက ပြောသည်။

ရွေးချယ်

ဇီဝမျိုးစုံလင်သော နယ်မြေများ၊ တိုင်းရင်းသားတို့၏ နယ်မြေများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်စောင့်ရှောက်ထားသော ကျွန်းများကို ရှောင်တိမ်း၍ လမ်းကြောင်းရွေးချယ်ထားခြင်းဖြစ်ကြောင်း နီကာရာဂွာက ပြောသည်။

အရေးကြီးဆုံးဖြစ်သော ရေချိုအရင်းအမြစ်လည်းဖြစ် အလယ်ပိုင်း အမေရိက၏ အကြီးမားဆုံးကန်လည်းဖြစ်သော နီကာရာဂွာကန်အပေါ် သက်ရောက်လာမည့် အကျိုးကို စိုးရိမ်ပူပန်ကြောင်း သဘာဝပတ်ဝန်းကျင်ဝါဒီများကပြောသည်။

ဘီဘီစီ။

နီကာရာဂွာနိုင်ငံက ဖောက်လုပ်မည့် တူးမြောင်းလမ်းကြောင်း တည်ရှိမှု သရုပ်ပြမြေပုံကို တွေ့ရစဉ်။

ဘဂ္ဂဒက်အနီးရှိ ဓာတုလက်နက်သိုလှောင်ရုံကို ဆွန်နီစစ်သွေးကြွအုပ်စုက သိမ်းပိုက်ခဲ့

နယူးယောက် ဇူလိုင် ၉

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်အနီးရှိ ဓာတုလက်နက်သိုလှောင်ရုံတစ်ခုမှ လက်နက်များကို ဆွန်နီစစ်သွေးကြွအုပ်စုက သိမ်းပိုက်ခဲ့ကြောင်း၊ သို့ရာတွင် ယင်းလက်နက်များ၏ ဘေးအန္တရာယ်ပေးနိုင်မှုမှာ အလွန်နည်းပါးကြောင်း အမေရိကန် ကျွမ်းကျင်သူပညာရှင် များက ဇူလိုင် ၉ ရက်တွင် ပြောကြားကြသည်။

သိမ်းပိုက်

အီရတ်နှင့် ဆီးရီးယားဆိုင်ရာ အစ္စလာမ္မစ် နိုင်ငံတော် ထူထောင်ရေးအဖွဲ့ အမည်ရှိ စစ်သွေးကြွအုပ်စုသည် ဇွန် ၁၁ ရက်က မူသန်နာမြို့ရှိ ဓာတုလက်နက် သိုလှောင်ရုံကို သိမ်းပိုက်ခဲ့ကြောင်း ကုလသမဂ္ဂ၌ ဇူလိုင် ၈ရက်က ဖြန့်ဝေလိုက်သော စာတစ်စောင်တွင် ဖော်ပြထားသည်။

မြို့တော် ဘဂ္ဂဒက်အနောက်တောင်ဘက် ၃၅ မိုင်ခန့်အကွာရှိ ဓာတုလက်နက် သိုလှောင်ရေးစခန်းသည် တစ်ချိန်တစ်ခါက ဆက်ဒမ်ဟူစိန်၏ ကြည်းတပ်က ထိန်းချုပ်ခဲ့သော သိုလှောင်ရုံဖြစ်သည်။ ယင်းသိုလှောင်ရုံ၌ အာရုံကြော ထိခိုက်စေနိုင်သော အဆိပ်ဓာတ်ငွေ့နှင့် အရေပြား ထိခိုက်စေနိုင်သော အဆိပ်ဓာတ်ငွေ့တို့ဖြင့် တိုက်ခိုက်နိုင်ရန် အသုံးပြုနိုင်သော ရော့ကက်ဗုံးကျည် ၂၅၀၀ ရှိသည် ဟု ယူဆရသည်။

အားပျော့

သို့ရာတွင် ကာလသက်တမ်းကြာရှည်မှုကြောင့် ဓာတုလက်နက်၏ အာနိသင်မှာ အားပျော့နေပြီဖြစ်ရာ ဘေးအန္တရာယ် ဆိုးဆိုးရွားရွား ဖြစ်စေနိုင်သော လက်နက်အဆင့် မဟုတ်ကြောင်း ကျွမ်းကျင်သူပညာရှင်များက ပြောကြားကြသည်။

အီရတ်၌ ဆွန်နီစစ်သွေးကြွအုပ်စုက ဓာတုလက်နက် သိုလှောင်ရေးစခန်းကို ထိန်းချုပ်ခဲ့ကြကြောင်း၊ ယင်းဓာတုလက်နက်သိုလှောင်ရေးစခန်း၌ စောင့်ကြပ်နေသော စစ်သည်များကို စစ်သွေးကြွများက ထိန်းသိမ်းခဲ့ကြောင်း ကုလသမဂ္ဂဆိုင်ရာ အီရတ် သံအမတ်ကြီး မိုဟာမက်အလီ အယ်လ်ဟာစင်က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းထံ ပေးပို့သော စာတွင် ဖော်ပြသည်။

ရိုက်တာ။

မြေပြင်ထိုးစစ်ကြီး ဆင်နွှဲရန် အစ္စရေးစစ်သည် ၄၀၀၀၀ အသင့်ရှိ

ဂျေရုဆလင် ဇူလိုင် ၉

ပါလက်စတိုင်းတို့နှင့် တင်းမာမှုများ ဖြစ်ပေါ်နေချိန်အတွင်း စစ်သည် ၄၀၀၀၀ အား စစ်ရေးအရ အသင့်ပြင်ဆင်ထားရန် အစ္စရေးကြည်းတပ်က စီစဉ်လျက်ရှိကြောင်း၊ အစ္စရေးကြည်းတပ်သည် နှစ်နှစ်နီးပါးတာ ကာလအတွင်း အကြီးကျယ်ဆုံးသော ထိုးစစ်တစ်ရပ်ကို စတင်ဆင်နွှဲလျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၉ရက်တွင် သတင်းထုတ်ပြန်သည်။

တဲလ်အဗစ်၊ ဂျေရုဆလင်နှင့် ဟိုင်ဖာမြို့တို့ကိုပစ်မှတ်ထား၍တိုက်ခိုက်မည်ဟု ပါလက်စတိုင်း ဟားမားစ်အဖွဲ့က ပြောကြားခဲ့သည်။ အစ္စရေးနိုင်ငံ၏ မြေထဲပင်လယ်ကမ်းရိုးတန်းဒေသ၌ နေထိုင်ကြသော ပြည်သူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းခိုလှုံစေခဲ့သည်။

အစ္စရေးလေတပ်က ပါလက်စတိုင်း ပစ်မှတ်အဖြစ် နေရာပေါင်း ၁၆၀ ကို ညလုံးပေါက် တိုက်ခိုက်ခဲ့ရာပါ လက်စတိုင်း ၂၀ကျော် သေဆုံးခဲ့ရသည်။

မျှော်လင့်ရ

အစ္စရေးကြည်းတပ်သည် ပါလက်စတိုင်းတို့၏ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်ဆိုင်းနိုင်စေရန် မြေပြင်ထိုးစစ်ကြီး ဆင်နွှဲသွားမည်ဟု မျှော်လင့်ရသည်။

အစ္စရေးလူငယ်သုံးဦး အသတ်ခံရမှုအတွက် လက်စားချေမှုအဖြစ် ယူဆရသော လုပ်ဆောင်ချက်အဖြစ် အသက် ၁၆နှစ်အရွယ် ပါလက်စတိုင်း ဆယ်ကျော်သက်ရွယ် လူငယ်တစ်ဦး ရက်စက်ကြမ်းကြုတ်စွာ အသက်ခံခဲ့ရပြီးနောက် တင်းမာမှုများ ဖြစ်ပေါ်လာခဲ့သည်။

ရိုက်တာ။

အာရှ-ဥရောပနိုင်ငံများဆိုင်ရာ အဆင့်မြင့် ဘာသာရေးနှင့်ယဉ်ကျေးမှု အပြန်အလှန်ဆွေးနွေးပွဲသို့ သီတဂူဆရာတော်ကြီး တက်ရောက်ခဲ့

နေပြည်တော် ဇူလိုင် ၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ ဗောရစ်ယဲ့ဆင် သမ္မတစာကြည့်တိုက် အဆောက်အအုံ၌ ဇူလိုင်၃ ရက် မှ ၄ ရက်အထိ အာရှ-ဥရောပနိုင်ငံများဆိုင်ရာ အဆင့်မြင့် ဘာသာရေးနှင့်ယဉ်ကျေးမှု အပြန်အလှန်ဆွေးနွေးပွဲကို ကျင်းပရာ သီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။**(အပေါ်ပုံ)**

ယင်းဆွေးနွေးပွဲကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၃၅ နိုင်ငံမှ ဝန်ကြီးများ၊ ဘာသာရေးခေါင်းဆောင်ကြီးများ၊ သံအမတ်ကြီးများနှင့် ပညာရှင်များ စုစုပေါင်း ၂၀၀ခန့် တက်ရောက်ပြီး အပြန်အလှန် ဆွေးနွေးမှုများနှင့် ဖတ်ကြားတင်သွင်းမှု အကြောင်းအရာပေါင်း ၅၀ ပြုလုပ်ခဲ့ကြသည်။

ဆရာတော်ကြီးနှင့်အတူ မြန်မာသံအမတ်ကြီး၏ဇနီး ဒေါ်ခင်မာမာလင်း ဦးဆောင်သော ကိုယ်စားလှယ် (၁၀) ဦးတက်ရောက်ကြပြီး သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရက ဆွေးနွေးပွဲသို့ တက်ရောက်လာသော ရုရှားယဉ်ကျေးမှုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အခြားနိုင်ငံများမှ ဝန်ကြီးများ၊ ဘာသာရေးခေါင်းဆောင်များနှင့်အတူ ဆွေးနွေးပွဲ သဘောတူညီချက်များ ချမှတ်ပြီး မှတ်တမ်းတင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ ယင်းနောက် ဆရာတော်ကြီးသည် ဇူလိုင် ၃ ရက် မွန်းလွဲ ၁ နာရီတွင် **"ဘာသာရေးသည် ငြိမ်းချမ်းရေးအတွက်"** ခေါင်းစဉ်ဖြင့် မိန့်ခွန်းမြွက်ကြားခဲ့သည်။

ဇူလိုင် ၄ ရက်တွင် ဆွေးနွေးပွဲ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပရာ နိုင်ငံအလိုက်မှ ဝန်ကြီးများ၊ ကိုယ်စားလှယ်များ၊ ဘာသာရေးခေါင်းဆောင်များက ဆရာတော်ကြီးအား သီးခြားဂါရဝပြု တွေ့ဆုံခဲ့ကြပြီး ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာများအား ရင်းနှီးပွင့်လင်းစွာ နှီးနှောဖလှယ်ခဲ့ကြသည်။

ယင်းနောက် အာရှ-ဥရောပနိုင်ငံများဆိုင်ရာ အဆင့်မြင့်ဘာသာရေးနှင့် ယဉ်ကျေးမှု အပြန်အလှန်ဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို မွန်းလွဲပိုင်းတွင် ကျင်းပရာ ရုရှားယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Konstantin Shuvalov, Ambassador-at-large, Ministry of Foreign Affairs of the Russian Federation တို့က ဆွေးနွေးပွဲတွင် ရရှိခဲ့သောစုပေါင်းသဘောတူညီချက်များအား ရှင်းလင်းဖတ်ကြားခဲ့သည်။

အခမ်းအနားအပြီးတွင် ရုရှားယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက သီတဂူဆရာတော်ကြီးအား ဂါရဝပြုတွေ့ဆုံခဲ့ပြီး ရုရှားနိုင်ငံတွင် ဗုဒ္ဓဘုရားရှင် သာသနာတော် ထွန်းကားသည့် ယဉ်ကျေးမှုဘာသာရေးနယ်မြေများဖြစ်သည့် ကာမေးကီးယားဒေသများသို့ လာရောက်လေ့လာနိုင်ပါရန် အထူးဖိတ်ကြားပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခြေအနေများမှာ အထူးပင်အားရကျေနပ်စရာကောင်းပါကြောင်း၊ ဗုဒ္ဓဘာသာ တရားထွန်းကားသည့်အချက်က မြန်မာနိုင်ငံ၏ဂုဏ်ကို မြင့်တက်စေပါကြောင်းစသဖြင့် လျှောက်ထားခဲ့ရာ ဆရာတော်ကြီးကလည်း မြန်မာနိုင်ငံယဉ်ကျေးမှုနှင့် ဘာသာတရားတော်များအားလေ့လာနိုင်ရန် မြန်မာနိုင်ငံသို့ လာရောက်ပါရန် ဖိတ်ကြားပါကြောင်းဖြင့် မိန့်ကြားခဲ့သည်။ အလားတူ ဆရာတော်ကြီးအား ဘာသာပေါင်းစုံမှ ကိုယ်စားလှယ်များက ဂါရဝပြုတွေ့ဆုံ ဖိတ်ကြားခဲ့သည်။

ဆက်လက်ပြီး ဆရာတော်ကြီးအား ယခုနှစ်စက်တင်ဘာလတွင် တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ ဘာသာရေးညီလာခံသို့ တက်ရောက်ရန် တောင်ကိုရီးယားနိုင်ငံကိုယ်စားလှယ်များက လာရောက်လျှောက်ထား ဖိတ်ကြားကြသည်။

ထို့ပြင် ရုရှားနိုင်ငံ Russians' Media Union မှ အဖွဲ့ဝင်ဖြစ်သူ Russian travel and culture industry magazine ၏ ဥက္ကဋ္ဌနှင့် အယ်ဒီတာချုပ်တို့က ဗုဒ္ဓဘာသာ တရားအကြောင်းအရာများအား အင်တာဗျူး အစီအစဉ်အဖြစ်မေးမြန်း၍ Russian Media များတွင် ထည့်သွင်းဖော်ပြခွင့်တောင်းခံရာ သီတဂူဆရာတော်ကြီးက ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ အလားတူပင် ဆရာတော်ကြီး၏မိန့်ခွန်းများအား ရုရှားနိုင်ငံ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ ဂျာနယ်များတွင်လည်း ရိုက်နှိပ်ဖော်ပြရန် ခွင့်ပြုထားကြောင်း သိရသည်။

ဆရာတော်ကြီးသည် ရုရှားနိုင်ငံခရီးစဉ်အတွင်း မြန်မာပညာတော်သင်ကျောင်းသားများအား တရားရေအေးတိုက်ကျွေးခဲ့ကြောင်းနှင့် EurAsia Heart foundation's မှ Professor Paul Vogt, president of foundation က မြန်မာနိုင်ငံအတွင်းကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များအတွက် ဆရာတော်ကြီးနှင့် ပူးပေါင်းဆောင်ရွက်ရန် လျှောက်ထားခဲ့ပြီးဆရာတော်ကြီးက လိုအပ်သည်များကို ကူညီစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် မိန့်ကြားခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

သတင်းအချက်အလက်နှင့် စာပို့ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးရန် ဂျပန်နိုင်ငံက နည်းပညာများကူညီလျက်ရှိ

ရန်ကုန် ဇူလိုင် ၉

သတင်းအချက်အလက်နှင့် စာပို့ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် နည်းပညာများ ကူညီပံ့ပိုးလျက်ရှိကြောင်း ဂျပန်နိုင်ငံ သတင်းအချက်အလက်နှင့် ပြည်တွင်းရေးရာဝန်ကြီးဌာန (MIC) နှင့် မြန်မာနိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သောနားလည်မှုစာချွန်လွှာအရ သိရသည်။

သတင်းအချက်အလက်နှင့် စာပို့ဝန်ဆောင်မှုလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်လျက်ရှိသော ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏သတင်းအချက်အလက်နှင့် စာပို့ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကျွမ်းကျင်ဝန်ထမ်းများဖြင့် နည်းပညာအကူအညီများပေးလျက်ရှိသည်။

ထို့အပြင် အဆိုပါလုပ်ငန်းနှင့်တွဲဖက်လျက် ငွေစုငွေချေးနှင့် အာမခံလုပ်ငန်းများပါဝင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်ပစ္စည်းပို့ဆောင်ခြင်းလုပ်ငန်းများနှင့် ဒေသထွက်ပစ္စည်းများကို အခြားဒေသသို့ ပို့ဆောင်ပေးသောလုပ်ငန်းများ (Delivery Services) ကိုပါ ဖွံ့ဖြိုးတိုးတက်လာစေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် စာပို့ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ၂၀၁၃ မေလမှစတင်၍ မြန်မာ-ဂျပန် အဆင့်မြင့်အရာရှိကြီးများ တွေ့ဆုံဆွေးနွေးခဲ့ပြီး ၂၀၁၄ ဧပြီလတွင် ဂျပန်နိုင်ငံ (MIC)မှ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ ကျွမ်းကျင်ဝန်ထမ်းများစေလွှတ်ပြီး နည်းပညာသင်တန်းများပို့ချပေးလျက်ရှိကြောင်းသိရသည်။

အဆိုပါပူးပေါင်းဆောင်ရွက်မှုကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှဝန်ထမ်းများဖြင့် စတင်ဆောင်ရွက်လျက်ရှိပြီး စာပို့ဝန်ဆောင်မှုလည်းတိုးမြှင့်ဆောင်ရွက်ရန် ဈေးကွက်ကြော်ငြာများဖြင့် ပူးပေါင်းကူညီပေးသွားမည်ဟု သိရသည်။

သတင်းအချက်အလက်နည်းပညာနှင့် စာပို့ဝန်ဆောင်မှု လုပ်ငန်းများအပြင် ဆက်စပ်လုပ်ငန်းများ၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို တွင်ကျယ်စွာဆောင်ရွက်နိုင်ပါက မြန်မာနိုင်ငံ၏ ကျေးလက်ဖွံ့ဖြိုးမှုစီမံကိန်းများကို များစွာအထောက်အပံ့ရစေမည်ဖြစ်သည်။

(သတင်းစဉ်)

ကွမ်းလုံတွင် ပုလဲသွယ်(စပ်မျိုး) မျိုးစပါး၊ သိပ္ပံနည်းကျ ပျိုးထောင်

ကွမ်းလုံ ဇူလိုင် ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွမ်းလုံမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ ပုလဲသွယ် (စပ်မျိုး) မျိုးစပါး ရာသီအချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားရှိမှု အခြေအနေကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးငွေးလွင်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသိန်းဇော်လွင်တို့သည် တစ်ဆက်တစ်စပ်တည်း ပုလဲသွယ် ဧက ၅၀ စိုက်ပျိုးရန်အတွက် ကွင်းအမှတ်(၁၂)၊ ဦးပိုင်အမှတ်(၆၅) တောင်သူ ဦးရန်စံယွီး၏ လယ်မြေ၌ သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားရှိမှု အခြေအနေအား ကွင်းဆင်းဆောင်ရွက်အားပေးခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ပူပန်မှုတွေ ငြိမ်းစေသား

အောင်ထွန်း(မြန်မာ)

ကမ္ဘာ့ကုလသမဂ္ဂက ၂၀၀၈ ခုနှစ်အား The Year of Bottom Billion ဟုသတ်မှတ်ခဲ့သည်။ ဆိုလိုရင်းမှာ ကမ္ဘာ့အောက်ခြေအဆင့် ဆင်းရဲသားများအား အထူးအလေးပေးရေးအတွက် ကမ္ဘာမှအာရုံထားလာစေရေး ကြိုးပမ်းဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ နိုင်ငံတကာ၌ ဖွံ့ဖြိုးမှုနောက်ကျနေသော နိုင်ငံများအတွက် အရေးကြီးလာသော ကိစ္စမှာလည်း ဖွံ့ဖြိုးမှုနောက်ကျနေသော လူတန်းစားများနှင့် ၎င်းတို့၏ ရွှေ့ပြောင်းအလုပ်သမားများအရေးဖြစ်ပါသည်။ မြန်မာနိုင်ငံ၌ ခေတ်အဆက်ဆက်က ထိုင်းနိုင်ငံသို့သွားရောက်အလုပ်လုပ်ကိုင်ခဲ့သော ရွှေ့ပြောင်းအလုပ်သမားများ ရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အများစုမှာ တရားမဝင်ဖြစ်ခဲ့ရပါသည်။ တရားမဝင်မှုနှင့်အတူ အလုပ်သမားရေးရာ ကိစ္စများ၌လည်း ထဲထဲဝင်ဝင်ဆောင်ရွက်ခွင့်မရခြင်း၊ တန်းတူအခွင့်အရေးမရခြင်း၊ အနိုင်ကျင့်ခံရခြင်းတို့ ဖြစ်ပွားခဲ့သည်။

လုပ်ကိုင်ခဲ့ကြသော်လည်း လုံလောက်သည့် အရင်းအနှီးစုဆောင်းမိသူနည်းပါးလှသည်။ မိမိတို့နေရပ်တွင် ဝင်ငွေနည်းပါးသောကြောင့် ပြည်ပတွင် အလုပ်လုပ်ကိုင်ရှာဖွေနိုင်ပါက ဆင်းရဲတွင်းမှ လွတ်မြောက်မည်ဟု မျှော်လင့်ချက်ကြီးကြီးမားမားထားခဲ့ကြသည်။

သို့သော် လက်တွေ့၌ ရွှေ့ပြောင်းအလုပ်သမားများကို ပွဲစားများ၊ အလုပ်ရှင်များက နည်းမျိုးစုံဖြင့် ခေါင်းပုံဖြတ်ခြင်းကို ခံခဲ့ကြရသည်။ ယခင်က အလုပ်သမားကတ်ရရှိရေးအတွက်ကိုပင် ထိုင်းဘတ်ငွေနှစ်သောင်းမှ သုံးသောင်းအကြား ကုန်ကျခံရသည့်အပြင် အာမခံချက်မှာ နည်းလွန်းလှပါသည်။ အလုပ်ရှင်တို့မှ အလုပ်သမားကတ်များကို သိမ်းဆည်းထားခြင်း၊ လုပ်ခလစာများပုံမှန် မရရှိခြင်း၊ လုပ်ခများအနှိမ်ခံရခြင်းအပြင် အချို့ တရားမဝင် ရွှေ့ပြောင်းအလုပ်သမားများသည် ထိုင်းရဲများကို မျက်နှာချိုသွေး ပေးကမ်းနေရခြင်းများဖြင့် ကျီးလန့်စာစားသကဲ့သို့ လုပ်ကိုင်ခဲ့ကြရပါသည်။

ခေါင်းဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၃ ရက်မှ ၅ ရက်အထိ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းနိုင်ငံသို့ရောက်ရှိစဉ် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် General Tanasak Patimapragorn နှင့် တွေ့ဆုံခဲ့ပြီး ထိုင်းနိုင်ငံရေးကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်မှုကိစ္စများအပြင် ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများနှင့်ပတ်သက်၍တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာအလုပ်သမားများအနေဖြင့် စိုးရိမ်ပူပန်မှုများရှိနေပါကြောင်း၊ မိမိတို့အနေဖြင့်လည်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Tanasak Patimapragorn တို့ တွေ့ဆုံဆွေးနွေးစဉ်။

ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ General Siri Chai တို့ မြန်မာအလုပ်သမားတစ်ဦးထံ အလုပ်သမားမှတ်ပုံတင်ကတ်ပြား ထုတ်ပေးနေစဉ်။

သမ္မတဦးသိန်းစိန် ဦးဆောင်သော ဒီမိုကရေစီအစိုးရသစ်လက်ထက်၌မူ ထိုင်းနိုင်ငံသို့ရောက်ရှိနေသော ရွှေ့ပြောင်း အလုပ်သမားများအရေးကို အလေးထားဆောင်ရွက်ခဲ့သည်။ အောင်မြင်မှုများလည်း ရရှိခဲ့သည်။ သို့သော် ထိုင်းနိုင်ငံအတွင်း မကြာသေးမီက ဖြစ်ပွားခဲ့သောနိုင်ငံရေးအကျပ်အတည်းများနှင့်အတူ အိမ်နီးချင်းနိုင်ငံများနှင့် ရွှေ့ပြောင်းအလုပ်သမားများအရေးသည်လည်း အကျပ်အတည်းတစ်ခုသို့ ဦးတည်လာခဲ့ပါသည်။

ထိုင်းအစိုးရ အာဏာပိုင်များက ဖမ်းဆီးမည်ကို စိုးရိမ်သောကြောင့် ဇွန်လအတွင်း ကမ္ဘောဒီးယားရွှေ့ပြောင်းအလုပ်သမား ၂၂၀၀၀၀ တို့သည် နယ်စပ်ကိုဖြတ်ကျော်ကာ ပြည်တော်ပြန်ခဲ့ကြသည်။ ထို့အတူ ထိုင်းနိုင်ငံရောက် မြန်မာ၊ လာအိုတို့မှ ရွှေ့ပြောင်းအလုပ်သမားများသည်လည်း စိုးရိမ်ပူပန်မှုများနှင့်ကြုံတွေ့နေကြရသည်။ သူတို့သည် နေရပ်များကိုစွန့်ခွာကာ တိုင်းတစ်ပါးသို့ စွန့်စွန့်စားစားလာရောက်လျက် အလုပ်ကြမ်းများနှင့် ကြုံရာကျပန်းအလုပ်များကို နှစ်အတန်ကြာ

ထိုင်းနိုင်ငံတွင် နိုင်ငံရေးမငြိမ်မသက်မှုများကြောင့် ထိုင်းတပ်မတော်မှ အာဏာသိမ်းခဲ့ပြီးနောက် ထိုင်းအာဏာပိုင်များက အထောက်အထားမဲ့ ရွှေ့ပြောင်းအလုပ်သမားများကို အကြီးအကျယ်နှိမ်နင်းမှုများ ပြုလုပ်လာသည့်အပြင် သတ်ပစ်နေသည်ဟုပင် ကောလာဟလများ ထွက်ပေါ်လာသောကြောင့် ရွှေ့ပြောင်းအလုပ်သမားများသည် ပြည်တော်ပြန်ပြေးခဲ့ကြရသည်။ ဇွန် ၁၀ ရက်မှ ၁၂ ရက် အထိ ချင်းမိုင်မြို့တွင် ဖမ်းဆီးမှုများပြုလုပ်ခဲ့ရာ မြန်မာရွှေ့ပြောင်းလုပ်သား ၃၀ ခန့်ပါရှိသဖြင့် မြန်မာသံအမတ်ကြီးက ဇွန် ၁၄ ရက်တွင် NCPO မှ အလုပ်သမားကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဇွန် ၁၅ ရက်တွင် ပြန်လည်လွှတ်ပေးခဲ့သည်။ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရပ်ကွက်အလိုက် စစ်ဆေး၍ ဖမ်းဆီးမှုများ ပြုလုပ်နေသည်ဟူသော ကောလာဟလမှာ တောမီးပမာ ပျံ့နှံ့သွားခဲ့ပါသည်။ သို့ဖြစ်၍ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ စိုးရိမ်ပူပန်မှုများဖြင့် တိမ်းရှောင်နေကြရပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ၎င်းတို့အား စည်းကမ်းနှင့်အညီဖြစ်အောင် ကူညီပေးမည်ဖြစ်ကြောင်း၊ ထိုင်းတပ်မတော်ကလည်း မြန်မာနိုင်ငံသားများကို ကူညီစောင့်ရှောက်ပေးနေကြောင်း သိရှိရသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပါသည်။ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အလုပ်သမားကိစ္စအား မိမိကိုယ်တိုင်ကိုင်တွယ် ဆောင်ရွက်ပေးနေပါကြောင်း၊ မြန်မာနိုင်ငံသံအမတ်ကြီးနှင့်လည်း ပူးပေါင်းဆောင်ရွက်နေကြောင်း၊ လက်ရှိစီမံချက်အရ တရားဝင်သတင်းပို့ပြီး မှတ်ပုံတင်ထုတ်ပေးထားမည်ဖြစ်ကြောင်း၊ အလုပ်သမားအခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရန်နှင့် လက်ရှိတာဝန်ယူသည့် ကာလတစ်လနီးပါးတွင် မူဝါဒနှင့်အညီ ပူးပေါင်းဆောင်ရွက်ရာတွင် အဆင်ပြေပါကြောင်း၊ ယခင်တရားမဝင်ရောက်ရှိနေသူများအတွက် ကြားပွဲစားများ နှောင့်ယှက်နေသဖြင့် တစ်ဦးလျှင် ကုန်ကျစရိတ်ဘတ်ငွေ နှစ်သောင်း၊ သုံးသောင်းရှိနေသော်လည်း လက်ရှိစီမံချက်အရ သက်သာသောနှုန်းထားဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ One Stop Service အရ တစ်နာရီအတွင်း မှတ်ပုံတင်ဆောင်ရွက်နိုင်ကြောင်း၊ ယခု စမ်းသပ်ဆဲကာလဖြစ်ပြီး နောက်နှစ်ရက်တွင် တစ်နိုင်ငံလုံး One Stope Service Centre များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပါသည်။ ထိုင်းနိုင်ငံ အမျိုးသားငြိမ်ဝပ်ပိပြားမှုကောင်စီ (National Council for Peace and Order-NCPO)အကြီးအကဲ၊ ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ် General Prayut Chan-o-cha ကလည်း ၎င်းကိစ္စများကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ချစ်ကြည်ရေးခရီးစဉ်၏ ရလဒ်အဖြစ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ စမုစခုံမြို့နယ်တွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို One Stop Service Centre ဖွင့်လှစ်လက်ခံ၍ မှတ်ပုံတင် ပြုလုပ်ပေးလျက်ရှိရာ ဇူလိုင် ၆ ရက်ထိ မြန်မာအလုပ်သမား လူကြီး ၈၀၁၄ ဦး၊ မှီခိုသူ ၂၅၄ ဦး စုစုပေါင်း ၈၂၆၈ ဦးကို မှတ်ပုံတင်ပေးပြီးဖြစ်ပါသည်။ ဇူလိုင် ၇ ရက်မှစ၍ စမုပရာခံ၊ ချကျွန်ဆောင်၊ အယုဒ္ဓယ၊ ပတ်တရား၊ ချွန်ပိုရီ၊ လိုင်ယောင်း၊ ရနောင်းစသည့်နေရာ ခုနစ်ခုတွင် One Stope Service Centre များ ထပ်မံဖွင့်လှစ်၍ လက်ခံဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ကမ်းရိုးတမ်း ၂၂ ခရိုင်လုံး၌ ဆက်လက်ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

လက်ရှိ ဇူလိုင် ၇ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သော One Stop Service Centre များအနက် စမုပရာခံမြို့နယ်၊ ချွန်ပိုရီမြို့နယ်၊ ပတ်တရားမြို့နယ် စခန်းလေးခုအား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းမောင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ General Siri Chai တို့ ကိုယ်တိုင်သွားရောက်ခဲ့ပြီး အလုပ်သမားမှတ်ပုံတင်မှုများကို အားပေးကူညီခဲ့ကြောင်း သိရှိရသည်။

အလုပ်သမား မှတ်ပုံတင်ရာတွင် ကုန်ကျစရိတ်အနေဖြင့် အလုပ်သမားတစ်ဦးအတွက် မှတ်ပုံတင်ကြေး ထိုင်းဘတ် ငွေ ၈၀၊ Work Permit အတွက် ဘတ် ၃၀၀၊ ကျန်းမာရေးစစ်ဆေးခအတွက် ဘတ် ၅၀၀၊ ကျန်းမာရေးအာမခံအတွက် ဘတ် ၅၀၀ စုစုပေါင်း ဘတ် ၁၃၈၀ ကုန်ကျမည်ဖြစ်သည်။ မှီခိုသူများ ပါလာပါက မှီခိုသူတစ်ဦးအတွက် Work Permit စရိတ်မပါ ကျန်စရိတ် ဘတ် ၁၀၈၀ ပါ ကုန်ကျမည်ဖြစ်ပါသည်။

အလုပ်သမား မှတ်ပုံတင်ရာတွင် သက်ဆိုင်ရာစက်ရုံများမှ အလုပ်ရှင်သို့မဟုတ် မန်နေဂျာများ ကိုယ်တိုင်လိုက်ပါစေပြီး ကုန်ကျငွေကို တိုက်ရိုက်ပေးသွင်းကာ အလုပ်သမားလုပ်ခ၊ လစာများမှ အရစ်ကျပြန်လည်ဖြတ်တောက်သွားမည် ဖြစ်ကြောင်းလည်း သိရှိရပါသည်။

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအနေဖြင့် ယခင်ကကဲ့သို့ ဘတ်ငွေ နှစ်သောင်း၊ သုံးသောင်း ကုန်ကျခံရန်မလိုတော့ဘဲ မှတ်ပုံတင်စရိတ် ဘတ် ၁၃၈၀ ပေးသွင်းပြီး တရားဝင်မှတ်ပုံတင်ပြီးပါက နောက်တစ်ဆင့်တွင် တရားဝင် Passport များအား စိစစ်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှုကြောင့် အလုပ်သမားများ၏ အခွင့်အရေးကို ပြည့်ဝစွာရရှိစေမည့်အပြင် ခေါင်းပုံဖြတ်ခံရခြင်း၊ ဥပဒေမဲ့ အနိုင်ကျင့်ခံရခြင်းများမှ လွတ်မြောက်နိုင်တော့မည်ဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမား သုံးသန်းခန့်ရှိရာ ၎င်းတို့၏ အနာဂတ်အခွင့်အလမ်းမှာ အဆင်ပြေချောမွေ့လာတော့မည်ဖြစ်ပါသည်။

ထိုကဲ့သို့ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ၏ လူ့အခွင့်အရေး၊ ရပိုင်ခွင့်၊ တရားဝင်ရပ်တည်နိုင်မှုနှင့် လုံခြုံမှုတို့အတွက် စိတ်ဝင်တစား ဆောင်ရွက်ပေးခြင်းသည် နိုင်ငံသူနိုင်ငံသားများ၏ တစ်ဦးချင်းလုံခြုံမှုကို အလေးထားဆောင်ရွက်ပေးခြင်းပင်ဖြစ်သဖြင့် အလွန်ပင်ကျေးဇူးတင်စရာ ကောင်းလှပေသည်။ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအနေဖြင့် မိမိတို့၏အလုပ်ကို စိတ်အေးလက်အေးလုပ်နိုင်စေမည့် အာမခံချက်တစ်ရပ်ကို ရရှိစေခဲ့သဖြင့် မြန်မာအလုပ်သမားထုတစ်ရပ်လုံး၏ ရင်ထဲတွင်နှလုံးပီတိ ဂွမ်းဆီထိသည့်ပမာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါကြောင်း ရေးသားလိုက်ရပါသည်။ ။

အလုပ်သမားမှတ်ပုံတင်ကတ်ပြား လာရောက်ပြုလုပ်နေသော မြန်မာအလုပ်သမားများအား တွေ့ရစဉ်။

❒ ပြည်ထောင်စုလွှတ်တော်မှ

ပမာဏကျပ် (၂၃၆၅ ဒသမ ၃)ဘီလီယံရှိခဲ့ပါကြောင်း။

ပြည်ပကုန်သွယ်ရေးအခြေအနေမှာ ဒုတိယ(၆)လပတ်အတွင်း ပို့ကုန်ကျပ် (၅၉၃၃) ဘီလီယံနှင့် သွင်းကုန်ကျပ် (၈၀၀၉ ဒသမ ၃)ဘီလီယံဖြစ်သဖြင့် ကုန်သွယ်မှုပမာဏကျပ်(၁၃၉၄၂ ဒသမ ၃)ဘီလီယံရှိခဲ့ပြီး ကုန်သွယ်မှုလိုငွေကျပ် (၂၀၇၆ ဒသမ ၃)ဘီလီယံဖြစ်ပေါ်ခဲ့ပါကြောင်း၊ **ငွေရေးကြေးရေးအနေဖြင့်** ပုဂ္ဂလိကဘဏ်များမှ ဘဏ်ခွဲပေါင်း (၆၉၅)ခု ရှိလာပြီး ယခင်နှစ်(၆)လပတ်ထက် ဘဏ်ခွဲ(၂၁၀)ပိုမိုလာခဲ့ပြီး ပုဂ္ဂလိက ငွေလွှဲကောင်တာ (၄၇၀)ခု ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း။

စွမ်းအင်ကဏ္ဍတွင် ဒုတိယ(၆)လပတ်အတွင်း (၈၂ ဒသမ ၅)ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ **သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင်** ဒုတိယ(၆)လပတ်အတွင်း (၉၉ ဒသမ ၅)ရာခိုင်နှုန်းအကောင်အထည်ဖော်ခဲ့ပါကြောင်း၊ **လျှပ်စစ်ကဏ္ဍတွင်** ဒုတိယ(၆)လပတ်အတွင်း (၉၅)ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ တင်ပြပါကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နိုင်ငံပိုင်လျှပ်စစ်ပိုမိုရရှိခဲ့သည့်အတွက် ပုဂ္ဂလိကဒီဇယ်မီးလျှော့နည်းသုံးစွဲခဲ့ကြပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အားလုံးကို ခြုံငုံကြည့်ရှုပါက ရည်မှန်းချက်ပြည့်မီရန် အနည်းငယ်လိုအပ်ခဲ့ကြောင်း တင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ထို့ပြင် ဒုတိယဝန်ကြီးက တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေနှင့် နိုင်ငံတကာနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကူအညီပေးမှုများ၊ ဒုတိယ(၆)လပတ်အတွင်း ဆောင်ရွက်ပြီးစီးနိုင်မှုတို့ကို ရှင်းလင်းတင်ပြခဲ့သည်။

အစီရင်ခံစာနှင့်စပ်လျဉ်း၍ စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီမှ ဦးစံပြည့်နှင့် ဒေါ်ခင်မွှေးလွင်တို့က ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်မှုအခြေအနေ၊ စီးပွားရေးကဏ္ဍကြီးများ၏ ပါဝင်မှုအချိုး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ ဈေးနှုန်းများနှင့် ငွေကြေးဖောင်းပွမှုနှုန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင် ရင်းနှီးမြှုပ်နှံမှု၊ လုပ်ငန်းအမျိုးအစားအလိုက် မြန်မာနိုင်ငံသားနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပြည်ပကုန်သွယ်ရေးအခြေအနေဖြစ်သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် ပို့ကုန်အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒုတိယ(၆)လပတ် သွင်းကုန်အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ ကုန်သွယ်မှုပမာဏ၊ ကုန်သွယ်မှုပိုငွေ/လိုငွေ၊ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒနှင့် ရသုံးမှန်းခြေစာရင်းကဏ္ဍစီမံကိန်း၊ ဒေသန္တရစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၏ သုံးသပ်ချက်၊ ဒေသန္တရစီမံကိန်းများ တွေ့ရှိချက်/သုံးသပ်ချက်နှင့် ပူးပေါင်းကော်မတီ၏ ထောက်ခံချက်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော **၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယ (၆)လပတ် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ အမှတ်စဉ် (၇/၂၀၁၄)**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေက နိုင်ငံတော်အစိုးရအနေနှင့် အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုကာကွယ်ရေး၊ ပြည်ထဲရေးကိစ္စများကို အရင်ထက်ပိုမိုသုံးစွဲလာသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းသို့သုံးစွဲမှုများမှာ လိုအပ်ချက်အရ သုံးစွဲရသည်ကို ယူဆပါကြောင်း၊ စီးပွားရေးဝန်ကြီးဌာနဖြစ်သည့် စက်မှုဝန်ကြီးဌာနမှာ သိန်းပေါင်းများစွာ အကုန်အကျခံပြီး တည်ဆောက်ခဲ့သည့် စက်ရုံအချို့မှာ မလည်ပတ်နိုင်ဘဲ ရပ်ထားရပါကြောင်း၊ စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများမှာ

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ။

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်။

ပြည်သူများသုံးစွဲမှုနည်းပါးပြီး ပြည်ပမှ ဝင်ရောက်လာသည့် ပစ္စည်းများကိုသာ သုံးစွဲနေကြသည်ကို တွေ့ရှိရပါကြောင်း၊ စက်မှုဝန်ကြီးဌာန အနေဖြင့် ပထမ(၆)လပတ်အတွင်း သန်းပေါင်းများစွာ အရှုံးပေါ်နေသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ အစိုးရအနေဖြင့် ထိန်းချုပ်ဆောင်ရွက်သင့်ပါကြောင်း၊ သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ဘတ်ဂျက်တောင်းခံထားသည်ကို မတွေ့ရှိရပါကြောင်း၊ မိမိတို့နိုင်ငံသည် သယံဇာတပေါကြွယ်ဝသည့်နိုင်ငံဖြစ်သည့်အတွက် ကျောက်စိမ်းတစ်ခုတည်းကိုသာ အားမကိုးဘဲ သတ္တု၊ ခဲမဖြူတို့ကို ငွေလုံးငွေရင်း တောင်းခံပြီး စံပြအနေဖြင့် လုပ်ဆောင်သင့်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း သုံးနှစ်အတွင်း တည်ဆောက်မှုရပ်တန့်နေပါကြောင်း၊ သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးတွင် မြေဈေးမှာ အလွန်အမင်းမြင့်မားနေပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် စက်မှုဇုန်များ၊ မြေကွက်များဖော်ထုတ်သင့်ပါကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် အမြတ်ငွေရရှိလာမှုကို တွေ့ရှိရပါကြောင်း၊ ယင်းဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများကို ဆက်လက်တိုးချဲ့နိုင်ရန် ဘတ်ဂျက်တင်တောင်းသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဘဏ္ဍာရေးကော်မရှင်အစည်းအဝေးများ၊ စီမံကိန်းကော်မရှင်အစည်းအဝေးများနှင့် အခြားဘဏ္ဍာရေးကိစ္စနှင့်ဆက်စပ်သည့် အစည်းအဝေးများတွင် တစ်နှစ်တာ လျာထားသည့် ရငွေများကို နီးစပ်အောင် ခန့်မှန်းရန်နှင့် တစ်နှစ်တာလျာထားသည့် အသုံးစရိတ်များကိုလည်း လျာထားသည့်အတိုင်း အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မကြာခဏ လမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း၊ လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ အကြံပြုချက်ဆွေးနွေးချက်များအရလည်း ဌာနအဖွဲ့အစည်းများ၏ ရငွေလျာထားချက်၊ အသုံးစရိတ်လျာထားချက်တို့သည် အမှန်အကောင်အထည်ဖော်နိုင်မှု အခြေအနေနှင့် များစွာကွာဟမှုမရှိသင့်ကြောင်းကို ဌာနအဖွဲ့အစည်းများအနေဖြင့် ယခုအခါ နားလည်သိရှိ လိုက်နာဆောင်ရွက်လာကြပြီ ဖြစ်ပါကြောင်း၊ ထို့ပြင် ဘဏ္ဍာရေးဝန်ကြီးဌာနက ဌာနအဖွဲ့အစည်းများ၏ ဘတ်ဂျက်လျာထားချက်အပေါ် အကောင်အထည်ဖော်ဆောင်နိုင်မှု အခြေအနေများကို (၃)လပတ်တစ်ကြိမ်တောင်းခံ၍ စောင့်ကြည့်စိစစ်လျက်ရှိခြင်း၊ (၆)လတစ်ကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ ပြည်ထောင်စုအစိုးရအဖွဲ့ကလည်း ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်ပေးပို့တင်ပြခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ (၆)လပတ်အလိုက်နှင့် နှစ်ပတ်လည်အစီရင်ခံစာများတွင်လည်း ထည့်သွင်းဖော်ပြ၍ အသိပေးခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိသဖြင့် ဌာနအဖွဲ့အစည်းများ၏ နောင်လာမည့် ဘဏ္ဍာရေးနှစ်များအတွက် အရအသုံးခန့်မှန်းမှုများကို Budget Estimate (BE) တွင် စတင်ခန့်မှန်းစဉ်ကပင် အနီးစပ်ဆုံး ခန့်မှန်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဘဏ္ဍာရေးမူဝါဒအပါအဝင် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအား ၂၀၁၂ ခုနှစ်မှစ၍ ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးမဟာဗျူဟာကိုချမှတ်၍ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ဌာနအဖွဲ့အစည်းများက အောက်ခြေအဆင့်ထိ စိစစ်၍ ရေးဆွဲတင်ပြလာသော စီမံကိန်းများနှင့်စီမံကိန်းကို အခြေပြု၍ နိုင်ငံတော်၏ ဦးစားပေးမူဝါဒနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး အခြေအနေအရ ခွင့်ပြုနိုင်မည့် ဘဏ္ဍာငွေများကို အချိတ်အဆက်မိမိဖြင့် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော်　ဇူလိုင်　၉

ဂျပန်-မြန်မာပါလီမန် ချစ်ကြည်ရေးအဖွဲ့ဥက္ကဋ္ဌ Hon.Mr.Ichiro AISAWA ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ တွဲဖက်အတွင်းရေးမှူး ဦးစိုင်းခမ်းကော် ဦးဆောင်၍ ကွမ်းလုံမြို့နယ်မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ ကိုးကန့်လူငယ်မောင်မယ်များ စုစုပေါင်း ၁၃၂ ဦးတို့သည် ယနေ့တွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပနေပုံကို လာရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချင်းပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် မဲစာရင်းဖြည့်သွင်းပြုစုခြင်း ရွေ့ပြောင်းစီမံချက်လုပ်ငန်းများကို PACE မှ လေ့လာမှုများ ပြုလုပ်သွားမည်

ရန်ကုန်　ဇူလိုင်　၉

ချင်းပြည်နယ် တီးတိန်မြို့နှင့် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်များတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြုလုပ်မည့် မဲစာရင်းဖြည့်သွင်းပြုစုခြင်း ရွေ့ပြောင်းစီမံချက်လုပ်ငန်းများအားအရပ်ဘက်လူ့အဖွဲ့အစည်းတစ်ခုဖြစ်သည့် PACE –People’s Alliance for Credible Election အဖွဲ့မှ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်သွားမည်ဟု အဆိုပါအဖွဲ့မှ သိရသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကပြုလုပ်မည့် မဲစာရင်းဖြည့်သွင်းပြုစုခြင်း ရွေ့ပြောင်းစီမံချက်လုပ်ငန်းများကို လေ့လာရန်အတွက် PACE သည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံမှ အသိအမှတ်ပြုလွှာ ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်နှင့် ချင်းပြည်နယ် တီးတိန်မြို့များတွင် လာမည့် ဇူလိုင် ၁၄ ရက်မှ ၁၈ ရက်အထိ မဲစာရင်းပြုစုရေး ရွေ့ပြောင်းစီမံချက် လုပ်ငန်းများကို ငါးရက်ကြာ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ကွင်းဆင်းလေ့လာမှုတွင်ပါဝင်မည့် စေတနာ့ဝန်ထမ်းများသည် ရွေ့ပြောင်းစီမံကိန်းဧရိယာအတွင်းရှိ ဆန္ဒရှင်များအား မဲစာရင်းတွင် ပါဝင်သည့်အချက်အလက်များကို တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း PACE ၏ Executive Director ဦးစိုင်းရဲကျော်စွာမြင့်က ဆိုသည်။

“အလုံမြို့နယ်မှာဆိုရင် ရွှေ့ပြောင်းရတဲ့ ဝန်ထမ်းတွေများတယ်။ ကျောင်းသား ကျောင်းသူတွေများတယ်။ လူနေထူထပ်တယ်။ ချင်းပြည်နယ် တီးတိန်ကို ရွေးချယ်တာက သွားရေးလာရေးခက်ခဲတယ်။ လူနေကျဲတယ်။ ဒါ့အတွက် ရွေးခြင်းဖြစ်တယ်” ဟု ပဏ္ဍိတဖွံ့ဖြိုးရေး အင်စတီကျု၏ လူ့အခွင့်အရေး စီမံကိန်းအရာရှိ ဦးပြေငြိမ်းကျော်က ပြောသည်။

မဲစာရင်းပြုစုရေး ရွေ့ပြောင်းစီမံချက် လုပ်ငန်းများ လေ့လာရာတွင် အလုံမြို့နယ်၌ စေတနာ့ဝန်ထမ်း ၅၀ နှင့် တီးတိန်တွင် စေတနာ့ဝန်ထမ်း ၃၀ အသုံးပြုသွားမည်ဖြစ်သည်။ စေတနာ့ဝန်ထမ်းများအဖြစ်နိုင်ငံရေး ပါတီဝင်မဟုတ်သူများနှင့် ပညာအရည်အချင်း အခြေခံပညာ အထက်တန်းအဆင့်ရှိသူများကို ရွေးချယ်သွားမည်ဖြစ်ပြီး စေတနာ့ဝန်ထမ်းများကို ကွင်းဆင်းလေ့လာနိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းများကို နှစ်ရက်ကြာ ပို့ချပေးသွားမည်ဟု PACE မှ သိရသည်။

“တစ်နိုင်ငံလုံးတွင် ရွေးကောက်ပွဲလုပ်ရာမှာ ဘယ်လိုအမှားတွေ ရှိသလဲ။ ဘာတွေကြိုတင်ပြင်ဆင်ထားသင့်သလဲဆိုတာကို ရှာဖွေတာပေါ့။ အရပ်ဘက် လူ့အဖွဲ့အစည်းတွေအနေနဲ့ တရားဝင်စောင့်ကြည့်လေ့လာတာက အရေးကြီးတယ်။ ဒါဟာ ရွေးကောက်ပွဲကော်မရှင်ရဲ့ လုပ်ငန်းကို အထောက်အကူဖြစ်တယ်ဆိုတာကို ရွေးကောက်ပွဲကော်မရှင်အနေနဲ့ သိစေချင်တယ်။ ရလာတဲ့အဖြေတွေကို ကြည့်ပြီး မဲစာရင်းတွေမှာ ဘယ်လိုပျောက်ဆုံးတယ်။ ဘယ်လိုပုံစံနဲ့ အမှားအယွင်းတွေ တွေ့ရတယ်ဆိုတာ ကြည့်ပြီး ရွေးကောက်ပွဲကော်မရှင်ကို တွေ့ပြီး အကြံဉာဏ်ပေးသွားမှာပါ”ဟု ဦးစိုင်းရဲကျော်စွာမြင့်က ဆိုသည်။

မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီအမြစ်တွယ်ခိုင်မာရေး၊ ရွေးကောက်ပွဲဖြစ်စဉ်နှင့် ရွေးကောက်ပွဲ ဆက်စပ်ကိစ္စများ ဆောင်ရွက်ရန်အတွက် ၂၀၁၃ ခုနှစ်တွင် PACE အဖွဲ့အား ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်း၊ ပဏ္ဍိတဖွံ့ဖြိုးရေး အင်စတီကျုနှင့် လောကအလင်းတို့မှ ပူးပေါင်းတည်ထောင်ခဲ့ခြင်းဖြစ်သည်ဟု ရန်ကုန်နိုင်ငံရေး သိပ္ပံကျောင်းမှ သိရသည်။

“ ကျွန်တော်တို့မှာ နည်းပညာအရ လိုအပ်ချက်တွေ အများကြီးရှိနေတယ်။ ဒါပေမယ့် ပြည်တွင်းမှာရှိနေတဲ့ လူတွေရဲ့ စိတ်ခံစားမှုတွေနဲ့ ဖြစ်ပျက်နေတာတွေကို နားလည်တယ်။ ဒီနှစ်ခုကို ပေါင်းစပ်နိုင်ဖို့က အရေးကြီးတယ်။ နိုင်ငံခြားသားက ယူလာတဲ့ မူဝါဒနဲ့ နည်းပညာကိုပဲ ပြည်တွင်းမှာ သုံးနေရမယ်ဆိုရင် ပြဿနာရှိတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်း လေ့လာစောင့်ကြည့်သူတွေဟာ ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်းအတွက်မှ အလုပ်လုပ်ပေးတာ မဟုတ်ဘူး။ အရပ်ဘက် လေ့လာသူတွေဟာ နိုင်ငံသားတွေရဲ့ အခွင့်အရေးနဲ့ နိုင်ငံသားအခွင့်အရေးကို ကာကွယ်ဖို့ လုပ်တယ်ဆိုတာကို ပါတီတွေကော၊ ရွေးကောက်ပွဲကော်မရှင်ကော နားလည်ပေးနိုင်ရင် လာမယ့် ၂၀၁၅ ဟာ ပိုပြီးတရားမျှတတဲ့ ရွေးကောက်ပွဲတစ်ခုဖြစ်လာမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်” ဟု ရန်ကုန်နိုင်ငံရေး သိပ္ပံကျောင်း၏ သင်တန်းနည်းပြ ဦးစိုင်းရဲကျော်စွာမြင့်က သုံးသပ်ထားသည်။

(ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်)

သစ်တောသစ်ပင်ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ဂျပန်-မြန်မာ ပါလီမန်ဆိုင်ရာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၉

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ယနေ့ညနေ ၄ နာရီတွင် ဂျပန်-မြန်မာ ပါလီမန်ဆိုင်ရာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Hon.Mr.Ichiro AISAWA ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့မှ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဌေးဦး၊ သူရဦးအောင်ကို၊ ဦးလှမြင့်ဦး၊ အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ပြည်သူ့လွှတ်တော် ကော်မတီအတွင်းရေးမှူးများဖြစ်ကြသည့် ဦးစောလှထွန်း၊ ဦးကြည်သာ၊ ဒေါ်ဒွဲဘူ၊ ဦးကိုကိုထွန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာဝင်းမြင့်၊ ဒေါ်နန်းဝါနု၊ ဒေါ်စန္ဒာမင်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E.Mr.Tateshi HIGUCHI လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

တရားမဝင်မူးယစ်ဆေးဝါးများတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးမှ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည်ဖြစ်သော မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်ဖြစ်သူ မစ္စတာဂျေဆပ်အီလိုက်သည် ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တရားမဝင်မူးယစ်ဆေးဝါးများ တိုက်ဖျက်ရေးတွင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံးမှ မြန်မာနိုင်ငံအစိုးရတို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ထိုင်းလုပ်ငန်းအဖွဲ့ (၉)ကြိမ်မြောက်အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၉

ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ မြန်မာ-ထိုင်းလုပ်ငန်းအဖွဲ့(၉)ကြိမ်မြောက် အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့ အစည်းအဝေးတွင် ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးစီမံကိန်း လုပ်ငန်းများအတွက် အတိုင်ပင်ခံအဖွဲ့ Roland Berger ကုမ္ပဏီက စီမံကိန်း လုပ်ငန်းများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့ ရွေးချယ်ခြင်း ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

အီတာလျံ-ထိုင်း ကုမ္ပဏီက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် ကုန်ကျစရိတ်တန်ဖိုး တွက်ချက်ခြင်းကို Ernst & Young (EY) ကုမ္ပဏီက အပြီးသတ်အစီရင်ခံစာ(မူကြမ်း)အား တင်ပြရာ ဆက်လက်အကောင်အထည် ဖော်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခြင်းတို့ကို အစည်း အဝေးပထမနေ့တွင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးအထူး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

အစေ့ချမိုးစပါးစိုက်ပျိုးမှုများကြောင့် ကောက်စိုက်သမများ နေရပ်ရွှေ့ပြောင်းထွက်ခွာသူများပြား

ရေတာရှည် ဇူလိုင် ၉

နှစ်စဉ်လိုလို မိုးရာသီစပါးစိုက်ပျိုးရာတွင် ကုန်ကျစရိတ်များသော ပျိုးထောင်စိုက်ပျိုးခြင်းထက် အစေ့ချ စပါးစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက် လုပ်ကိုင်လျက်ရှိကြရာ ကောက်စိုက် သမများအနေဖြင့် နေရပ်ရွှေ့ပြောင်း ကာ သွားရောက်လုပ်ကိုင်ကြရ ကြောင်း သိရသည်။ မွန်ပြည်နယ် ၊ သံဖြူဇရပ်၊ တောင်ငူခရိုင်၊ ထန်းတပင် မြို့နယ် ဇရပ်ကြီးဒေသများနှင့် တောင်ငူမြို့နယ်များကို ကောက်စိုက် ရန် အစုအဖွဲ့လိုက်ထွက်ခွာသွားရောက် ကြပြီဖြစ်သည်။ “တောင်သူတွေအနေ နဲ့မိုးရာသီမှာ ထွန်ယက်စရိတ်၊ စိုက်ပျိုးစရိတ်တွေနဲ့ မြေဩဇာဖိုးတွေ က အကုန်အကျများတယ်၊ အခု နောက်ပိုင်းကျတော့ အစေ့ချစိုက်ပျိုး တဲ့နည်းနဲ့ တောင်သူတိုင်းလိုလို စိုက်ပျိုးလာကြတာတွေ့ရတယ်၊ ဒါက လည်း ကောက်စိုက်သမရှားပါးမှုရယ် ကိုယ်စိုက်ချင်တဲ့အချိန်မှာ စိုက်လို့ မရတာကြောင့် အစေ့ချစိုက်ပျိုးကြ တာ”ဟု တောင်သူတစ်ဦးက ရှင်းပြ သည်။ ယခုအချိန်တွင် မိုးစပါး စိုက်ပျိုးရေးအတွက် တောင်သူများ လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိသော် လည်း စပါးစိုက်ပျိုးမှုပြီးစီးရန် မိုးရေ ရရှိမှုနည်းပါး၍ နောက်ကျဖွယ်ရှိ ကြောင်း ၎င်းက ပြောပြသည်။ **ကိုလွင်(ဆွာ)**

မင်းကွန်းဒေသဖွံ့ဖြိုးရေးနှင့် ပညာရေးကဏ္ဍတိုးတက်စေရန် ကျောင်းဆောင်များလှူဒါန်း

မင်းကွန်း ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းဒေသဖွံ့ဖြိုးရေးနှင့် ပညာရေးကဏ္ဍတိုးတက်စေရန်ရည်ရွယ်၍ စစ်ကိုင်း မြို့နယ် မယ်ဇလီချောင်းကျေးရွာ အခြေခံပညာအလယ် တန်းကျောင်းဆောင်သစ်နှင့်တွဲဖက်၍ အခြားလိုအပ်လျက် ရှိသော ပစ္စည်းများကို ဆုလျှံထွန်းဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်မှ ဆောက်လုပ်လှူဒါန်းပေးအပ်ပွဲကို ဇူလိုင် ၆ ရက် နံနက် ၈ နာရီက မယ်ဇလီချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ လှူဒါန်းပေးအပ်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးသန်းထိုက်၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးမောင်မောင်လင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ခဲ၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ် နှင့် ကျေးလက်အဆင့်တာဝန်ရှိသူများ၊ ဆုလျှံထွန်း ဆောက်လုပ်ရေးကုမ္ပဏီမိသားစုများ၊ ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သစ်တောနှင့်သတ္တု ဝန်ကြီး ဦးသန်းထိုက်၊ ဆုလျှံထွန်းကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာ ဦးခိုင်ဇော်လင်းနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းတင့်တို့က ကျောင်းဆောင်နှင့် လှူဒါန်းထားသည်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်၍ တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

မယ်ဇလီချောင်းကျေးရွာအခြေခံပညာအလယ်တန်း ကျောင်းခွဲကို ၁၉၅၇ ခုနှစ် ဇူလိုင် ၁၅ ရက်က စတင် ဖွင့်လှစ်ခဲ့ပြီး အဆိုပါရွာသည် မင်းဝံတောင်တန်း၏ အရှေ့ ဘက် စစ်ကိုင်းမြို့နှင့် ၁၅ မိုင်ခန့်အကွာ၊ ခရိုင်ချင်းဆက် လမ်း၏ အရှေ့ဘက်တွင်တည်ရှိသော ဧရာဝတီမြစ်ကမ်း ဘေးမှ စိုက်ပျိုးရေးဖြစ်ထွန်းသော ကျေးရွာဖြစ်သည်။ **မျိုးဝင်းထွန်း(မုံရွာ)**

မန္တလေးမြို့ လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် ရဲတပ်ဖွဲ့ဝင်များအား မုန့်၊ အအေးနှင့် ရေသန့်ဘူးများလှူဒါန်း

မန္တလေး ဇူလိုင် ၉

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၈၁)လမ်း၊ (၂၆)လမ်းထောင့်ရှိ မန္တလေးမြို့ ပဋိပက္ခဖြစ်ပွားမှုတားဆီးကာကွယ်ရေးအဖွဲ့ လုံခြုံရေးဆောင်ရွက် လျက်ရှိသည့် ရဲတပ်ဖွဲ့ဝင်များအား ဇူလိုင် ၈ ရက် ညနေ ၃ နာရီက မျိုးချစ် ပြည်ချစ်အဖွဲ့က မုန့်၊ အအေးနှင့် ရေသန့်ဘူးများလှူဒါန်းခဲ့သည်။

“မန္တလေးမြို့က ပြည်သူတွေ ကိုယ့်အိမ်မှာ လုံခြုံစွာနေထိုင်နိုင်ရေး လုံခြုံရေးဆောင်ရွက်ပေးနေတဲ့ ရဲတပ်ဖွဲ့ဝင်တွေကို လာလှူဒါန်းတာပါ၊ ရဲတပ်ဖွဲ့ဝင်တွေက မန္တလေးမြို့ တည်ငြိမ်အေးချမ်းဖို့ဆောင်ရွက်နေတာကို ကိုယ်စိတ်ပေးဆပ်ပြီး ဆောင်ရွက်ပေးနေလို့ အနေအစား ကျပ်တည်းမှုရှိနေတဲ့ အတွက် လာရောက်ကူညီပေးတာပါ။ ကာလတန်ဖိုး နှစ်သိန်းခန့်ရှိပါတယ်။ အခြားလှူဒါန်းမှုတွေလည်း ဆက်လက်လုပ်ဆောင်သွားမှာပါ။ ကျန်းမာရေး၊ ပညာရေး၊ အခြားလိုအပ်တဲ့နေရာတွေကို သွားရောက်လှူဒါန်းသွားဖို့ရှိပါ တယ်”ဟု မျိုးချစ်ပြည်ချစ် ပရဟိတအဖွဲ့မှ အတွင်းရေးမှူး နေနီအောင်က ပြောခဲ့သည်။ **သီဟ(မန္တလေးအလင်း)**

ဝါသီးနှံအထွက်နှုန်းမြင့်မားတိုးတက်ရေး ပညာပေးဆွေးနွေး

သရက် ဇူလိုင် ၉

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကိုးပင်ကျေးရွာတွင် ကျေးရွာနေ ဝါစိုက်တောင်သူများ ဝါသီးနှံအထွက်နှုန်း မြင့်မားတိုးတက်စေရန် ရည်ရွယ်၍ ဝါသီးနှံအထွက်နှုန်း မြင့်မားတိုးတက်ရေး သိပ္ပံနည်းကျစိုက်နည်း အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၇ ရက်က ကျေးရွာပညာ အလင်းရောင်စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် စက်မှုသီးနှံ ဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းက သိပ္ပံနည်းကျ စိုက်နည်း စနစ် ၁၀ ချက်အကြောင်းကို တောင်သူများသဘောပေါက်အောင် ရှင်းလင်းဆွေးနွေးပြီး ဝါစိုက် တောင်သူများက သိရှိလိုသည်များ မေးမြန်းရာ စက်မှုသီးနှံဖွံ့ဖြိုးရေး ဦးစီးမှူးက ပြန်လည်ရှင်းပြသည်။

ထို့နောက် သရက်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးမှ မြို့နယ်ဦးစီးမှူး ဦးအေးဝင်းက ကျေးရွာနေပြည်သူများ စာဖတ်သည့် အလေ့အကျင့်များရှိပြီး စာကြည့်တိုက်အား အသုံးပြုတတ်စေရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဇော်ထက်(ပြန်/ဆက်)**

တပ်မတော်အထက်တန်းကျောင်းများ၊ တပ်မတော်ပညာရေးကျောင်းများ၊ တပ်တွင်းကျောင်းများ ပိုမိုတိုးတက်အောင်မြင်မှုရရှိစေရေး၊ စံနမူနာပြဖြစ်စေရေး တာဝန်ရှိသူအားလုံး ကြိုးစားဆောင်ရွက်

နေပြည်တော် ဇူလိုင် ၉

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခြောက်ဘာသာဂုဏ်ထူးရရှိသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။ (မြဝတီ)

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာများ၊ နည်းဗျူဟာများ ချမှတ်ရေးဆွဲသည့်နေရာတွင် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လာကြ သည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ ပညာခေတ်ကို ကူးပြောင်းရောက်ရှိနေပြီ ဖြစ်သည့်အတွက် ကမ္ဘာပေါ်တွင် နိုင်ငံသူနိုင်ငံသားအားလုံး အသိပညာ၊ အတတ်ပညာများရှိမှ နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်မည့် ခေတ်မီ နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဆိုသည်ကို သိရှိကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်ကလည်း နိုင်ငံတိုင်းသည် ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင် ကျော်လွှားနိုင်ရန် မိမိတိုင်းပြည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူငယ်များ လူတော်လူကောင်းများကို အပြိုင်အဆိုင်ပြုစုပျိုးထောင် နေကြသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်းဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်၌ ကျင်းပသော တပ်မတော်(ကြည်း၊ ရေ၊ လေ)၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင် မြင်ခဲ့သော စစ်သည်များ၊ တပ်မတော်သားမိသားစုဝင်သားသမီးများ၊ စစ်မှု ထမ်းဟောင်းမိသားစုဝင် သားသမီးများနှင့် ဘက်စုံပညာထူးချွန်လူငယ်များ၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ခံရသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနား၌ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ဆုရစစ်သည်များ၊ ကျောင်းသားကျောင်းသူများ၊ မိဘများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အနေဖြင့် တစ်နိုင်ငံလုံးပျမ်းမျှ ၃၁ ဒသမ ၆၇ ရာခိုင်နှုန်းရှိပြီး တပ်မတော်အခြေခံပညာ အထက်တန်းကျောင်း ၂၉ ကျောင်း၏အောင်ချက်မှာ ပျမ်းမျှ ၃၅ ဒသမ ၇၈ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါကြောင်း၊

တပ်မတော်အထက်တန်းကျောင်းများ၊ တပ်မတော်ပညာရေးကျောင်း များ၊ တပ်တွင်းကျောင်းများအနေဖြင့် ပိုမို တိုးတက်အောင်မြင်မှုရရှိစေရေး၊ စံနမူနာပြဖြစ်စေရေး၊ တာဝန်ရှိသူအားလုံးက ကြိုးစားဆောင်ရွက်သွားရ မည်ဖြစ်ကြောင်း၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အပြည့်အဝနှင့် တပ်မတော်ထဲကို ဝင်ရောက်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် အတန်းပညာမသင်ခဲ့ရသည့် စစ်သည်များ၊ ပညာရေးဆုံးခန်းတိုင်အောင် မသင်ကြားခဲ့ရသည့် တပ်မတော် သားများကို တပ်မတော်ပညာရေးကျောင်းများတွင် အခြေခံပညာအထက် တန်းအောင်သည်အထိ ၎င်းတို့၏မိဘများကိုယ်စား ပညာအမွေပေးခြင်းဖြင့် တပ်မတော်သားများ၏ဘဝ တိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံတကာ အဆင့်မီတပ်မတော် Standard Army တည်ဆောက်ရာတွင်လည်း အထောက် အကူဖြစ်စေမည်ဖြစ်ကြောင်း။

အဆင့်မြင့်ပညာများကို ဆက်လက်လေ့လာသင်ယူရာတွင် ဖွဲ၊ လုံ့လ၊ ဝီရိယရှိမှုနှင့်အတူ ကိုယ်ကျင့်တရား ကောင်းမွန်စွာ ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်တက်ရောက်ချိန်တွင်လည်း မိမိကိုယ်ကို ထိန်းသိမ်းပြီး မိမိရည်မှန်းချက်ပန်းတိုင်မပျောက်အောင် ကြိုးစားကြရန်နှင့် ညီရင်းအစ်ကို မောင်နှမ အရင်းအချာကဲ့သို့ သဘောထားကာ အချင်းချင်း ဖေးမကူညီသွားကြရန် မှာကြားလိုကြောင်း။

မိမိတို့တပ်မတော်သားမိဘများအနေဖြင့် သားသမီးများကို ပေးနိုင်သည့် အမွေသည် ပညာအမွေပင်ဖြစ်ပါကြောင်း၊ သားသမီးများပညာရည်ကောင်း မွန်တိုးတက်ရန်အတွက် မိဘများက သားသမီးများပညာရေးကို အထူးအားပေး ရန်လိုအပ်သကဲ့သို့ ဆရာ ဆရာမများကလည်း စေတနာ၊ ဝါသနာ၊ အနစ်နာ ဆိုသည့် နာသုံးနာနှင့်အညီ အတန်းပညာကိုသာမက အသိပညာကိုပါသင်ကြား ပေးရမည်ဖြစ်ကြောင်း တပ်မတော် အခြေခံပညာအထက်တန်းကျောင်းများ အနေဖြင့် “ကျောင်းသား ကျောင်းသူများအား ကျောင်းစာသင်ခန်းအတွင်း မှာပင် အမှန်တကယ်တတ်မြောက်အောင်သင်ကြားရေး”ကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ စတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုမူဝါဒကို မိဘ၊ ဆရာ၊ ကျောင်းသားနှင့် တာဝန်ရှိသူများ ပူးပေါင်းပြီး ဆက်လက် အကောင်အထည်ဖော်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးက ဆုရရှိမှုအခြေ အနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြား ရေးမှူးရုံး ကွပ်ကဲမှုအောက် အခြေခံပညာအထက်တန်းကျောင်း၊ တပ်မတော် ပညာရေးကျောင်းများမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ တွင် အောင်ချက်အကောင်းဆုံး ပထမဆုရရှိသော အမှတ် (၂)အခြေခံပညာ အထက်တန်းကျောင်း(မင်္ဂလာဒုံ)မှ ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိအား လည်းကောင်း၊ ဒုတိယဆုရရှိသော အခြေခံပညာအထက်တန်းကျောင်း (ရွှေနတ်တောင်) မှ ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိအားလည်းကောင်း၊ တတိယဆုရရှိသော အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(နေပြည် တော်)မှ ကျောင်းအုပ်ကြီးအားလည်းကောင်း၊ အောင်ချက်အကောင်းဆုံး ပထမဆုရရှိသော အမှတ်(၉)ပညာရေးကျောင်းမှ ကျောင်းအုပ်ကြီးအား လည်းကောင်း၊ ဒုတိယဆုရရှိသော အမှတ်(၂)ပညာရေးကျောင်းမှ ကျောင်း အုပ်ကြီးအားလည်းကောင်း၊ တတိယဆုရရှိသော အမှတ်(၆)ပညာရေး ကျောင်းမှ ကျောင်းအုပ်ကြီးအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်း လွှာများ ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၊ နိုင်ငံတော်အဆင့် ဆောင်းပါးပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူများအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူများနှင့် နိုင်ငံတော် အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဒုတိယဆုရရှိသူတို့အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူများအားလည်းကောင်း၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်သန်းသန်းနွယ်က ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူများအား လည်းကောင်း၊ တာဝန်ရှိသူများက ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများနှင့် အဆင့်မြင့်ပညာအဆင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်ပညာသင်ဆုရရှိသူများအားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယနေ့ကျင်းပသော ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဖြစ် သည့် တပ်မတော်အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း၊ တပ်မတော် ပညာရေးကျောင်း သုံးကျောင်းတို့အားလည်းကောင်း၊ တစ်ဘာသာ ဂုဏ်ထူးနှင့် အထက်ရရှိကြသော စစ်သည်များမှ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦး စုစုပေါင်း စစ်သည် ၁၃ ဦး၊ တပ်မတော်သားမိသားစု ဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သားသမီးများနှင့် စစ်သည် အစားခန့် အရပ်သားအမှုထမ်းများ၏ သားသမီးများဖြစ်သော ခြောက်ဘာသာ ဂုဏ်ထူးရှင် ၃၁ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၆၉ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၁၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၄၉ ဦးနှင့် အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်သူ တစ်ဦး စုစုပေါင်း ၃၇၅ ဦးတို့အားလည်းကောင်း၊ နိုင်ငံတော် အဆင့် ဘက်စုံပညာထူးချွန်ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၀ ဦးနှင့် နိုင်ငံတော်အဆင့် စာစီစာကုံးပြိုင်ပွဲ ပထမဆုရရှိသူ တစ်ဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါးပြိုင်ပွဲ ပထမဆုရရှိသူ တစ်ဦး၊ နိုင်ငံတော်အဆင့် ဆောင်းပါးပြိုင်ပွဲ ဒုတိယဆုရရှိသူ တစ်ဦးတို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်ပညာသင်ဆုရရှိသော တပ်မတော် သားမိသားစုဝင်များနှင့် စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီး ၆၉ ဦးနှင့် အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်သည့် ကျောင်းသားကျောင်းသူ သုံးဦး စုစုပေါင်း ၇၂ ဦးတို့အားလည်းကောင်း၊ စုစုပေါင်း ၄၈၀ ဦးအား ဂုဏ်ပြုရွှေပြားဆု၊ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ် ချီးမြှင့်ပြီး Win & Win Company မှလည်း စက်ဘီး ၄၈၀ စီး ချီးမြှင့်ပေးအပ်ခဲ့ သည်။

ထို့အပြင် ယနေ့ ပညာရည်မြှင့်တင်မှု ဂုဏ်ပြုအခမ်းအနားတွင် ပညာ ဒါနစေတနာရှင်၊ အလှူရှင်များမှ လှူဒါန်းငွေများဖြင့် ဂုဏ်ထူးရစစ်သည်များ၊ တပ်မတော်သားမိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများမှ တစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိသူ စုစုပေါင်း ၁၂၈၅ ဦး တို့အား ဂုဏ်ထူး တစ်ဘာသာလျှင် ဂုဏ်ပြုငွေကျပ် တစ်သိန်းနှုန်းဖြင့် ထပ်ဆောင်းချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၉

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဂျပန်အောက်လွှတ်တော်အမတ်နှင့် ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ အိချိရို အအိစာဝါ ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ဂျပန်-မြန်မာ လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်း အတွင်းရေးမှူး ဦးဝင်းနိုင်ရှိန်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ရှိပြီးဖြစ်သည့် နှစ်နိုင်ငံချစ်ကြည်ရေးကို တိုးမြှင့်တည်ဆောက်ရေးနှင့် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇူလိုင် ၉

ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုး တိုးတက်ရေးအတွက် စီးပွားရေး လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော် သမ္မတရုံး ရုံးအမှတ်(၁၈)အစည်း အဝေးခန်းမ၌ကျင်းပရာ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဒုတိယဝန်ကြီး ဦးပွင့်ဆန်း၊ နိုင်ငံတော်သမ္မတ အကြံပေးပုဂ္ဂိုလ် ဦးဇော်ဦး ၊ စည်ပင် သာယာရေးကော်မတီ (ရန်ကုန်/ မန္တလေး)နှင့် ဌာနဆိုင်ရာ တာဝန်ရှိ သူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စု ဝန်ကြီး ဦးတင်နိုင်သိန်းက နိုင်ငံတော် ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း စဉ်ထဲတွင် ပုဂ္ဂလိကကဏ္ဍပြောင်းလဲ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ပါဝင် ပါကြောင်း၊ ယင်းလုပ်ငန်းအောင်မြင် ရန် အစိုးရဌာနများ၏ ဥပဒေ လုပ်ထုံးလုပ်နည်းများအား ဖြေလျှော့မှု များစွာ ပြုလုပ်လျက်ရှိသော်လည်း တာဝန်သိမှု၊ တာဝန်ယူမှုနှင့် ပေါင်းစပ်ညှိနှိုင်းမှုတို့ကို ဌာနအားလုံး ပူးပေါင်းညှိနှိုင်းရမည့် ကိစ္စများ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် လျင်မြန် သွက်လက်လာမည်ဖြစ်ပါ ကြောင်း၊ မိမိတို့ဌာနဆောင်ရွက်မှု တိုးတက်မှုများကိုလည်း အများ ပြည်သူသိရှိရေးအတွက် ပွင့်လင်း မြင်သာစွာ ထုတ်ပြန်ကြေညာသွား ရန်လိုကြောင်း၊ Ease of Doing Business ဆိုင်ရာကိစ္စများအား ပုဂ္ဂလိကအသင်းအဖွဲ့များ၊ ဖွံ့ဖြိုးမှု မိတ်ဖက် အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုပြုလုပ်သွားရန် လိုအပ် ကြောင်း၊ စီးပွားရေးလုပ်ငန်းများ အတွက် ဌာနဆိုင်ရာလုပ်ထုံး လုပ်နည်း ဖြေလျှော့ရုံသာမက သယ်ယူ ပို့ဆောင်ရေးနှင့် ပို့ကုန်သွင်းကုန် လုပ်ငန်းများ မြန်ဆန်လွယ်ကူရေး တို့ကို အလေးထားဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးပွင့်ဆန်းနှင့် နိုင်ငံတော်သမ္မတ အကြံပေးပုဂ္ဂိုလ် ဦးဇော်ဦးတို့က နိုင်ငံတော်သမ္မတကြီး၏ ပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ်များအား တတိယအဆင့် အရှိန်မြှင့်တင်ဆောင် ရွက်ရေးအစီအစဉ်တွင် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံအုတ်မြစ် ချမှတ်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားအဆင်ပြေ တိုးတက်ကောင်းမွန်ရေး ပါဝင်သည့် အတွက် ဌာနဆိုင်ရာ အားလုံးက အားကြိုးမာန်တက် ပူးပေါင်းဆောင် ရွက်ကြရန် ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် ဌာန ဆိုင်ရာများနှင့် စည်ပင်သာယာရေး ကော်မတီများက ဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေများ ဆွေးနွေး တင်ပြခဲ့ကြကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

မြစ်မီးရောင်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးမတည်ငွေထုတ်ချေး

လောင်းလုံး ဇူလိုင် ၉

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနတွင် ဇူလိုင် ၈ ရက်က အရင်းမပျောက် မတည်ငွေများ ထုတ်ချေးပေးရာ ဒေါင်းရှောင် ကျေးရွာ၊ ဖွားဘုတ်ပြင်ကျေးရွာ၊ အင်းဝန်းကျေးရွာ၊ ပန်းဒလဲကျေးရွာ၊ ဟင်းချိုတောကျေးရွာ၊ ကျောက် မတ္တပ်ကျေးရွာများသို့ တစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ သည်။ **(လောင်းလုံးပြန်/ဆက်)**

လဝါဆိုကား ဂေါတမမာရ်နိမ် မြတ်သည့်သိမ်သို့

ဝိသဇ္ဇက(ပဲခူး)

အုံမှိုင်းငယ်တဲ့နယ်ရှစ်ခွင် ငွေစန်းအာသဠ်နှင့်
ယှဉ်ကာမှီပုဏ္ဏာပြည့်တယ် ထွန်းသည့်ဝေဟင်
နဘန်မှာ ပြာမှိုန်ခပါလို့ ဝဿန္တာခါချိန်စမှာမို့
နာဂိန်ပတာရာဆင် အာ့ခွင်ကပဇ္ဇုဖျန်း
ပဥ္စင်းတော်ခံမယွင်းနော် အခါတန်ပေါ့
မဟာဒါန်အဌင်္ဂငယ်နှင့် ဘဂဝါအရဟံရင်ပြင်ပမှာလ
တင်သရန်မာလာကုံးကြတယ်၊ ပုန်းညက်ငွေပန်း
(မဟာဂီတ ဦးပြုံးချို၏ဝါဆိုလလေးဆစ်သဖြန်)

ဝါဆိုလကား ဘုရားသာသနာတော်ကို ထူထောင်၍ သာသနာတော်၏ အထောက်အပံ့ဖြစ်သော သံဃာတော်များကို ကျစ်လျစ်ခိုင်မာစေရန် ပြုစုသော သဘောရှိခြင်းကြောင့် သာသနာပြုလုပ်ရန်နှင့် ယှဉ်၍စဉ်းစားလျှင် ဝါဆိုလသည်လည်း အထွတ်အမြတ်ပြုရာလဖြစ်ပေသည်။

လဝါဆိုကိုရာသီအလို "ကရကဋ်"ခေါ်ဆို၏။ ပြဗ္ဗာသဠ်နက္ခတ်နှင့် စန်းယှဉ်ပြည့်သည်။ ဗျိုင်းတာရာထွန်းပ၏။ တချို့က ဥတ္တရာသဠ်နက္ခတ်နှင့်စန်းယှဉ်ပြည့်ကာရာသီရုပ်မှာ ပုစွန်လုံးကဏန်းသတ္တဝါပုံဖြစ်၏။ ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုစကားရှိ၏။ မိုးဖြိုင်ဖြိုင်ရွာနေပြီဖြစ်သော ဝါဆိုလ ရာသီတွင် မိုးပွင့်နှင့်အတူပွင့်ပြုလာကြသော ရာသီပန်းမှာ ပုန်းညက်ပန်းဖြစ်၏။ ပုန်းညက်ဟူသော စကားမှာပါဠိသဒ္ဒါပုန္နာဂမှဆင်းသက်သည်ဟု အချို့က ဆိုသည်။ ကံ့ကော်၏ ပါဠိအမည်မှာ နာဂဖြစ်၍ ကံ့ကော်နှင့်ပုန်းညက်အမျိုးနီးစပ်သည်ဟုလည်းယူဆကြသည်။ ပုန်းညက်ပန်းသည် အဖြူရောင်ဖြစ်၍ ဖယောင်းကဲ့သို့ ညက်ညောသည်။ ဝတ်ဆံမှာအဝါဖြစ်သည်။ အခိုင်လိုက်ပွင့်၍ မွှေးကြိုင်သည်။

ရှေးအခါက ဝါဆိုလကိုမြွယ်တာလ၊ နွယ်တာလ၊ နွေတာလဟူ၍ ခေါ်ဝေါ်ကြသည်ဆို၏။ အဓိပ္ပာယ်မှာ နွေနှင့် နွယ်သည်ဂိမာနွေရာသီကိုခေါ်ဆိုသည်။ တာမှာအပိုင်းအခြားအကူးအပြောင်းဟုအဓိပ္ပာယ်ရ၏။ ထို့ကြောင့် နွေမှ မိုးသို့ကူးပြောင်းသောလဟု ဖတ်ရမှတ်ရသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့သည် ကိုးကွယ်ရာအယူဝါဒတို့ကို အကြောင်းပြု၍ဖြစ်စေ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အကြောင်းပြု၍ဖြစ်စေ နေလနက္ခတ်တို့ကို အကြောင်းပြု၍ဖြစ်စေ၊ ရာသီအလိုက်ပွဲတော်များကိုကျင်းပလာကြသည်။ တစ်ဆယ့်နှစ်လ၊ တစ်ဆယ့်နှစ်လရာသီအတွက် ပွဲတော်တစ်ဆယ့်နှစ်မျိုးမကရှိသည်။ မြန်မာ့ဆယ်နှစ်ရာသီပွဲတော်များအကြောင်းကို ဖော်ညွှန်းရာတွင် မည်သည့်လ၊ မည်သည့်ရာသီ၌ မည်သည့်နက္ခတ်သည် မည်သည့်စန်းနှင့်ယှဉ်ကြောင်း အဓိကဖော်ပြသည်။

ထို့ကြောင့် တန်ခူးလမိဿရာသီ၌ စိတြနက္ခတ်စန်းနှင့်ယှဉ်သောအခါ ပိတောက်ပန်းပွင့်ကြသည်။ သင်္ကြန်နှစ်ဦးကို ကျင်းပကြသည်ဟူသော အကြောင်းကို ဖွဲ့ဆိုကြသည်။ သို့ဖြစ်၍ အများသိပြီးသောအကြောင်းကို ထပ်ခါတလဲလဲ မဖော်ကျူးဘဲ အများမသိသောအချက်တို့ကိုသာလျှင် ရှာဖွေ၍ စာဆိုတော်များက အဓိကထား၍ ရာသီဖွဲ့များကို ဖွဲ့ဆိုကြသည်။

ထို့ကြောင့် စပ်ဆိုသောသူတို့သည် အကြောင်းအရာချင်းထပ်နေသောကြောင့် ရာသီဖွဲ့ဆိုသည်မှာ တစ်ခါလာလည်း မဲပြာပုဆိုးကဲ့သို့ဖြစ်လေမည်လောဟု ထင်တွေးဖွယ်ရာရှိသည်။ သို့ရာတွင် စာဆိုတော်တို့သည် အဓိကအချက်တို့၌ အကြောင်းအရာချင်းထပ်၍ စပ်ဆိုသည်ပင်ဖြစ်သော်ငြားလည်း ယင်းတို့၏ ဖွဲ့ပုံ၊ သရုပ်ဖော်ပုံ၊ စိတ်ကူးပုံ၊ စိတ်ခံစားပုံ၊ တွေးခေါ်ပုံတို့အား တစ်ဦးနှင့်တစ်ဦးမတူ၊ မိမိအာဘော်နှင့် မိမိထူးခြားသည်ဖြစ်သောကြောင့် ရာသီဖွဲ့၏အရသာကို ခံစားသော သူတို့သည် ငြီးငွေ့ဖွယ်ဟု မယူဆနိုင်ကြချေ။ တစ်မျိုးစီသာ ကောင်းကြသည်၊ ကြိုက်နှစ်သက်ကြသည်။

"ဂေါတမမာရ်နိမ် မြတ်သည့်သိမ်သို့ ငြိမ်ဆိမ်သည်းဝင်သိက္ခာတင်သည်" ဟူ၍ ဆီသည်ရွာစား ဦးအောင်ကြီးက ဝါဆိုလကူးတားကဗျာတွင် ဖော်ညွှန်းသည့်အတိုင်း ရှေးအခါက ဝါဆိုလ၏ ရာသီပွဲတော်သည် ရဟန်းခံရှင်ပြုပွဲဖြစ်လေသည်။

ရှေးမြန်မာဘုရင်မင်းမြတ်တို့သည် နယုန်လ၌ စာပြန်ပွဲကို ကျင်းပပြီးသော် ရှင်သာမဏေနှင့်တကွသော ရဟန်းသံဃာတော်တို့ကို ပညာအရည်အချင်းအလိုက် အဆင့်ဆင့်ရွေးချယ်၍ ချီးမြှောက်ပူဇော်တော်မူကြသည်။ ထို့နောက် ပဥ္စင်းတက်ရန် အရွယ်ရောက်သောအခါ ရှင်သာမဏေတို့ကို ပဥ္စင်းခံပေးကြသည်။ ထို့ကြောင့် နယုန်လကုန်၍ ဝါဆိုလသို့ရောက်သောအခါ ပဥ္စင်းတော်ခံပွဲများ ကျင်းပကြသည်မှာ များစွာသဘာဝကျပေသည်။

ဝါဆိုဟူသောစကားလုံးသည် ဗုဒ္ဓဘာသာကိုအခြေပြု၍ ခေါ်ဝေါ်ကြသော စကားလုံးဟု ယူဆရာ၏။ မြတ်စွာဘုရားရှင်၏ တပည့်သံဃာတော်တို့ ဝါဆိုဝါကပ်ဝါတွင်းမိုးလတွင်ပါဝင်သည့်လဖြစ်၏။ ဝါမှာဝဿဟူသော ပါဠိမှလာ၍နေခြင်းဖြစ်၏။ ဆိုမှာရွတ်ဆိုခြင်းဖြစ်၏။ ဝါဆိုဟူသော စကားလုံးကို "ဤအရာမ်အတွင်း၌ မိုးသုံးလပတ်လုံးနေပါမည်"ဟု ရွတ်ဆိုကတိပြုခြင်းဆိုလိုသည်။ ၎င်းကို မာဂဓအလို "ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ"ဟု ရွတ်ဆိုရသည်။

မြန်မာနိုင်ငံ၏ ပထဝီအနေအထားမှာ နွေ၊ မိုး၊ ဆောင်းဟူ၍ ဥတုသုံးပါးရှိရာတွင် ထိုဥတုသုံးပါးသည် တစ်ဥတုမှ တစ်ဥတုသို့ ပြောင်းသည့်အခါ အပူအအေးအားပြိုင်တက်ကြသည်။ ထိုအခါမျိုးတွင် ရောဂါဝေဒနာများ ကျရောက်တတ်သည်။ တိုင်းရင်းဆေးပညာအလိုအရ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ မိုးဥတုသတ်မှတ်ထားသည်။ သို့သော်လည်း နွေအပူကမကုန်သေး၊ မိုးကလည်းမပီပြင်၊ အပူအအေးအားပြိုင်ဆဲကာလဖြစ်၏။ ရောဂါဝေဒနာများကျရောက်တတ်ပေသည်။ အစားအသောက် အနေအထိုင်များကို ဆင်ခြင်စွာ နေထိုင်စားသောက်ကြရပေမည်။

> ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်၌ စုတေပြီးသော် လူ့ပြည်၌ ပဋိသန္ဓေနေသည်မှာ ဝါဆိုလပြည့်နေ့ဖြစ်သည်။ နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်တော်မူသည်မှာလည်း ဝါဆိုလပြည့်နေ့ဖြစ်သည်။ ဘုရားအလောင်းတော်သည် ဘုရားအဖြစ်သို့ရောက်၍ ဓမ္မစကြာတရားဦးဟောတော်မူသည်မှာလည်း ဝါဆိုလပြည့်နေ့ဖြစ်သည်။ သာဝတ္ထိပြည် သရက်ဖြူပင်၏အရင်း၌ တိတ္ထိတို့ကို နှိမ်နင်း၍ တန်ခိုးပြာဋိဟာပြသောနေ့သည်လည်း ဝါဆိုလပြည့်နေ့ဖြစ်သည်။

ဝါဆိုဝါခေါင်နှစ်လသည် ဝဿနဥတုမည်၏။ ဤဥတုသည် စိုစွတ်၏။ ပူတုံအေးတုံရှိ၏။ အိုက်စပ်၏။ ကောင်းကင်တွင် မိုးတိမ်တို့မပြတ်ရှိတတ်၏။ အနောက်လေပူတတ်၏။ နတ်သမီးကွမ်းသွေးစသော ပိုး၊ မှတ်၊ ခြင်၊ ယင်၊ ဖား၊ မြွေ၊ ငှက်တို့ သားပေါက်ဖွားကြ၏။ ထိမ်၊ မအူ၊ လက်ထုပ်၊ ဆပ်သွား၊ မုလေး၊ ပုန်းညက်၊ စံပယ်တို့ပွင့်ကြကုန်၏။ မြစ်ရေတို့ ပြည့်လျှံ၍ ရေအိုင်၊ ရေကန်စသည်တို့တွင် ကြာဖြူ၊ ကြာနီ၊ ကြာညိုတို့ပွင့်ကြကုန်၏။ အမြစ်၊ အသီး၊ အပွင့်၊ အရွက်၊ ဆေးမျိုးတို့သည် ပေါက်သစ်စဖြစ်၍ ဓာတ်နုသောကြောင့် အစွမ်းသတ္တိနည်း၏ဟု ကျမ်းများက ဆိုထားသည်။

ယင်းသို့သော ရာသီဥတုတွင် ဝမ်းမီးနှံ့ကာ အစာမကြေရောဂါဖြစ်စေသည်။ မိုးနှင့်အတူ တွဲလျက်ပေါ်ပေါက်လာသော ပိန္နဲသီး၊ ဒူးရင်းသီး၊ နာနတ်သီးမှစ၍ ကြေခဲကျက်ခဲသောသီးနှံများကို ဆင်ခြင်ကာ စားသုံးပြီး ကြေလွယ်ကျက်လွယ်သော အစားအစာများကိုသာ စားသောက်သင့်သည်။ ထိုကဲ့သို့ အမှည့်လွန်သစ်သီးများမှ ယင်နားစာများ၊ ဝမ်းနူးစာများ၊ မလတ်ဆတ် မသန့်ရှင်းသော အစားအစာများကို သတိကြီးစွာဖြင့် စားသောက်နေထိုင်ကြရပါမည်။ မိုးဦးကျအခါဖြစ်တတ်သောရောဂါများကို ကာကွယ်လိုလျှင် လေစိမ်းတိုက်မခံဘဲ နွေးနွေးထွေးထွေးနေသင့်သည်။

လေချုပ်၊ လေထိုး၊ လေအောင့်ဖြစ်လျှင် တိုင်းရင်းဆေးနံပါတ်(၃၃)(လေပုပ်ထုတ်)ဆေးကို ရေနွေးဖြင့်သောက်ပါ။

တုပ်ကွေးဖျား၊ အအေးမိဖျားတို့ကို တိုင်းရင်းဆေးနံပါတ်(၆) ဟလိတ္ထစုန္နင်န်းဆေး၊ တိုင်းရင်းဆေး(၂၅)မတဲမြင်းမိုရ်ကုန်းဆေးတစ်မျိုးမျိုးကို ကွမ်းရွက်ပြုတ်ရည်၊ ချင်းပြုတ်ရည်တစ်မျိုးမျိုးဖြင့် သောက်နိုင်ပါသည်။

ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းပျက်၊ ဝမ်းလျှောခြင်းတို့ကို တိုင်းရင်းဆေးနံပါတ်(၃၅)ဇာတိလဝင်္ဂန်းဆေးကို နံနက်၊ ညရေနွေးဖြင့်သောက်ပါ။

မျက်စိနာဖြစ်ပါက တိုင်းရင်းဆေးနံပါတ်(၁၂) စက္ခုပါလဆေးနှင့် ဝမ်းနုတ်ပေးပါ။ မဲဇလီမြစ်ကို သွေး၍ မျက်စိကို ကွင်းပေးပါ။ အပူလွန်၊ အဖုအကျိတ်များဖြစ်ပါက တိုင်းရင်းဆေးနံပါတ် (၄၃)နှင့် ရေအေးဖြင့်သောက်ပါ။ သွေးပုပ်လေပုပ်ကြောင့်ဖြစ်သော အဖုအကျိတ်ဖြစ်က နာမည်ကြီးဒေဝယက္ခ မန်းဆေးလိမ်းပေးပါ။ တိုင်းရင်းဆေး(၁၀) ဝမ်းနုတ်ဆေးဖြင့် ဝမ်းနုတ်ပေးပါ။ ဝါဆိုလ မိုးဦးကျမှာဖြစ်တတ်သော ရောဂါများ ကာကွယ်ပျောက်ကင်းပါမည်။

အထူးသဖြင့် ဝါဆိုလပြည့်နေ့သည် ကဆုန်လပြည့်နေ့နည်းတူ လွန်စွာထူးခြားသည်။ ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်၌ စုတေပြီးသော် လူ့ပြည်၌ ပဋိသန္ဓေနေသည်မှာ ဝါဆိုလပြည့်နေ့ဖြစ်သည်။ နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်တော်မူသည်မှာလည်း ဝါဆိုလပြည့်နေ့ဖြစ်သည်။ ဘုရားအလောင်းတော်သည် ဘုရားအဖြစ်သို့ရောက်၍ ဓမ္မစကြာတရားဦးဟောတော်မူသည်မှာလည်း ဝါဆိုလပြည့်နေ့ဖြစ်သည်။ သာဝတ္ထိပြည် သရက်ဖြူပင်၏အရင်း၌ တိတ္ထိတို့ကို နှိမ်နင်း၍ တန်ခိုးပြာဋိဟာပြသောနေ့သည်လည်း ဝါဆိုလပြည့်နေ့ဖြစ်သည်။ ဤကဲ့သို့သော ထူးခြားချက်ငါးချက်နှင့် ပြည့်စုံသောကြောင့် ဝါဆိုလပြည့်နေ့ကို အထွတ်အမြတ်ပြုကြသည်။

မဟာသက္ကရာဇ် ၁၀၃ ခု ဝါဆိုလပြည့်နေ့ ညဦးယံတွင်ဖြစ်သည်၊

ရှင်ရဟန်းတို့၊ ရှင်ရဟန်းဖြစ်သောသူသည် မမှီဝဲမဆည်းကပ်အပ်သည့် နှစ်ပါးသော တရားအစုမှာ---

ယုတ်ညံ့သော ရွာသူတို့၏ အမှုကိစ္စ၊ ပုထုဇဉ်တို့၏ အလေ့အကျင့်စသည့် အရိယာသူတော်စင်တို့၏ အကျင့်မဟုတ်သော မိမိတို့ လိုလားအပ်သည့် အကျိုးစီးပွားအစစ်နှင့်မဆိုင်သော အဆင်း၊ အနံ့၊ အရသာ၊ အတွေ့ဟူသည့် အာရုံတို့ နှစ်သက်သာယာလျက် အဖန်တလဲလဲခံစားအပ်သော တရားအစုသည်ရှိ၏။ ထိုတရားအစုသည် မမှီဝဲမဆည်းကပ်အပ်သော အစွန်းရောက်သော တရားအစုဖြစ်၏။

ဆူးငြောင့်ကိုမှီ၍ အိပ်ခြင်း၊ မီးလှုံခြင်း၊ ရေခပ်ခြင်း၊ တုံးခုန်ခြင်းသည် တိတ္ထိတို့၏ အမှုကိစ္စဖြစ်သော အရိယာသူမြတ်တို့၏ အကျင့်မဟုတ်သော မိမိတို့လိုလားသည့် အကျိုးစီးပွားအစစ်နှင့်မဆိုင်သော တရားဓမ္မရကြောင်းမဟုတ်သည့်အကျင့်တို့ဖြင့် မိမိကိုယ်ကို ပင်ပန်းညှဉ်းဆဲသော တရားအစုသည်ရှိ၏။

ထိုတရားအစုသည်လည်း မမှီဝဲ၊ မဆည်းကပ်အပ်သော အစွန်းရောက်တရားအစုဖြစ်၏။

ထိုအမှားဖြစ်သော အစွန်းရောက်တရားစုနှစ်ခုကိုရှောင်ကြဉ်ပြီး ဘယ်ဘက်ကိုမှမလိုက်သော အလယ်အလတ် အကျင့်တရားပင်ဖြစ်၏။

ရုပ်နာမ်သည်လည်း ဆင်းရဲ၏။ ပဋိသန္ဓေနေရခြင်းသည်လည်း ဆင်းရဲ၏။ အိုခြင်း၊ နာခြင်း၊ သေရခြင်းသည်လည်း ဆင်းရဲ၏။ မချစ်မနှစ်သက်သောသူနှင့် ပေါင်းရခြင်းသည်လည်း ဆင်းရဲ၏။ ချစ်သောသူနှင့်ခွဲခွာရခြင်းသည်လည်း ဆင်းရဲ၏။ လိုချင်တာကို မရခြင်းသည်လည်း ဆင်းရဲခြင်းဖြစ်၏။

အချုပ်အားဖြင့် ခန္ဓာငါးပါးရုပ်နာမ်အစုတို့သည်လည်း ဆင်းရဲစေခြင်းကိုဖြစ်ကုန်၏။

ငါဘုရားသည် ထိုးထွင်း၍ သိတော်မူအပ်သော သစ္စာလေးပါးကို မြင်အပ်သည့် ပညာမျက်စိကိုပြုတတ်သော၊ သစ္စာလေးပါးအားသိခြင်းကို ပြုတတ်သော တရားသည်ရှိ၏။ ထိုတရားသာလျှင် ဝဋ်ဆင်းရဲမှလွတ်မြောက်ခြင်းကို အလိုရှိသောသူတို့ ကျင့်အပ်သော မြတ်သောအကျင့်ဖြစ်၏။

ထိုအကျင့်သည်ကား ကောင်းစွာမြင်ခြင်း၊ ကောင်းစွာကြံခြင်း၊ ကောင်းစွာပြောဆိုခြင်း၊ ကောင်းစွာပြုလုပ်ခြင်း၊ ကောင်းစွာအသက်မွေးခြင်း၊ ကောင်းစွာ အားထုတ်ခြင်း၊ ကောင်းစွာအောက်မေ့ခြင်း၊ ကောင်းစွာတည်ကြည်ခြင်းစသော တရားရှစ်ပါးသာလျှင်ဖြစ်၏။

ဤကား သုံးလောကထွတ်ထား မြတ်ဘုရားရှင်သည် ဗာရာဏသီပြည် မိဂဒါဝုန်သမင်တော၌ ပဥ္စဝဂ္ဂီငါးဦးအား ဝါဆိုလပြည့်နေ့က ဟောကြားတော်မူသော ဓမ္မစကြာတရားတော်၏ ဖွင့်ဆိုချက်တချို့ပင် ဖြစ်ပါသည်။

ငါဘုရား ကောင်းစွာဟောကြားထားသော "သံသရာဝဋ်ဆင်းရဲ၏ အဆုံးတိုင်အောင် ရောက်ခြင်းငှာ ကောင်းမြတ်သောတရားတော်ရှစ်ပါးကို ကျင့်လေလော့. . . "ဟူ၍ မိန့်ဆိုပြသလျက်ရှိပေသော ဝါဆိုလပြည့်နေ့ပင် ဖြစ်ပါသတည်း။ ။

ရန်ကုန်-မန္တလေးအမြန်လမ်းတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဖြူး ဇူလိုင် ၉

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် သစ်တောဦးစီးဌာနမှကြီးမှူး၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးအထောက်အကူပြု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဖြူးမြို့နယ် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့အစည်းများမှ သစ်ပင်ချစ်သူများ၊ ဒေသခံပြည်သူ ၃၀၀ ကျော်တို့က ဇူလိုင် ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမိုင်တိုင်(၁၁၁)လမ်းဘေးဝဲ/ယာတို့တွင် ကျွန်းနှင့်သစ်မာမျိုးစုံ အပင် ၁၀၀၀ ကို တပျော်တပါးစိုက်ပျိုးကြကြောင်း သိရသည်။ **(ဖြူးမြင့်ဦး)**

မြန်အောင်၌ ရေဘေးကာကွယ်ရေးပညာပေး

မြန်အောင် ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကဇွန်းခုံကျေးရွာအုပ်စု ကဇွန်းခုံကျေးရွာ အမှတ်(၃) ရေကင်းစခန်း၌ ဇူလိုင် ၈ ရက်က မိုးရာသီရေဘေးကာကွယ်ရေး ပညာပေးသရုပ်ပြပွဲကို မြို့နယ်ဆည်မြောင်းဦးစီးဌာနက ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးညွှန့်တို့က မိုးရာသီတွင် ဧရာဝတီမြစ်ကမ်းဘေး၌ရှိသော ကျေးရွာများရှိ ကျေးလက်ပြည်သူများ ရေဘေးအန္တရာယ်ကာကွယ်ရေးနည်းလမ်းများနှင့် သတိပြုရမည့်အချက်များကို သိရှိနားလည်ရန်လိုအပ်ကြောင်းနှင့် မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ AE ဦးမျိုးဇော်ဇော်က ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ ဖြစ်သည့် တာထိပ်ပေါ်ရေကျော်ခြင်း၊ ရေပေါက် (ထူးပေါက်)ပေါက်ခြင်း၊ တာအိခြင်း၊ သဲဗွက်ထခြင်း၊ လှိုင်းပုတ်ခြင်း၊ ကမ်းပြိုခြင်း၊ ရေစိမ့်ခြင်းစသည်တို့ဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ ကာကွယ်ရန်နည်းလမ်းများနှင့် သတိပြုရမည့်အချက်များကို သရုပ်ပြရှင်းလင်းခဲ့ပြီး မြစ်ရေကြီးစဉ် ဆောင်ရန်၊ ရှောင်ရန်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ရေဘေးကာကွယ်ရေးသရုပ်ပြပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဝင်းဗိုလ်(မြန်/ဆက်)

ဟိုင်းကြီးကျွန်းမြို့အဝင် ဘီးခွန်စတင်ကောက်ခံ

ဟိုင်းကြီးကျွန်း ဇူလိုင် ၉

ဟိုင်းကြီးကျွန်း-ခမောက်မော်ကို ဆက်သွယ်ထားသော တံတားအနီး မြို့အဝင်လမ်းမတွင် မြို့နယ်ခွဲစည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း မြို့ဝင်ဘီးခွန် ကောက်ခံခြင်းလုပ်ငန်းကို ဇူလိုင် ၁ ရက်က စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဒေသခံဆိုင်ကယ်တက္ကဆီမောင်းသူများထံမှ သိရသည်။

(မြို့နယ်ပြန်/ဆက်)

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အရှေ့ဘက်ခြမ်းရှိ ကျေးရွာများ လျှပ်စစ်မီးလင်းရေးအခမ်းအနား ကျင်းပ

မုံရွာ ဇူလိုင် ၉

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်အရှေ့ဘက်ခြမ်းရှိ ကန်ပေါက်ကျေးရွာ၊ တင်ငုတ်ကြီးကျေးရွာ၊ ကုလားကုန်း၊ ဆားကျင်းကျေးရွာ၊ သရက်တောကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး အခမ်းအနားကို ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် ကန်ပေါက်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးကျော်နိုင်၊ တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာမှူး ဦးစိန်ကျော်တင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ကျေးလက်မီးလင်းရေးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ထရန်စဖော်မာအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာမှူး ဦးစိန်ကျော်တင့်က လျှပ်စစ်မီးလင်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကျေးရွာအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဂျာနယ်၊ စာစောင်များ၊ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကုက္ကိုလ်ကုန်းကျေးရွာ၌ ကျင်းပသော သဖန်းဆိပ်ဆည် အရှေ့ဘက်ခြမ်းရှိ ကျေးရွာကိုးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ၂၄ နာရီလျှပ်စစ်မီးလင်းပြီ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အလားတူ ကုက္ကိုလ်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ မူးနဒီကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့သည်။

အဆိုပါ မူးနဒီကျောင်းဆောင်သစ်သည် အလျားပေ ၁၄၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်အဆောက်အအုံဖြစ်ပြီး စုစုပေါင်းကုန်ကျ ငွေကျပ် ၄၃၂ သိန်းဖြစ်သည်။

ယင်းနောက် သဖန်းဆိပ်ဆည် ပင်မရေပို့လွှဲတံတား ဖွင့်ပွဲအခမ်းအနား၊ သဖန်းဆိပ်တံတား(၁)ဖွင့်ပွဲ အခမ်းအနားတို့သို့လည်း တက်ရောက်ခဲ့သည်။

ယင်းပင်မရေပို့လွှဲတံတားသည် အရှည်ပေ ၄၄၀ နှင့် အကျယ် ၂၃ ပေရှိ သံကူကွန်ကရစ်တံတားဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေကျပ်သိန်း ၈၈၀၀ ဖြစ်ကာ သဖန်းဆိပ်(၁)တံတားသည် အရှည်ပေ ၃၆၀ နှင့် အကျယ် ၂၃ ပေရှိ သံကူကွန်ကရစ်တံတားဖြစ်၍ စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၈၀၅၀ ဖြစ်သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့်အဖွဲ့သည် သဖန်းဆိပ်ဆည်၊ သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံနှင့် ဆည်ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးပြီး ကန့်ဘလူမြို့နယ် ရွာသစ်ကုန်းကျေးရွာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကျေးရွာ၏ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကင်းတပ်ရေလွှဲတမံအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် မြေထူးကျေးရွာ၊ ထန်းကုန်းကျေးရွာ၊ သရက်ကန်ကြီးကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျေးရွာများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဂျာနယ်၊ စာစောင်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ခင်ဦးမြို့နယ် ရွှေမင်းဂံကျေးရွာ၊ သင်ပေါင်းကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(တိုင်းဒေသကြီးပြန်/ဆက်)**

ပြည်သူလူထုပူးပေါင်းပါဝင်သော မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိ

မန္တလေး ဇူလိုင် ၉

မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ပိတ်ပင်ရေးအတွက် ပြည်သူလူထုပူးပေါင်းပါဝင်သော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၄) မှ သိရသည်။

နိုင်ငံတော်အနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို တားဆီးကာကွယ်ရန်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပြီး အမြစ်ပြတ်သည်အထိ စုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်အထူးတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုပူးပေါင်းပါဝင်ဖော်ထုတ်မှုဖြင့် ပိုမိုဖမ်းဆီးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိရာ ပြည်သူလူထုအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခြင်းဖြင့် လူငယ်များ လမ်းမှားမရောက်နိုင်စေရေးအတွက် ဟန့်တားတားဆီးနိုင်မည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း အထူးအစီအစဉ်တစ်ရပ်အနေဖြင့် မူးယစ်ဆေးဝါးဖမ်းဆီးဖော်ထုတ်ရေးကိစ္စကို မေလနှင့်ဇွန်လတို့တွင် တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ဆက်စပ်နယ်မြေများ၏ ညှိနှိုင်းဖော်ထုတ်ဖမ်းဆီးမှုများကြောင့် ခြောက်လတာကာလအတွင်း ပိုမိုများပြားစွာဖမ်းဆီးနိုင်ခဲ့ကာ ၂၀၁၃ ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးများ တရားမဝင်ရောင်းဝယ်မှုဖော်ထုတ်ရေးနေ့အခမ်းအနားတွင် မူးယစ်ဆေးဝါးအမျိုးအစား ၂၂ မျိုး တန်ဖိုးငွေ ၇၇၆၀၄၆၃၀၃၃ ဒသမ ၅ ကျပ် မီးရှို့ဖျက်ဆီးခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် မူးယစ်ဆေးဝါးအမျိုးအစား ၂၈ မျိုး တန်ဖိုးငွေ ၃၂၂၂၅၈၀၅၉၃၉ ကျပ်တန်ဖိုးရှိ မူးယစ်ဆေးဝါးများအား မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။**(ဓာတ်ပုံ)**

နှစ်အလိုက် မူးယစ်ဆေးဝါးစုံစမ်းဖော်ထုတ်ဖမ်းဆီးမှုများအနေဖြင့် ၂၀၁၃ ခုနှစ်တွင် ပြည်ကြီးတံခွန်မြို့နယ်အတွင်း၌ အမှုပေါင်း ၂၈ မှု၊ တရားခံ ၉၀၊ အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့တွင် အမှုပေါင်း ၄၁ မှု၊ တရားခံ ၉၃ ဦး၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ပြည်ကြီးတံခွန်မြို့နယ်အတွင်း၌ အမှုပေါင်း ၃၄ မှု၊ တရားခံ ၇၃ ဦး၊ အောင်မြေသာစံနှင့် ချမ်းအေးသာစံမြို့နယ်တို့တွင် အမှုပေါင်း ၄၁ မှု၊ တရားခံ ၁၀၀ တို့အား ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။

ထို့ပြင် အောင်မြေသာစံမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ် ကမ်းနားလမ်းတစ်လျှောက်၌ ၂၀၁၃ ခုနှစ်တွင် မူးယစ်ဆေးဝါးရောင်းဝယ်မှု သုံးမှု၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ဘိန်းဖြူ၊ ဘိန်းစိမ်း၊ ဘိန်းဆီခဲ၊ စိတ်ကြွဆေးပြားနှင့် ဆူဒိုအက်ဖီဒရင်းဆေးပြားရောင်းဝယ်မှု ကိုးမှုအား နယ်မြေခံရဲတပ်ဖွဲ့များနှင့် မူးယစ်အထူးတပ်ဖွဲ့ဝင်များ ပူးပေါင်းလျက် စုံစမ်းဖော်ထုတ်အရေးယူနိုင်ခဲ့သည်။

မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအောင်မြင်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအဆင့်ဆင့်တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါးဖော်ထုတ်ဖမ်းဆီးမှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)



ခင်ဦးမြို့နယ်၌ နွေစပါးကေလေးသောင်းကျော် စတင်ရိတ်သိမ်း

ခင်ဦး ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်၌ နွေစပါးဧကပေါင်း လေးသောင်းကျော် အောင်မြင်ဖြစ်ထွန်းကာ ရင့်မှည့်နေ၍ စတင်ရိတ်သိမ်းနေပြီး စပါးအမျိုးအစားနှင့် စပါးအရည်အသွေးအလိုက် တင်း ၁၀၀ လျှင် ကျပ်လေးသိန်းမှ လေးသိန်းခွဲခန့်အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ရွှေဘိုခရိုင်ခြောက်မြို့နယ်၌ နွေစပါးဧကပေါင်း သုံးသိန်းခန့် စိုက်ပျိုးခဲ့ရာ ခင်ဦးမြို့နယ်တွင် နွေစပါးဧကလေးသောင်းကျော်စိုက်ပျိုးခဲ့သည်။ နွေစပါးများကို အလေအလွင့်နည်းပါးစေရန် အချိန်ကုန်လူပန်း မဖြစ်စေရန်၊ စပါးရိတ်လုပ်သားရှားပါးမှုကို ဖြေရှင်းနိုင်ရန်ရည်ရွယ်ချက်များဖြင့် ယခုနွေစပါးရာသီမှစ၍ ခေတ်မီသော စပါးရိတ်သိမ်းခြွေလှေ့စက်ကြီးများကို တောင်သူခြောက်ဦးတို့က မိမိတို့တစ်နိုင်တစ်ပိုင်ဖြင့် တစ်ဦးလျှင် စက်ကြီးတစ်လုံးနှုန်းဝယ်ယူပြီး စပါးများကို စတင်ရိတ်သိမ်းခြွေလှေ့မောင်းနှင်နေကြကြောင်း သိရသည်။**(အပေါ်ပုံ)**

မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးအောင်က မိမိတို့မြို့နယ်သည် ဆည်ရေသောက်လယ်မြေဖြစ်သည့်အတွက် တစ်နှစ်လျှင် စပါးနှစ်သီး စိုက်ပျိုးကြောင်း၊ တောင်သူများကလည်း မျိုးကောင်းမျိုးသန့်ရွေးချယ်ပြီး G.A.P စနစ်သစ်ဖြင့် စိုက်ပျိုးလာသည့်အတွက် နွေစပါးတစ်ဧကလျှင် တင်း ၁၀၀ ခန့် ထွက်ရှိကြောင်း၊ ယခုလက်ရှိ သမားရိုးကျမြေကွက်များကို စံပြစက်မှုလယ်ယာမြေကွက် ဖော်ထုတ်ပေးနိုင်လျှင် တောင်သူများလည်း ယခုထက်ပိုမိုအကျိုးကျေးဇူးခံစားနိုင်ပါကြောင်း ပြောကြားသည်။ **(ရောင်နီတင်ဝင်း)**

ပူတာအိုခရိုင်၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်

ပူတာအို ဇူလိုင် ၉

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် ပူတာအို-ဂျူဗလီ-ဇီးအွန်လမ်းပိုင်းရှိ ဂျူဗလီ-ဇီးအွန်လမ်းပိုင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ကာလတွင် မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ရန်စီမံချက်ရေးဆွဲထားပြီးဖြစ်ရာ ၎င်းလမ်းပိုင်းစိမ်းလန်းစိုပြည်ရေးအတွက် လမ်းဘေးဝဲ၊ ယာတွင် အရိပ်ရပင်များ စိုက်ပျိုးဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲများ၏လမ်းညွှန်ချက်နှင့်အညီ ပူတာအိုခရိုင်၏ ၂၀၁၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၅ရက်နံနက် ၉နာရီခွဲတွင် အဆိုပါလမ်းပိုင်း ၆မိုင် ၁ဖာလုံ၌ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်း၊ သစ်အယ်၊ တောင်ဇလပ်၊ ယူကလစ်၊ ရေပိတုန်း၊ ရေသင်းဝင်၊ မဲဇလီ၊ ခရေ၊ စွယ်တော်စသည့် အပင်ပေါင်း ၃၀၀ကျော်ကို တက်ရောက်လာသည့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၅၀ တို့က တပျော်တပါးစိုက်ပျိုးနေမှုကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ **(ခရိုင်ပြန်/ဆက်)**

Facebook တွင် follower အများဆုံး ကိုရီးယားမင်းသမီးတစ်ဦးဖြစ်လာခဲ့သည့် ကူဟေးဆန်း

တောင်ကိုရီးယားကြယ်ပွင့် ကူဟေးဆန်းသည် ကမ္ဘာသုံးလူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်သည့် Facebook တွင် အခြားသောကိုရီးယားမင်းသား၊ မင်းသမီးများထက် follower အများဆုံး ကိုရီးယားမင်းသမီးတစ်ဦး ဖြစ်လာခဲ့သည်။

ကူဟေးဆန်း၏ Facebook စာမျက်နှာတွင် ဇူလိုင် ၈ ရက်အထိ follower ပေါင်း ၃ ဒသမ ၇ သန်းကျော်ရရှိနေပြီဖြစ်ကြောင်း၊ အေဂျင်စီတစ်ခုတည်းမှ တောင်ကိုရီးယားကြယ်ပွင့် အနုပညာရှင်များဖြစ်ကြသည့် PSY၊ BigBang နှင့် 2NE1 တို့သည်လည်း follower အများဆုံးနံပါတ် ၂၊ ၃၊ ၄ စသဖြင့် အသီးသီးရပ်တည်နေကြကြောင်း သိရသည်။

လက်ရှိတွင် မင်းသမီးကူဟေးဆန်းသည် အက်စ်ဘီအက်စ်ရုပ်သံလိုင်းအတွက် Angel Eyes အမည်ရှိ ဒရာမာဇာတ်ကားသစ်တွင် ပါဝင်သရုပ်ဆောင်ထားပြီး Daughter အမည်ရှိ မှတ်တမ်းရုပ်ရှင်ကားတွင်လည်း ဒါရိုက်တာ၊ ဇာတ်ညွှန်းနှင့် သရုပ်ဆောင်အဖြစ် ပါဝင်ပံ့ပိုးထားကြောင်း သိရသည်။

ကုလသမဂ္ဂ၏သံတမန်တစ်ဦးဖြစ်လာသည့် ဟယ်ရီပေါ်တာမင်းသမီး

နာမည်ကျော်ဟယ်ရီပေါ်တာဇာတ်လမ်းတွဲများမှ ပင်တိုင်မင်းသမီးတစ်ဦးဖြစ်သူ အသက်(၂၄)နှစ်အရွယ် အမ်မာဝပ်ဆန်းအား ကုလသမဂ္ဂ၏ အမျိုးသမီးများ



လုပ်ပိုင်ခွင့်နှင့် တန်းတူညီမျှအခွင့်အရေးရရှိရေးအတွက် အထောက်အကူပြုမည့် သံတမန်တစ်ဦးအဖြစ် ဇူလိုင် ၈ ရက်က ခန့်အပ်ခဲ့ကြောင်း သိရသည်။

"ဒီလိုတာဝန်မျိုးထမ်းဆောင်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်၊ UN Woman တစ်ယောက်အနေနဲ့ အံ့ဩဖွယ်ရာလူတွေနဲ့တွဲပြီး အလုပ်လုပ်ရမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်"ဟု မင်းသမီး အမ်မာဝပ်ဆန်းက ဆိုသည်။

အခြားသော ကုလသမဂ္ဂသံတမန်များအဖြစ် ပြီးခဲ့သည့် မေလက ဘရောင်းတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သူ မင်းသမီး အမ်မာဝပ်ဆန်းအပြင် အော်စကာမင်းသမီးနစ်ကိုးလ်ကဒ်မင်းန်၊ ထိုင်းမင်းသမီး Bajrakitiyabha Mahidol တို့လည်းပါဝင်ကြောင်း သိရသည်။

အမ်မာဝပ်ဆန်း ပါဝင်သရုပ်ဆောင်ခဲ့သော ဇာတ်ကားများသည် လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုအတွင်းက တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ သန်းအထိ ရရှိအောင်မြင်ခဲ့ပြီး ယမန်နှစ်အတွင်းက အမျိုးသားဖက်ရှင်မဂ္ဂဇင်းတစ်စောင်ဖြစ်သည့် GQ မှ Woman of the Year အဖြစ် ရွေးချယ်ခံထားရသူလည်းဖြစ်သည်။

မျိုးစန္ဒာမောင် - စုစည်းသည်

ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက် ပွဲအများဆုံးကိုင်တွယ်သူအဖြစ် ဥဇဘက်ကစ္စတန် ကွင်းလယ်ဒိုင် အာမာတော့ဗ် စံချိန်တင်



နာမည်ကျော် ဥဇဘက်ကစ္စတန် ကွင်းလယ်ဒိုင်လူကြီးဖြစ်သူ အာမာတော့ဗ်သည် ဟော်လန်နှင့် ကော်စတာရီကာတို့ ကစားခဲ့သော ကမ္ဘာ့ဖလားကွာတားဖိုင်နယ်ပွဲစဉ်ကို ကိုင်တွယ်ခဲ့ပြီးနောက် ကမ္ဘာ့ဖလားတွင် ပွဲအများဆုံးကိုင်တွယ်သူအဖြစ် မှတ်တမ်းဝင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် အာမာတော့ဗ်မှာ အသက် ၃၆ နှစ်အရွယ်သာရှိသေးပြီး ၂၀၁၀ ခုနှစ်က တောင်အာဖရိကအသင်းနှင့် မက္ကဆီကိုအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ၎င်း၏ ပထမဆုံး ကမ္ဘာ့ဖလားပွဲစဉ်အဖြစ် ကိုင်တွယ်ခဲ့သည်။ ထို့ပြင် အာမာတော့ဗ်မှာ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စုစုပေါင်း ပွဲစဉ်ငါးပွဲအထိ ကိုင်တွယ်ခဲ့သလို ယခုနှစ်ပြိုင်ပွဲတွင်လည်း လေးပွဲ ကိုင်တွယ်ထားပြီးဖြစ်ရာ စုစုပေါင်း ကိုးပွဲဖြင့် ကမ္ဘာ့ဖလား သမိုင်းတစ်လျှောက် ပွဲအများဆုံးကိုင်တွယ်သူအဖြစ် စံချိန်တင်နိုင်ခဲ့ပြီဖြစ်သည်။ အာမာတော့ဗ်မှာ ၂၀၀၃ ခုနှစ်မှစတင်ကာ ဖီဖာအသိအမှတ်ပြု လိုင်စင်ရရှိခဲ့သူဖြစ်ပြီး အာရှတစ်နှစ်တာ အကောင်းဆုံးဒိုင်လူကြီးဆုကို ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၁ ခုနှစ်များတွင် လေးနှစ်ဆက်တိုက်ရရှိခဲ့သူဖြစ်သလို ဖီဖာကမ္ဘာ့ကလပ်ဖလားပြိုင်ပွဲနှင့် ၂၀၁၃ ကွန်ဖက်ဒရေးရှင်းဖလား ပြိုင်ပွဲများတွင် ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ခဲ့ဖူးကြောင်း သိရသည်။[စွမ်းထက်အောင်]

ဗာမေလန်အား ခေါ်ယူရန် မန်ယူပစ်မှတ်ထားနေ

အာဆင်နယ် နောက်တန်းကစားသမား သောမက်ဗာမေလန်သည် ၎င်း၏အနာဂတ်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်တစ်စုံတစ်ရာချရန် အာဆင်နယ်အသင်းနှင့် တွေ့ဆုံဆွေးနွေးရန်ရှိနေပြီး ၎င်းအား စိတ်ဝင်စားလျက်ရှိသည့် မန်ယူအသင်းအနေဖြင့် အိုးထရက်ဖို့ဒ်ရောက်အောင် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

အသက် (၂၈)နှစ်အရွယ်ရှိ အာဆင်နယ်အသင်းခေါင်းဆောင် ဗာမေလန်သည် အာဆင်နယ်အသင်းနှင့်အတူ စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးသည်။ သို့ရာတွင် နောက်ခံလူ ဗာမေလန်အနေဖြင့် အခြားကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန် တောင်းဆိုထားခဲ့သည်။

ယင်းမှာ အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးအနေဖြင့် အာဆင်နယ်အသင်း၏ နောက်တန်းတွင် ကိုစီယယ်နီနှင့် မာတီဆက်ကာတို့နှစ်ဦးကို ဗာမေလန်ထက်ပို၍ နှစ်သက်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် နောက်ခံလူ ဗာမေလန်အနေဖြင့် "ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်အသင်းမှာ ကစားဖြစ်မယ်ဆိုတာ မသိသေးပါဘူး။ လာမယ့်ရာသီမှာ လက်ရှိကစားနေတဲ့ အာဆင်နယ် ဒါမှမဟုတ်ရင် အခြားတစ်သင်းပေါ့ဗျာ" ဟု ပြောကြားခဲ့သည်။

မန်ယူအသင်းကမူ ဖာနီနန်နှင့် ဗီဒစ်တို့၏နေရာတွင် အစားထိုးရန် ဗာမေလန်အား ပစ်မှတ်ထားနေခြင်းဖြစ်ပြီး ဗာမေလန်ကမူ ပြီးခဲ့သည့်ဘောလုံးရာသီက အာစင်ဝင်းဂါးအနေဖြင့် ပုံမှန်ပွဲထွက်ခွင့် မပေးခဲ့ခြင်းကြောင့် လာမည့်ရာသီတွင် အာဆင်နယ်အသင်းနှင့် လမ်းခွဲရန် အကြောင်းဖန်လာခဲ့သည်ဟု ပြောကြားထားသည်။

မန်ယူအသင်းသည် ဗာမေလန်းအပြင် ဥရောပဘောလုံးလောက၌ အကောင်းဆုံး လူငယ်နောက်တန်းကစားသမားများအနက် တစ်ဦးအပါအဝင်အဖြစ် အသိအမှတ်ပြုခြင်း ခံထားရသည့် ဝုစ်ဘတ်ကစားသမား ရီကာဒိုရိုကရီဂွက်ဇ်ကို ခေါ်ယူရန် စာချုပ်မည်ဆိုသည့်သတင်းများ ထွက်ပေါ်နေပြီး ရီကာဒိုရိုကရီဂွက်ဇ်သည် ဆွစ်ဇာလန်အသင်းနှင့်အတူ ကမ္ဘာ့ဖလား၌ ခြေစွမ်းပြနိုင်ခဲ့သောကြောင့် ဥရောပကလပ်အတော်များများ၏ စိတ်ဝင်စားမှုလည်း ခံထားရသူဖြစ်သည်။ [နိုင်လင်းကြည်]

၂၀၁၄ အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ကျင်းပတော့မည်မဟုတ်

ထိုင်းနိုင်ငံတွင် လက်ခံကျင်းပမည့် ၂၀၁၄ အာဆီယံအမျိုးသမီးချန်ပီယံရှစ် (AFF Women's Championship) ပြိုင်ပွဲကို ကျင်းပတော့မည် မဟုတ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို လာမည့်သြဂုတ်လအတွင်း ထိုင်းနိုင်ငံဘန်ကောက်မြို့၌ ကျင်းပရန် စီစဉ်ထားခဲ့ခြင်းဖြစ်သော်လည်း ထိုင်းနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေများကြောင့် လက်ခံကျင်းပဖြစ်ရန် မဖြစ်နိုင်တော့ကြောင်း ထိုင်းနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။ အာဆီယံအမျိုးသမီးချန်ပီယံရှစ် ပြိုင်ပွဲကို ၂၀၀၄ ခုနှစ်ကစတင်ကာ နှစ်နှစ်တစ်ကြိမ် ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းမှာ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် ဗိုလ်စွဲထားခဲ့ကြောင်း သိရသည်။ ယင်းပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဂျပန်ယူ-၂၃ အမျိုးသမီးဘောလုံးအသင်းဖြစ်ပြီး ရန်ကုန်မြို့တွင် လက်ခံကျင်းပခဲ့သည့် ၂၀၁၃ အာဆီယံ ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဩစတေးလျ ယူ-၁၉ အမျိုးသမီးအသင်းအား အနိုင်ရယူကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ [ရဲစွမ်း]

နောက်ခံလူ အက်ရှ်လေကိုးလ်နေရာတွင် အစားထိုးရန် ဖီးလစ်ပီလူးဝစ်အား ချယ်လ်ဆီးအသင်း တိုးမြှင့်ကမ်းလှမ်း

နည်းပြမော်ရင်ဟို ကိုင်တွယ်လျက်ရှိသည့် ချယ်လ်ဆီးအသင်းသည် စပိန်လာလီဂါကလပ် အက်သလက်တီကို မက်ဒရစ်အသင်း နောက်တန်းကစားသမား ဖီးလစ်ပီလူးဝစ်အား ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းအထိ တိုးမြှင့်ကမ်းလှမ်းလိုက်ကြောင်း သိရသည်။ ချယ်လ်ဆီးအသင်းသည် ဖီးလစ်ပီလူးဝစ်အား ခေါ်ယူရန် ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းဖြင့် ကမ်းလှမ်းခဲ့ရာ စပိန်လာလီဂါချန်ပီယံအသင်းအနေဖြင့် ပြီးခဲ့သည့်သီတင်းပတ်က ပယ်ချခဲ့သည်။

လက်ရှိတွင် ချယ်လ်ဆီးအသင်း နောက်ခံလူ အက်ရှ်လေကိုးလ်သည် ရိုးမားအသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်သောကြောင့် အက်ရှ်လေကိုးလ်နေရာတွင် အစားထိုးရန် ဖီးလစ်ပီလူးဝစ်အား စာချုပ်ချုပ်ဆိုခေါ်ယူမည်ဆိုပါက ပြောင်းရွှေ့ကြေး ပေါင် ၁၉ သန်းပေးရန် အက်သလက်တီကို မက်ဒရစ်အသင်းက တောင်းဆိုထားသည်။

သို့ရာတွင် နည်းပြမော်ရင်ဟိုကမူ လီဗာပူးအသင်း၏ ပစ်မှတ်ထားခြင်းခံထားရသော စပိန်တင်းလစ္စဆွန်း ကစားသမား ရိုဂျီနှင့် ဆီဗီလာကစားသမား မိုရီနိုတို့ကို ခေါ်ယူရန် နီးစပ်မှုရှိနေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ လက်ရှိတွင် ချယ်လ်ဆီးအသင်းအနေဖြင့် အက်သလက်တီကို မက်ဒရစ်တိုက်စစ်မှူး ကော်စတာအား ပြောင်းရွှေ့ကြေးပေါင် ၃၂ သန်းဖြင့် ခေါ်ယူရန် သဘောတူထားပြီဖြစ်သောကြောင့် ချယ်လ်ဆီးအသင်း၏ နောက်တန်းခံစစ်ကြောင်းကို ထပ်မံအားဖြည့်ရန် နောက်တိုးကစားသမားအသစ် သုံးဦးအထိ ခေါ်ယူရန်ရှိနေသဖြင့် ဖီလစ်ပီလူးဝစ်အား ခေါ်ယူရန်ကျန်နေသေးကြောင်း နည်းပြမော်ရင်ဟိုက ဆိုသည်။ [ငွေကြယ်]

ဂိုးအများဆုံးသွင်းထားသူများ

၁။ ရိုဒရီဂွက်ဇ်	ကိုလံဘီယာ	(၆) ဂိုး
၂။ မူလာ	ဂျာမနီ	(၅) ဂိုး
၃။ မက်ဆီ	အာဂျင်တီးနား	(၄) ဂိုး
၄။ နေမာ	ဘရာဇီး	(၄) ဂိုး

၂၀၁၄ ကမ္ဘာ့ဖလား ဆီးမီးဖိုင်နယ်ပွဲစဉ်ရလဒ်

[၉ - ၇ - ၂၀၁၄]

ဘရာဇီး ၁ - ၇ ဂျာမနီ

အော်စကာ (၉၀ မိနစ်)	မူလာ(၁၁မိနစ်)
	ကလိုဆေး(၂၃ မိနစ်)
	တိုနီခရုစ် (၂၄၊ ၂၆ မိနစ်)
	ခီဒီယာ(၂၉ မိနစ်)
	ရှာရယ်လ် (၆၉၊ ၇၉ မိနစ်)



နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း ကြေညာခြင်း

ကျွန်မ ဒေါ်မြင့်မြင့်ဝေ(ဘ)ဦးမြင့်ဆွေ [၁၂/ဗတထ(နိုင်)၀၁၉၆၉၁]ကိုင်ဆောင်သော ပတ်စပို့(နိုင်ငံကူးလက်မှတ်)မှာ ပျောက်ဆုံးသွားကြောင်း ကြေညာအပ်ပါသည်။ (၃၀-၃-၁၉၉၀)ထုတ်

ရင်ခုန်လှုပ်ရှားဖွယ်ရာ အခွင့်အရေးတွေကို လက်တွေ့ပိုင်ဆိုင်နိုင်ဖို့
ကျွန်တော်တို့ အရောင်းပြခန်းရှိရာကို အခုချက်ချင်း
အပြေးလှမ်းလာခဲ့လိုက်ပါ။

info@khgdevelopment.com
www.khgdevelopment.com

KHG
DEVELOPMENT
YOUR LIFESTYLE CHOICE

ဆိုင်ကယ်တိမ်းမှောက်ခဲ့သဖြင့် နှစ်ဦးဒဏ်ရာရ

တိုက်ကြီး၊ ဇူလိုင် ၉

တိုက်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တိုက်ကြီးဆေးရုံသို့ ဆိုင်ကယ်တိမ်းမှောက်ပြီး အမျိုးသားနှစ်ဦး ဒဏ်ရာများရရှိကာ ဆေးကုသမှုခံယူနေကြောင်းသိရပြီးဖြစ်စဉ်မှာဇူလိုင် ၆ ရက် နံနက် ၇ နာရီခွဲက တပ်ဖွဲ့ဝင်များမှသွားရောက်စစ်ဆေးရာ တိုက်ကြီးမြို့နယ်နေ ကိုစည်သူထွန်း ၂၄ နှစ်နှင့် ကိုအောင်ကို ၂၆ နှစ်တို့နှစ်ဦးအား ခန္ဓာကိုယ်တွင် ပေါက်ပြဲပွန်းပဲ့ နာကျင်ဒဏ်ရာများ ရရှိထား သည်ကိုတွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်မှာ တိုက်ကြီးမြို့နယ်၊ အိုးတန်းရပ်ကွက်၊ ရန်ကုန်-ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ စည်သူထွန်းမောင်းနှင်ပြီး အောင်ကိုလိုက်ပါစီးနင်းလာသည့် Dream-125 ဆိုင်ကယ်သည် မိုင်တိုင်အမှတ်(၄၇/၅)အနီးအရောက် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့သဖြင့် ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဒဏ်ရာရရှိသူ ကိုအောင်ကိုနှင့် ကိုစည်သူထွန်းတို့နှစ်ဦးအား တိုက်ကြီးဆေးရုံမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့ လွှဲပြောင်းပို့အပ်ကုသခဲ့ရာ အတွင်းလူနာ(စိုးရိမ်ရ)များအဖြစ် ကုသလျက်ရှိနေကြောင်းသိရပြီး ယင်းကဲ့သို့ ဆိုင်ကယ်အား မဆင်မခြင်မောင်းနှင်သူ ကိုစည်သူထွန်းအား တိုက်ကြီးမြို့မရဲစခန်းက ယာဉ်(ပ)၄၃/၂၀၁၄၊ ပြစ်မှုပုဒ်မ-၃၃၈ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း**

မိုဘိုင်းဖုန်း ဆင်းကတ်များ ပြည်သူများထံ ခွဲဝေချထား

သထုံ၊ ဇူလိုင် ၉

သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်တွင် ဇွန်လအတွက် မိုဘိုင်းဖုန်းဆင်းကတ်များကို ဇူလိုင် ၇ ရက် နံနက် ၁၁ နာရီက မဲစနစ်ဖြင့် ရပ်ကွက်နေပြည်သူများအား ပွင့်လင်းမြင်သာစွာ ခွဲဝေပေးခဲ့ကြောင်း သိရသည်။

"မြို့နယ်က ကျွန်တော်တို့ရပ်ကွက်အတွက် ခွဲတမ်း GSM ဆင်းကတ် ၂၀ ရပြီး လာရောက်လျှောက်ထားသူက ၁၁၈၇ ဦးရှိပါတယ်။ အများဆန္ဒအရ မဲစနစ်နဲ့ လစဉ် ပွင့်လင်းမြင်သာစွာ ခွဲဝေပေးတာပါ။ ယခင်လတွေက ရရှိခဲ့သူတွေရဲ့ အိမ်ထောင်စုဝင်တွေကိုတော့ လျှောက်ခွင့်မပြုထားပါဘူး"ဟု ရပ်မိရပ်ဖကြီးကြပ်သူတစ်ဦးက ပြောသည်။

သထုံမြို့နယ်အနေဖြင့် မွန်ပြည်နယ်အစိုးရအဖွဲ့ထံမှ ဇွန်လအတွက် GSM ဆင်းကတ်၇၀၀ နှင့် WCDMA ဆင်းကတ် ၄၀၀ ကို ခွဲဝေရရှိခဲ့ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများသို့ GSM ဆင်းကတ် ၆၀၀၊ ဌာနဆိုင်ရာများသို့ GSM ဆင်းကတ် ၅၀၊ လူမှုရေးအဖွဲ့အစည်းများသို့ GSM ဆင်းကတ် ၅၀ နှင့် နှစ်ပြည့်ပင်စင်စားများအား WCDMA ဆင်းကတ် ၄၀၀ တို့ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ဆုံးဖြတ်ချက်အရ ခွဲဝေချထားပေးခဲ့ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

မိုဘိုင်းဖုန်းဆင်းကတ်များအား ပွင့်လင်းမြင်သာစွာ မဲနှိုက်ခွဲဝေပေးနေစဉ်။

ငါးထပ်ကြီးဘုရားလမ်းကြား၌ လူတစ်ဦးသေဆုံး

ရန်ကုန်၊ ဇူလိုင် ၉

ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်အတွင်း ဇူလိုင် ၇ ရက် နံနက်ပိုင်းက အမျိုးသားတစ်ဦး လဲကျသေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါနံနက် ၁၁ နာရီ ၅၅ မိနစ်က ဗဟန်းမြို့မရဲစခန်းမှ ရဲအုပ်ခင်ဇော်ထွန်း တာဝန်မှူးအဖြစ် ဆောင်ရွက်လျက်ရှိစဉ် ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ငါးထပ်ကြီးဘုရားလမ်း လမ်းကြားတွင် အမျိုးသားတစ်ဦး လဲကျသေဆုံးနေကြောင်းသတင်းအရစစ်ဆေးခဲ့ကြရာသေဆုံးသူမှာ မ/၉၇ ငါးထပ်ကြီးဘုရားလမ်း၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ဗဟန်းမြို့နယ်နေအောင်ဘိုထက် ၂၈နှစ်၊ မှီခိုနေသူဖြစ်ကြောင်းသိပြီးၿငင်းအား ပြင်ပဒဏ်ရာတစ်စုံတရာမတွေ့ရှိရဘဲသေဆုံး နေသည်ကိုတွေ့ရခြင်းဖြစ်သည်။

ထို့နောက်သေဆုံးအလောင်းအားရန်ကုန်ဆေးရုံကြီးသို့ ပို့အပ်ခဲ့ပြီး ၎င်းသေဆုံးခြင်းအား ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ်စစ်ဆေးနိုင်ရန်အတွက်ဗဟန်းမြို့မရဲစခန်းမှသေမှုသခင်း အမှတ်စဉ် ၅/၂၀၁၄ ဖြင့် ဖွင့်လှစ်ပြီး စုံစမ်းစစ်ဆေးလျက်ရှိ ကြောင်းသိရသည်။ **စိုးဝင်း(MLA)**

ဝါတွင်းတရားစခန်းများအား ဥပနိဿယနှင့်အညီ ကျင်းပမည်ဖြစ်

သုံးခွ၊ ဇူလိုင် ၉

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ် (၈၄) အမှုဆောင်အဖွဲ့ကကြီးမှူးကျင်းပမည့် ၁၃၇၆ ခုနှစ် ဝါတွင်းကာလ တရားစခန်းပွဲများကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယနှင့်အညီ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝါတွင်းကာလ တရားစခန်းပွဲများအဖြစ် (၁၆၀) ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲကို ဇူလိုင် ၁၃ ရက်မှ ၁၉ ရက်အထိ ကမ္မဋ္ဌာနစရိယဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မ အလုံမြို့နယ်တွင်လည်းကောင်း၊ (၁၆၁) ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲကို ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၂ ရက်အထိ ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ(လင်းလွန်းပင်) ရွှေကြက်ယက်ကျောင်းတွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ထို့ပြင် (၁၆၂) ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲကို ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်အထိ ကမ္မဋ္ဌာနစရိယဆရာတော် ဘဒ္ဒန္တနေမိန္ဒ တောင်ဥက္ကလာပမြို့နယ်တွင်လည်းကောင်း၊ (၁၆၃) ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲကို ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ ကမ္မဋ္ဌာနစရိယဆရာတော် ဘဒ္ဒန္တဝိစိတ္တ ဖွဲစုံကျောင်းတိုက် မရမ်းကုန်းမြို့နယ်တွင်လည်းကောင်း၊ (၁၆၄) ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲတော်ကို စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ကမ္မဋ္ဌာနစရိယဆရာတော် ဘဒ္ဒန္တဉာဏောဘာသ (တညင်းကုန်း) တောင်ဥက္ကလာပမြို့နယ်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

၎င်းအပြင် (၁၆၅) ကြိမ်မြောက် ခုနစ်ရက်တရားစခန်းပွဲကို စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ကမ္မဋ္ဌာနစရိယဆရာတော် ဘဒ္ဒန္တတေဇိန္ဒ ကြည့်မြင်တိုင်မြို့နယ်တို့မှ ဆရာတော်များက တရားစဉ်နှင့်လုပ်ငန်းစဉ်များကို သွန်သင်ပြသသွားမည်ဖြစ်သဖြင့် တရားစခန်းဝင်ရောက်လိုသူများနှင့်ဆွမ်းအလှူဒါန လှူဒါန်းလိုသူများမှ မိုးကုတ်ရိပ်သာအဖွဲ့ခွဲ (၈၄) ဖုန်း ၀၅၆-၄၀၃၃၄မင်းရဲကျော်စွာလမ်း (၂)ရပ်ကွက် သုံးခွမြို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **ကြည်စိုးလွင်(သုံးခွ)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်မျိုးစုံ ၇၁၀ပင်အား စိုက်ပျိုး

ဗန်းမောက်၊ ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ်၊ အမျိုးသမီးရေးရာအသင်းမှ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီက လုံးကင်းရွှေကျောင်းအုပ်စု၊ နားတိုင်းဖန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းဝင်းအတွင်း ကျင်းပခဲ့သည်။

စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်အေးသီတာထက်နှင့် အသင်းသားများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ စုစုပေါင်း အင်အား ၄၂၃ ဦးတို့က ကျွန်း ၂၂၀ ပင်၊ ပျဉ်းကတိုး ၄၅ ပင်၊ မဟော်ဂနီ ၅၅ ပင်၊ တမလန်းနှစ်ပင်၊ သင်းဝင်တစ်ပင်၊ မျောက်ငို ၁၄၉ ပင်၊ မဲဇလီ ၇၀ ပင်၊ ဗန်ဒါ ၁၀ ပင်၊ ကုက္ကိုလ်ငါးပင် ၊ စုစုပေါင်းသစ်ပင် ၇၁၀ ပင်တို့အားစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ကျော်ထူး(ဗန်းမောက်)**

ဘီးလင်းမြို့အဝင်လမ်းပေါ်တွင် ယာဉ်တိုက်မှုဖြစ်၍ ဆိုင်ကယ်မောင်းနှင်သူသေဆုံး

ဘီးလင်း၊ ဇူလိုင် ၉

ဇူလိုင် ၆ ရက် ညနေ ၅ နာရီခန့်တွင် ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်း ဘီးလင်းမြို့ ရွှေရောင်ပြကျေးရွာအနီးတွင် ကုန်တင်ယာဉ်တစ်စီးမှ ဆိုင်ကယ်မောင်းနှင်သူတစ်ဦးအား အရှိန်ဖြင့်တိုက်မိရာမှ ဆိုင်ကယ်မောင်းနှင်သူ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေရောင်ပြကျေးရွာအနီး မိုင်တိုင်အမှတ် ၁၃၁/၂ နှင့် ၁၃၁/၁ အကြားတွင် ဘီးလင်းဘက်မှ သထုံဘက်သို့မြတ်သူ ၂၁ နှစ် ကော့စံနိုင်ရပ်ကွက် ကျိုက်ထိုမြို့နေသူ မောင်းနှင်လာသော ဟွန်ဒါဝေ့ဖ် 125 ဆိုင်ကယ်ကို ကုန်တင်ယာဉ် (စုံစမ်းဆဲ) တစ်စီးမှ အရှိန်လွန်ကာ ဝင်ရောက်တိုက်မိပြီး ရပ်တန့်မှုမရှိဘဲ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူမှာ အခင်းဖြစ်နေရာ တွင် သေဆုံးသွားခဲ့ကြောင်းသိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဘီးလင်းရဲစခန်းက ယာဉ်(ပ)၂၈/၂၀၁၄ပြစ်မှုပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့်ကာ ဝင်ရောက်တိုက်မိပြီးရပ်တန့်မှုမရှိဘဲမောင်းနှင်ထွက်ပြေးသည့် တရားခံအား အမြန်ဆုံးဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကရင်ပြည်နယ်အစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
(ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

၁။ ကရင်ပြည်နယ်အတွင်း ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ အိမ်ရာနှင့် ယင်လုံအိမ်သာလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က)	ကျေးလက်ကတ္တရာလမ်း	၆/၁ မိုင်
(ခ)	ကျေးလက်ကျောက်လမ်း	၃၉/၃ မိုင်
(ဂ)	ကျေးလက်မြေလမ်း-	၁၃၂/၁ မိုင်
(ဃ)	ကျေးလက်အုတ်ခုံခံသစ်သားတံတား	၁၇၅၀ ပေ
(င)	ကျေးလက်ရေပြွန်	၇၅၅ ပေ
(စ)	ကျေးလက်တွင်းတိမ်	၁၀ တွင်း
(ဆ)	ကျေးလက်တွင်းနက်	၂၀ တွင်း
(ဇ)	ကျေးလက်လက်တူးတွင်း	၃၉ တွင်း
(ဈ)	ကျေးလက်စိမ့်စမ်း	၁၀ ခု
(ည)	အခြား(ရေရရှိရေး)	၁၁ ခု
(ဋ)	ကျေးလက်နေရောင်ခြည်	၄၉၁၈ ခု
(ဌ)	ကျေးလက်အိမ်ရာ	၂၈ လုံး
(ဍ)	ကျေးလက်ယင်လုံအိမ်သာ	၁၀၆ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၉-၇-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ သံလွင်လမ်း၊ ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၉-၈-၂၀၁၄ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဖုန်း ၀၅၈-၂၃၃၈၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက် ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်း (၂)ခုအား နေပြည်တော်ကောင်စီနယ်မြေတွင် မြန်မာကျပ်ငွေဖြင့် တည်ဆောက်လိုပါသည်-

(က) သိုလှောင်ရုံ (၁)လုံး တည်ဆောက်ရေးလုပ်ငန်း
ပေ(၄၀×၂၀×၁၀) 4 Angle အမိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း
Brick Nogging အမျိုးအစား

(ခ) ဝန်ထမ်းအိမ်ရာ (၂)ခန်းတွဲ(၁)လုံး တည်ဆောက်ရေးလုပ်ငန်း
ပေ(၄၀×၂၀×၁၀) 4 Angle အမိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း
Brick Nogging အမျိုးအစား
(အတွင်းလျှပ်စစ်မီးလုပ်ငန်း အပါအဝင်)

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၄-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၈-၈-၂၀၁၄ ရက်၊ ၁၃း၀၀နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ်(၅၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၁၂၀၊ ၀၆၇-၄၃၁၁၀၄

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် အပိုင်း(၅)၊ ဦးပိုင်အမှတ်(၈၅)၊ ၄၉×၅၀ ကြား၊ နှင်းဆီ×မြတ်လေးလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမိုးလွင်(၉/ပသက(နိုင်)၀၁၁၂၄၂)၏ အကြောင်းကြားစာမူရင်း၊ ငွေသွင်းပြေစာမူရင်းနှင့် ဂရန်မူရင်းတို့မှာ အထားအသိုမှားယွင်းပြီး ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာများတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် (9E/5149) ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် (၃ဂ/၄၆၇၅)၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ကော့ကရိတ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လယ်ယာသုံးစက် ကိရိယာများ ထောက်ပံ့ပေးအပ်ပွဲ ကော့ငါလဲ ကျေးရွာတွင် ကျင်းပ

ကော့ကရိတ်၊ ဇူလိုင် ၉

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၇ ရက် မွန်းတည့် ၁၂ နာရီက ကော့ကရိတ်မြို့နယ် ကော့ဝါလဲ ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။

ကော့ကရိတ်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သူက ဆင်းရဲသော တောင်သူလယ်သမားများအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေအား ပထမအကြိမ်တွင် ကော့ဝါလဲကျေးရွာနှင့် ရန်ကုတ်ကျေးရွာ နှစ်ရွာသာရရှိပြီး ကျန်ဒုတိယအကြိမ်တွင် ဆင်းရဲသောတောင်သူလယ်သမားများအား ဆက်လက်ပြီး ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကျေးရွာများရှိ အလုပ်လက်မဲ့ လူငယ်များအတွက် လယ်ထွန်စက်မောင်းနှင်ခြင်း သင်တန်းများ ဖွင့်လှစ်ခြင်းနှင့် သင်တန်းပြီးမြောက်အောင်မြင်သော လူငယ်များအား မိမိတို့ဌာနတွင် ပြန်လည်အလုပ်ခန့်မည်ဖြစ်ကြောင်းကိုလည်း ရှင်းပြသည်။

ကော့ကရိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး နော်သူးလေထီးက စိုက်ပျိုးရေးနှင့်ပတ်သက်၍ မျိုးစပါးများ၊ မြေဩဇာများကို နိုင်ငံတော်မှ ထောက်ပံ့ပေးခြင်းများနှင့် ထပ်မံလိုချင်သော တောင်သူလယ်သမားများအား ပြည်နယ်စိုက်ပျိုးရေးသို့ အရစ်ကျဖြင့်လည်းကောင်း၊ လက်ငင်းဖြင့်လည်းကောင်း ဝယ်ယူရရှိနိုင်ကြောင်း ရှင်းပြခဲ့သည်။

ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်က စာကြည့်တိုက်မရှိသည့်ကျေးရွာများတွင် စာကြည့်တိုက်များ ပေါ်ထွန်းလာစေရေးနှင့် ရေရှည်ရှင်သန်ရေးများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် ကော့ကရိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းဦး၊ ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်၊ ကော့ကရိတ်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်သူ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နော်သူးလေထီးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာသူ ကျေးရွာသားများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

စိုးထက်အောင်(ပြန်/ဆက်)

လေးကျွန်းမာရ်အောင် ဆုတောင်းပြည့်မြို့ဦးစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် လုံးတော်ပြည့် ရွှေသက်န်းကပ်လှူ

သုံးခွ၊ ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင် သုံးခွမြို့၏ကျက်သရေဆောင် လေးကျွန်းမာရ်အောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် လုံးတော်ပြည့် ရွှေသက်န်းကပ်လှူခြင်း ရေစက်ချမင်္ဂလာ အခမ်းအနားကို ဇူလိုင် ၆ ရက် နံနက် ၆ နာရီခွဲက ကျင်းပခဲ့သည်။

လေးကျွန်းမာရ်အောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီး၏ နာယက စစ်ကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒနှင့် ပဲခူးမြို့ ၁၀ မိုင်ကုန်း ပတ္တမြားကျောင်းတိုက် ဆရာတော် ဦးသုန္ဒရတို့ ဦးဆောင်၍ နိုင်ငံတော်သမ္မတ၏ ဘာသာရေးဆိုင်ရာ အကြံပေးအဖွဲ့ခေါင်းဆောင် သူရဦးမြင့်မောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ ဒုတိယအုပ်ချုပ်ရေးမှူး ဦးညီညီစောနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဂေါပကအဖွဲ့ဝင်များ၊ တပည့်ဒါယကာ၊ဒါယိကာမများက စုပေါင်း ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

ယင်းနေ့နံနက်၆ နာရီခွဲ တွင် ပတ္တမြားကျောင်းတိုက် ဆရာတော် ဦးသုန္ဒရက ရွှေထီးတော်ကို တပည့် ဒါယကာ၊ဒါယိကာမများနှင့်အတူရွှေထီးတော်အဆင့်ဆင့်နှင့်စိန်ဖူးတော် မြတ်ကြီးတို့အားမင်္ဂလာရထားပျံဖြင့် ပင့်ဆောင်တင် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

လှူဒါန်းမှု အစုစုတို့အတွက် သုံးခွမြို့ လေးကျွန်းမာရ်အောင် စေတီတော်ကြီး၏ နာယက စစ်ကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒထံမှ ငါးပါးသီလခံယူဆောက်တည်တရားနာယူခဲ့ကြကြောင်း သိရသည်။

ကြည်စိုးလွင်(သုံးခွ)

စစ်ကိုင်းတွင် အရန်သားဖွားဆရာမ သင်တန်းဆင်း

ကသာ၊ ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့မှု၊ ကျန်းမာရေးဦးစီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ကသာခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ဖွင့်လှစ်ပို့ချခဲ့သည့် ၂၀၁၃-၂၀၁၄ အရန်သားဖွားဆရာမသင်တန်းဆင်းပွဲနှင့် သားဖွားပုံးပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီက ခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်အေးက အရန်သားဖွားဆရာမသင်တန်းဖွင့်လှစ်မှုများကို ဆွေးနွေးခဲ့ပြီး အရန်သားဖွားဆရာမသင်တန်း ၂/၂၀၁၃သင်တန်းတွင် ဆုရသင်တန်းသူများအား ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းက ဆုချီးမြှင့်ကာ ၃/၂၀၁၃ တွင် ဆုရသင်တန်းသူများအား ဆေးရုံအုပ်ကြီး ဒေါက်တာစိန်အေးက ချီးမြှင့်ပေးသည်။

ဆက်လက်၍ သင်တန်းဆင်းလက်မှတ်နှင့် သားဖွားပုံးများအား ခရိုင်ဥက္ကဋ္ဌ ဦးကျော်ကျော်အုန်း၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာစိန်အေးနှင့် တာဝန်ရှိသူများက သင်တန်းသူတစ်ဦးချင်းသို့ပေးအပ်ခဲ့ကြောင်း သိရသည်။

သင်တန်းသူ မငွေဇင်ဌေးက "အရန်သားဖွားဆရာမသင်တန်းကာလအတွင်း စာတွေ့လက်တွေ့ သင်ကြားပေးသော ဆရာ၊ ဆရာမများအား ဂါရဝပြုပါကြောင်း တတ်မြောက်သည်အထိ စိတ်ရှည်လက်ရှည် သင်ကြားပေးသည့်အတွက် ကျေးဇူးအထူးတင်ပါကြောင်း၊ အရန်သားဖွားဆရာမများဆောင်ရန် ရှောင်ရန်တာဝန်များကိုလည်း လိုက်နာမည်ဖြစ်ပါကြောင်း၊ တာဝန်များကိုကျေပွန်အောင်ထမ်းဆောင်မည်ဖြစ်ပါကြောင်း" ပြောသည်။

ငြိမ်းငြိမ်း(ကသာ)

စေတနာ အခမဲ့နယ်လှည့်တိုင်းရင်းဆေးကုသပေး

ဝါးခယ်မ၊ ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ရွာလယ်ရပ်ကွက်၌ စေတနာ အခမဲ့နယ်လှည့်တိုင်းရင်းဆေးကုသရေးအဖွဲ့မှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်တင်တင်နုနှင့် ဝန်ထမ်းများသည် ဇူလိုင် ၇ ရက် မွန်းတည့် ၁၂ နာရီမှစ၍ ညနေ ၄ နာရီအထိ ရပ်ကွက်အတွင်းရှိ လူနာရှင်ပေါင်း ၅၂ ဦးအား အခမဲ့ဆေးကုသပေးပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာအုပ်စုများသို့ အပတ်စဉ် အလှည့်ကျလိုက်လံ၍အခမဲ့ဆေးကုသမှုများ ပြုလုပ်ပေးလျက်ရှိကြောင်းသိရသည်။**(ပြန်/ဆက်)**

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၅/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(၁)	IFB-067(14-15)	Portable Welding Machine with Complete Accessories (300 AMP, Diesel Engine Driven (4) Sets	US$
(၂)	IFB-068(14-15)	Data Processing Centre and Interpretation Work Station (1) Lot	US$
(၃)	IFB-069(14-15)	High Pressure Rubber Hoses for ZJ 70L Drilling Rigs (2) Items	US$
(၄)	IFB-070(14-15)	Spares for HDD Rig (12)Items	US$
(၅)	IFB-071(14-15)	Spares for CAT G 398 Gas Engine and Worthington 5 SU 3 Compressor (46) Items	US$
(၆)	DMP/L-012(14-15)	Spares for Komatsu Dozers (23) Items	Ks
(၇)	DMP/L-013(14-15)	Fuel Bowser (3200 Gal Capacity) (2) Units	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၅-၈-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်)လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဆောက်လုပ်မည့် နေပြည်တော် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ၊ ဥတ္တရသီရိခရိုင် ဦးစီးဌာနမှူးရုံးနှင့် မန္တလေးမြို့၊ တိုင်းရင်းဆေးတက္ကသိုလ်၊ ဝန်ထမ်းအိမ်ရာများအတွက် ပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၈-၇-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက် - ၇-၈-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်
စီမံရေးရာဌာနခွဲ၊ ဖုန်းအမှတ် ၀၆၇-၄၃၁၀၉၅၊ ၄၃၁၁၄၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသူများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

(က) ဆေးဂိုဒေါင်(၁)လုံးတည်ဆောက်ခြင်းလုပ်ငန်း
(ခ) စာသင်ခန်းမအကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း
(ဂ) O_2 Plant ထားရှိရန် အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း

၂။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၇-၇-၂၀၁၄ရက်(တနင်္လာနေ့)
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် - ၃၁-၇-၂၀၁၄ရက်(ကြာသပတေးနေ့) ၁၆း၀၀နာရီ

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

လင်းခေးတွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်

လင်းခေး၊ ဇူလိုင် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ လင်းခေးမြို့နယ်၊ နားကုန်းကျေးရွာအုပ်စုရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း(နမ့်ဆိုင်း)အား အလယ်တန်းကျောင်း(ခွဲ)သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်သည့် အခမ်းအနားကို ဇူလိုင် ၆ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်၊ ခရိုင်လက်ထောက်ပညာရေးမှူး ဦးစိုင်းအောင်ခင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်ပြီးတက်ရောက်လာသူ အလှူရှင်များမှ ကျောင်းရန်ပုံငွေနှင့် စာရေးခုံပြုလုပ်ရန်အတွက် အလှူငွေကျပ် ခုနစ်သိန်းအား လှူဒါန်းပေးအပ်ရာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌက လက်ခံရယူသည်။

ဦးစိုင်းခမ်းပန်က"အခုဆိုရင် ကျွန်တော်တို့ နမ့်ဆိုင်းကျေးရွာက ကျောင်းနေတဲ့ ကလေးလေးတွေအားလုံးဟာ ဒီနှစ်ကစပြီး နိုင်ငံတော်က ပေးတဲ့အခမဲ့ပညာသင်ကြားရေးစနစ်ကို ခံစားရတော့မှာဖြစ်လို့ ဝမ်းသာမိပါတယ်။ အရင်တုန်းက ဒီရွာက ကလေးတွေက အလယ်တန်းပညာရေးကို ဝေးလံတဲ့ကျောင်းမှာ သွားတက်ရတဲ့အခါမှာ လမ်းခရီးနဲ့သွားလာမှု အခက်ခဲအမျိုးမျိုးနဲ့ ရင်ဆိုင်ခဲ့ကြရတာပါ။ (ဥပမာ-သွားလမ်းမှာ မိုးတွင်းရေစီးကြောင်းတွေကို ဖြတ်ကျော်သွားလာရတဲ့)အခက်မျိုးကို ဆိုလိုချင်တာပါ။ ဒါကြောင့်အခုလို အလယ်တန်းကျောင်းကို တိုးမြှင့်ပေးလိုက်ခြင်းအားဖြင့် ကလေးတွေကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေကနေ ကျော်လွှားနိုင်ခဲ့ပြီဖြစ်လို့ နိုင်ငံတော်သမ္မတကြီးနဲ့ တာဝန်ယူပေးတဲ့ လူကြီးမင်းအားလုံးကို ကျေးဇူးအထူးတင်ပါတယ်"ဟု ပြောသည်။

အခမ်းအနားသို့ လင်းခေးမြို့နယ် ပညာရေးဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ ခရိုင်နှင့်မြို့နယ် လက်ထောက်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာ ဆရာမများ၊ ကျေးရွာအထောက်အကူပြု ကော်မတီအသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျောင်းသားမိဘများနှင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများအင်အား ၃၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါကျောင်းသည် ၁၉၇၀ ခုနှစ်တွင် မူလတန်းကျောင်းအဖြစ် စတင်တည်ထောင်ခဲ့ပြီး၊ ၂၀၀၂ -၂၀၀၃ ပညာသင်နှစ်၌ (မူလွန်) ကျောင်းရရှိခဲ့ပြီး ယခုအလယ်တန်းကျောင်း(ခွဲ)အဆင့်သို့တိုးမြှင့်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မူလတန်းကျောင်းသား ၁၁၀ ဦး၊ အလယ်တန်းကျောင်းသား ၁၁၄ ဦး စုစုပေါင်း ကျောင်းသားဦးရေ ၂၂၄ ဦး ပညာသင်ကြားနေကြောင်း၊ နားကုန်းကျေးရွာအုပ်စု နမ့်ဆိုင်း၊ တိညှနှင့် လုံကေထင်(ဟိုနား) ကျေးရွာသုံးရွာမှ အားကိုးအားထားပြုနေလျက်ရှိသော ပညာရေးကျောင်းတစ်ကျောင်းဖြစ်ပါကြောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစုစုဝင်းက ပြောကြားခဲ့သည်။

ယနေ့ နိုင်ငံတော်အစိုးရလက်ထက်တွင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မိန့်ကြားချက်များနှင့်အညီ နိုင်ငံတော်ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးကို အဆင့်ဆင့်တာဝန်ရှိသူများက အရှိန်အဟုန်ဖြင့် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ **ဆောင်းနှင်းလတ်(ပြန်/ဆက်)**

တိလောကာရာမ ဘုန်းတော်ကြီးသင် ပရဟိတ ပညာရေးကျောင်းမှ ကျောင်းသား/သူများကို အာဟာရနေ့လည်စာ လှူဒါန်း

ရေစကြို၊ ဇူလိုင်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ မကျန်းပင်လှ တိလောကာရာမကျောင်း တိုက်တွင် ဖွင့်လှစ်ထားသော ဘုန်းတော်ကြီးသင် ပရဟိတ ပညာရေးကျောင်းကို ပဓာနဆရာတော် ဘဒ္ဒန္တကုမာရ အရှင်သူမြတ်သည် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်၍ တည်ထောင်ဖွင့်လှစ်ခဲ့ရာ ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မူလတန်းကျောင်းသား၊ ကျောင်းသူ ၈၉ ဦး တက်ရောက်ပညာသင်ယူလျက်ရှိကြောင်း သိရသည်။

"ဒီကလေးတွေအားလုံးရဲ့ မိဘများဟာ ဆင်းရဲနွမ်းပါးကြပါတယ်။ အခြားကျောင်းတွေမှာ မထားနိုင်ကြလို့ ဒီမှာလာထားကြတာဖြစ်ပါတယ်။ သင်ကြားရေးအတွက် ပညာရေးဝန်ကြီးဌာနက ထောက်ပံ့တဲ့ ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်ခြောက်အုပ်နဲ့ ပိုက်ဆံတစ်ထောင်စီရတဲ့အတွက် အခက်အခဲမရှိပါဘူး။ လိုအပ်တဲ့ ဘောပင်၊ ခဲတံ၊ ဗလာစာအုပ်တွေအတွက်လည်း စေတနာရှင် နည်းနည်းတော့ရှိပါတယ်။

"ဘုန်းကြီးကလည်းဒီကလေးတွေကို ဥပုသ်နေ့ ကျောင်းပိတ်ရက်ကလွဲပြီး အခြားရက်တွေမှာ နေ့လည်စာ ထမင်းကို နေ့တိုင်းကျွေးမွေးပြုစုစောင့်ရှောက်ထားပါတယ်။

"ဒီနေ့မှာတော့ အမှတ် (၇) နှစ်တောင်ပြည့်ရပ်ကွက်က ဒကာကြီးဦးညွှန့်၊ ဒကာမကြီးဒေါ်မှတ်တင် သားသမီးမြေးတစ်စုကဝက်သားဟင်းလျာနဲ့ အာဟာရဒါနကျွေးမွေးလှူဒါန်းတာဖြစ်ပါတယ်။ ဒီလို လှူသူတော့ နည်းပါးတယ်တစ်လတစ်ကြိမ်လောက်ပဲ ရှိပါတယ်'ဟုအဆိုပါဆင်းရဲနွမ်းပါးသည့်ကျောင်းသား၊ ကျောင်းသူများ နှင့်ပတ်သက်၍ဆရာတော် ဘဒ္ဒန္တကုမာရက မိန့်ကြားသည်။

စစ်ကိုင်းဝေနေယျသုခ လူမှုကူညီရေးအသင်း နှစ်နှစ်ပြည့်အထိမ်းအမှတ် ကျင်းပ

ကျွန်းလှ၊ ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ ဝေနေယျသုခ လူမှုကူညီရေးအသင်းနှစ်နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင် ၇ ရက် မွန်းလွဲ ၂ နာရီက ပိတောက်မြိုင်ရပ်ကွက် အသင်းရုံးတွင်ကျင်းပခဲ့သည်။ အဆိုပါ ဝေနေယျသုခ လူမှုကူရေးအသင်းသည် လူမျိုးမရွေး ဘာသာမရွေး မိသားစုတို့၏ လူမှုဒုက္ခတို့ကို တတ်စွမ်းနိုင်သမျှ စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးနေကြောင်း အသင်းဖွံ့ဖြိုးတိုးတက်ချိန်တွင် ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများအပြင် လူငယ်လူရွယ်များ အသိပညာဗဟုသုတရစေမည့် စာကြည့်တိုက်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယခုအခါ အသင်းအတွက် ကားအလှူရှင်နှင့် လစဉ်ငွေအလှူရှင်များ၏ လှူဒါန်းမှုဖြင့် အသင်းလုပ်ငန်းဆောင်ရွက်နေကြောင်း အတွင်းရေးမှူး ဦးဝင်းထူးက ရှင်းလင်းသည်။

"ကျွန်တော်က သဖန်းဆိပ်ဆည်ရဲ့ အနောက်ခြမ်းမှာနေထိုင်ပါတယ်။ အရင်က ကျေးရွာသူရွာသားများ ကျန်းမာရေးမကောင်းရင် ဆေးရုံရှိရာ ဆည်အရှေ့ဘက်ကို စက်လှေနဲ့ပို့ရပါတယ်။ လှေဆိပ်က နေခက်ခဲစွာ ဆေးရုံကိုရောက်အောင်သွားရပါတယ်။ အခုလို လူမှုရေးကူညီရေးအသင်းတွေ ရှိလာတဲ့အတွက် အဆင်ပြေပါတယ်" ဟု လူနာပို့ပေးသူ ကျေးရွာသားတစ်ဦးက ပြောသည်။

မျိုးဝင်းညို(ကျွန်းလှ)

ဝက်လက်မြို့နယ်ဟန်လင်းပျူမြို့ဟောင်းဒေသ၌မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဝက်လက်၊ ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဟန်လင်းပျူမြို့ဟောင်းဒေသ စိမ်းလမ်းစိုပြည်ရေးအတွက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၅ ရက်က ဟန်လင်း ပျူမြို့ဟောင်းအဝင်လမ်း၌ ပြုလုပ်သည်။

သစ်ပင်စိုက်ပွဲတွင် ဝက်လက်မြို့နယ် စိမ်းလမ်းစိုပြည်ရေးဦးစီးဌာန ဦးစီးန ဦးစီးအရာရှိ ဦးဟောင်းလွမ်းနှင့် ဝန်ထမ်းများ မြို့နယ်သစ်တောဦးစီးဌာ နဦးစီးအရာရှိနှင့် ဝန်ထမ်းများ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ NGO အဖွဲ့များ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ပြည်သူများက စုပေါင်း၍ ယူကလစ်ပင် ၃၀၀၊ ပင်တမာ ၅၀ ပင်၊ ကုက္ကို ၄၀ ပင်နှင့်ခရေပင် ၁၀ ပင် စုစုပေါင်း အပင် ၄၀၀ တို့ကို စိုက်ပျိုးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဟန်လင်းပျူမြို့ဟောင်းဒေသတွင် ယခင်ဇွန်လည်း တမာ၊ ကုက္ကို၊ မယ်ဇလီ ၃၀၀ ပင်ဘက်စုံသုံး တစ်ဧကယူက လစ် ၆၀၀ ပင် တို့ကိုလည်း စိုက်ပျိုးပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ **နန်းမြင့်(ဝက်လက်)**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၃၁၅/ခ) မြေကွက်တည်နေရာအမှတ်(၃၁၅/ခ)၊ (၁၂) လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးလှညွှန့်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးလှညွှန့်နှင့်ဇနီး မတင်ဥ ကွယ်လွန်သဖြင့် ဒေါ်မိမိဦး[၁၂/ဥကတ(နိုင်)၀၆၀၄၆၂]၊ ဦးကျော်ကျော်နိုင်[၁၂/ဥကတ(နိုင်)၀၈၆၈၁၆]၊ ဦးမောင်မောင်နိုင်[၁၂/ဥကတ(နိုင်)၀၈၃၁၄၃]၊ ဒေါ်မိမိလှ[၁၂/ဥကတ(နိုင်)၀၁၆၆၆၇]၊ ဦးမောင်မောင်လှ [၁၂/ဥကတ(နိုင်)၀၁၆၆၆၈]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် ကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၃၉၀ (၈-၅-၂၀၁၄)ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကျော်ကျော်နိုင်[၁၂/ဥကတ(နိုင်)၀၈၆၈၁၆]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံ သော အထောက်အထားများဖြင့် (၇) ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကျန်းမာရေးဆောင်းပါး

ကျောက်ကပ်ပျက်စီးစေနိုင်သော အကြောင်း

à ayjufyjuf

(၁) အကိုက်အခဲပျောက်ဆေးတွေထဲမှာပါရှိတဲ့ ibuprofen, motrin, aleve, acetaminophen စတဲ့ဓာတ်များက ကျောက်ကပ်ထဲမှာရှိတဲ့ သွေးကြောတွေကို ကျုံ့ဝင်စေကာ ကျောက်ကပ်ကို ပျက်စီးစေနိုင်ပါတယ်။ ဆီးရွှင်ဆေးများကလည်း ကျောက်ကပ်ကို ပင်ပင်ပန်းပန်းအားစိုက်၍ အလုပ်ခိုင်းစေကာ ရေဓာတ်ဆုံးရှုံးစေတာကြောင့် ကျောက်ကပ်ပျက်စီးလွယ်ပါတယ်။ ကိုလက်စထရောကျဆေးအချို့နှင့် ရိုးတွင်းခြင်ဆီ ကင်ဆာပျောက်ဆေးများရဲ့ ဘေးထွက်ဆိုးကျိုးများကလည်း ကျောက်ကပ်ကျန်းမာရေးကို အဟန့်အတားဖြစ်စေပါတယ်။ ဥပမာ ပင်နယ်စလင်တို့လို မိမိနှင့်ဓာတ်မတည့်တဲ့ ထိုးဆေးမျိုးကို မှားယွင်းစွာသုံးစွဲမိတဲ့အခါ ကျောက်ကပ်ကို ဆိုးဆိုးရွားရွား ပျက်စီးစေနိုင်ပါတယ်။

(၂) ဆေးလိပ်သောက်ခြင်းက ကျောက်ကပ်ရဲ့လုပ်ငန်းဆောင်တာတွေကို ကမောက်ကမဖြစ်စေပါတယ်။ အကယ်၍ ဆီးချိုနှင့် သွေးတိုးရောဂါရှိသူများ ဆေးလိပ်သောက်ခြင်းက ကျောက်ကပ်ကျန်းမာရေးကို ပိုမိုဆိုးရွားလာစေနိုင်ပါတယ်။

(၃) သကြားနှင့် အချိုလွန်ကဲသော အစားအစာများက ကျောက်ကပ်ပျက်စီးခြင်းနှင့် တိုက်ရိုက်ပတ်သတ်မှုမရှိသော်လည်း၊ အချိုဓာတ်များများစားခြင်းက ဆီးချို၊ သွေးချိုနှင့် အဝလွန်ခြင်းရောဂါကို ဖြစ်စေပါတယ်။ ထိုရောဂါများက ကျောက်ကပ်ပျက်စီးစေတာကြောင့် အချိုဓာတ်လွန်ကဲသော အစာများကို ရှောင်ပါ။

(၄) ရောဂါရှာဖွေရေးကိရိယာများဖြစ်ကြတဲ့ CT scans နှင့် ဓာတ်မှန်ရိုက်ခြင်းဖြင့် ၎င်းတို့မှထွက်လာတဲ့ ရောင်ခြည်များက ကျောက်ကပ်အလုပ်လုပ်ခြင်းကို ကမောက်ကမဖြစ်စေနိုင်ပါတယ်။

(၅) ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်ဖို့အတွက် ဆား(အငန်ဓာတ်)က မရှိမဖြစ်လိုအပ်နေပါတယ်။ သို့သော် လိုအပ်တာထက်ပို၍ အငန်တွေစားသုံးမိပါက၊ Nephron (ခေါ်) ကျောက်ကပ်အတွင်းမှ သွေးစစ်ပေးတဲ့ ဇကာပျက်စီးလာပါတယ်။ ကျောက်ကပ် ပျက်စီးသွားတဲ့အခါ နှလုံးသွေးစီးကြောင်းအတွက် လိုအပ်သော အရည်ဓာတ်ကို ကျောက်ကပ်က ထိန်းမထားနိုင်တော့တာကြောင့် နောက်ဆက်တွဲအဖြစ် နှလုံးရောဂါဖြစ်စေပါတယ်။

(၆) သွေးတိုးခြင်းက ကျောက်ကပ်ထဲမှာ ပရိုတင်းဓာတ်လျော့နည်းစေပြီး ကျောက်ကပ်ကို ဖိစီးမှုဖြစ်စေပါတယ်။ ဒါကြောင့် သွေးတိုးရောဂါမဖြစ်အောင် ကိုယ်အလေးချိန်ထိန်းခြင်း၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်ခြင်း၊ အငန်လျော့စားခြင်းတို့ဖြင့် ကျောက်ကပ်ကို ကာကွယ်ပေးသင့်ပါတယ်။

(၇) purine ဓာတ်ကြွယ်ဝတဲ့ အသားများ၊ ပင်လယ်စာများနှင့် ပင်လယ်ငါးတို့ကို လွန်ကဲစွာစားသုံးခြင်းက ဆီးထဲမှ ကယ်လ်စီယမ်ယိုစိမ့်မှုကို တိုးပွားစေပြီး ကျောက်ကပ်ပျက်စီးစေနိုင်ပါတယ်။ ထိုနည်းတူစွာပင် တိရစ္ဆာန်မှရရှိသော အဆီမထုတ်ထားတဲ့ နို့နှင့် နို့ထွက်ပစ္စည်းများကို လွန်ကဲစွာ စားသောက်တဲ့အခါမှာလည်း ကျောက်ကပ်ထဲကို ကယ်လ်စီယမ်ဓာတ်များ အနည်ကျကာ ဆီးကျောက်တည်ခြင်းကို ဖြစ်စေပါတယ်။

(၈) ဥပမာ အစားအစာတွေကို တာရှည်ခံအောင် ပြုပြင်ထားတဲ့ သား-ငါး-ဟင်းသီးဟင်းရွက်-သစ်သီးဝလံ စည်သွတ်ဗူးများ၊ ကြက်-ဝက်အူချောင်းများ၊ ထုံချိုင်းအသားလုံးများ၊ အသင့်စား ခေါက်ဆွဲ၊ ကြာဇံခြောက်အထုပ်များ စသည်တို့က အသည်းနှင့် ကျောက်ကပ်တို့ကို အဆိပ်အတောက်ဖြစ်စေနိုင်တာကြောင့် ရံဖန်ရံခါသာ စားသုံးသင့်ပါတယ်။

(၉) သဘာဝ သစ်သီးဖျော်ရည်မဟုတ်တဲ့ အချိုရည်အမျိုးမျိုးနှင့် ဆိုဒါတို့မှာ တာရှည်ခံအောင်၊ အနံ့ကောင်းအောင်နှင့် အရသာရှိအောင် ဓာတုပစ္စည်းများသုံး၍ ပြုပြင်ထားပါတယ်။ ထိုအချိုရည်ကို နေ့စဉ် သောက်သုံးခြင်းက အာဟာရ(လုံးဝ) မဖြစ်စေတဲ့ အပြင် ကျောက်ကပ်ကိုပါ ထိခိုက်စေပါတယ်။ ထိုနည်းတူ ကာဗွန်ဒိုင်အောက်ဆိုဒ် ဂက်စ်ထည့်ထားတဲ့ အဖျော်ယမကာများကလည်း ကျောက်ကပ်ထဲရှိ သွေးကြောများကို ပျက်စီးခြင်း၊ ကျောက်တည်ခြင်း စတဲ့ဆိုးကျိုးတွေ ဖြစ်စေနိုင်ပါတယ်။ ဒါ့ပြင် ကဖိန်းဓာတ်များတဲ့ ကော်ဖီနှင့် လက်ဖက်ရည်များကို အလွန်အကျွံသောက်ခြင်းက ခန္ဓာကိုယ်အနှံ့ သွေးလည်ပတ်စီးဆင်းမှုကို လှုံ့ဆော်ပေးတာကြောင့် သွေးတိုးလာပြီး ကျောက်ကပ်ကို တွန်းအားဖြစ်စေပါတယ်။

(၁၀) Oxalates ဓာတ်ကြွယ်ဝတဲ့ ဗိုလ်စားပဲသီး၊ ပိန်းဥ၊ ပိန်းရိုး၊ ဟင်းနုနယ်ရွက်တို့က ဆီးကျောက်တည်စေနိုင်တာကြောင့် သင့်တင့်ရုံသာစားပေးပါ။

(၁၁) ဗီတာမင်ဒီ ဆိုတာကလည်း steroid ဟော်မုန်းအမျိုးအစားတစ်ခုဖြစ်၍ ကျောက်ကပ်အပါအဝင် ခန္ဓာကိုယ်ကြီးတစ်ခုလုံးကို ကောင်းကျိုးဖြစ်စေပါတယ်။ လိုအပ်တဲ့ ဗီတာမင်ဒီကို နံနက်စောစော နေနုအေးမှ နေပူစာလှုံခြင်းဖြင့် ရရှိနိုင်ပါတယ်။

(၁၂) ရေသောက်နည်းခြင်း၊ အပူကြီးဖျားနာ၊ ပျို့အန်၊ ဝမ်းသွား၊ ချွေးထွက်လွန် စသည်တို့ကြောင့် ရေဓာတ်ခမ်းခြောက်၍ ကျောက်ကပ်အလုပ်လုပ်မှု အားနည်းသွားစေပါတယ်။

(၁၃) ဆီးအိမ်ကျွံခြင်း၊ သားအိမ်လျောခြင်း၊ ဆီးကျိတ်ကင်ဆာ၊ သားအိမ်တွင်းအဖုအကျိတ်စတဲ့ ဝေဒနာများကလည်း ကျောက်ကပ်နှင့် ဆီးလမ်းကြောင်းများကို အဟန့်အတားဖြစ်ကာ ကျောက်ကပ်ပျက်စီးသွားနိုင်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးတွင် သတင်းအရ ရှာဖွေရာမှ မူးယစ်ဆေးဝါး ဖမ်းဆီးရမိ

အင်းတော်၊ ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးတွင် ဇူလိုင် ၇ ရက်က သတင်းအရ ရှာဖွေရာမှ မူးယစ်ဆေးဝါး ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၇ ရက် ညနေ၆နာရီခွဲခန့်ကမော်လူးနယ် မြေရဲတပ်ဖွဲ့စခန်းမှ စခန်းမှူး ရဲအုပ်အေးမင်းသိန်း၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်အောင်အောင်သန်း၊ ဒုတပ်ကြပ် အောင်ကိုဝင်းနှင့်အဖွဲ့သည်သက်သေများဖြစ်ကြသော မော်လူးကွက်သစ်ရပ်နေ ဦးသံချောင်း၊ စီးမော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ အဖွဲ့ဝင်ဦးဖိုးဇော်တို့နှင့်အတူ သတင်းအရစည်းခိုးကျေးရွာနှင့် ကူးကာကျေးရွာသွားလမ်းဘေးတွင် စောင့်ဆိုင်းနေစဉ် လမ်းဘေးအနီး လေးတန်ချောင်းအား ဖြတ်ကူးလာသည့် လူတစ်ဦးအား တွေ့ရှိ၍ ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ အင်းတော်မြို့နယ်၊ မော်လူးဒေသ၊ သူရောင်းကျေးရွာအုပ်စု၊ခိုးကောင်ကျေးရွာနေ မောင်လွင်(ခ) ပလှိုင်းဖြစ်ကြောင်း သိရပြီးဎင်းလွယ်ထားသောလွယ်အိတ်အတွင်းမှ မူးယစ်ဆေးဝါးဘိန်းဖြူဟုယူရသောအဖြူ မှုန့်အလေးချိန် ၀ ဒသမ ၅ ဂရမ်ခန့်ပါကော်ဗူးအဖြူတစ်ဗူးနှင့် အလေးချိန် ၀ ဒသမ ၅ ဂရမ်ခန့်ပါ ပင်နစလင်ပုလင်းတစ်လုံး၊ နဖူးစွပ် ဓာတ်မီးအစိမ်းတစ်ခုလွယအိတ်အစိမ်းရောင်တစ်လုံး ကာလတန်ဖိုး ၁၀၀၀၀၀ ကျပ် တို့အားတွေ့ ရှိရသဖြင့် သက်သေများရှေ့မှောက်တွင် ရှာဖွေပုံစံရေးသွင်းသိမ်းဆည်းခဲ့သည်။

အဆိုပါ အမှုဖြစ်စဉ်နှင့် ပတ်သက်၍မောင်လွင်(ခ) ပလှိုင်း ၃၄ နှစ် ခိုးကောင်ကျေးရွာ နေသူအားရဲအုပ်အေးမင်းသိန်းက တရားလိုပြုလုပ်ပြီး မယ(ပ)၁၂/၁၄၊မူး/စိတ်ပုဒ်မ ၁၅/၁၆ အရအရေးယူကာတရားစွဲဆို တင်ပို့နိုင်ရန်အမှုစစ်ရဲအုပ်အောင်အောင်သန်းက အမှုမှန်ပေါ်ပေါက်ရေးနှင့် ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရေးတို့အတွက် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **(ဝ၅၈)**

ယင်းမာပင်မြို့နယ်ရဲတပ်ဖွဲ့ဝင်ဝန်ထမ်းမိသားစုများအား ကျန်းမာရေးအသိပေး

ယင်းမာပင်၊ ဇူလိုင် ၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်း ဦးဆောင်ပြီး ကျန်းမာရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၆ ရက်၊ မွန်းလွဲ ၁ နာရီက မြို့နယ်ရဲမှာရုံတွင်ကျင်းပခဲ့သည်။

USA မှ OG ဒေါက်တာ ခင်ဝင်းနွယ်ကသက်ရှည်ကျန်းမာလိုလျှင် စားသောက်နေထိုင်မှုကိုပြင် ခေါင်းစဉ်ဖြင့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား အသိပညာပေး ဗွီဒီယိုဖြင့် ပြသကာ ဟောပြောဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးအသိပညာပေးဟောပြောပွဲဆွေးနွေးပွဲသို့ မြို့နယ်ရဲမှူးနှင့်ရဲတပ်ဖွဲ့ဝင်များ ဝန်ထမ်းမိသားစုများ စုစုပေါင်းအင်အား ၃၈ဦးတ က်ရောက်ခဲ့ကြောင်း သိရသည်။ **ထွန်းကိုကို(ယင်းမာပင်)**

အသွား ၁၁လက်မခန့်ရှိ စကောဘာ ရင်ဘက်ထဲထည့်သွားနေသူအား အရေးယူ

ရန်ကုန်၊ ဇူလိုင် ၉

ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ဒဂုံမြို့နယ်၊ ပြည်လမ်း အရှေ့ရပ်ကွက် ပြည်သူရင်ပြင်ဥယျာဉ်အတွင်း ရေလျှာလျှောစီးကစားကွင်း လူသွားလမ်းပေါ်တွင် မသင်္ကာတွေ့ရှိသူ ဒလမြို့နယ်နေ စန်းကျော်လင်း အသက် ၁၈ နှစ်ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ စန်းကျော်လင်းခန္ဓာကိုယ်ပေါ်တွင်အရိုးအသွား ၁၁လက်မခန့် စကောဘာတစ်ချောင်းကိုရင်ဘတ်တွင်ထည့်ကာ သွားလာနေကြောင်း တွေ့ ရှိရသဖြင့် အရေးယူပေး ပါရန်တိုင်ကြားခဲ့သည်။

ဒဂုံမြို့မရဲစခန်းက(ပ)၁၄၅/၁၄ လက်နက်ဥပဒေပုဒ်မ ၁၉(င)အရ အမှုဖွင့် အရေးယူထားသည်။ **(၃၁)**



ဖတ်စရာ

သုံးပါးရတနာ ပေါ်ထွန်းလာ ရောင်ခြည်ဖြာသည့်နေ့

à &ififrmftmrc)H

ဝါဆိုလပြည့်နေ့ကို ဘာနေ့လဲဟုမေးလျှင် "သန္ဓေတောထွက်၊ ဓမ္မစက် တစ်ချက်နေရဗာန်"ဟု ဖြေကြားပါလိမ့်မည်။

မှန်ပါသည်။ သို့သော် ထိုမျှမကပါ မြတ်ဗုဒ္ဓသည် ဘုရားဖြစ်လျှင်ဖြစ်ချင်း အနေကဇာတိသံသာရံ ဂါထာဖြင့် တဏှာလက်သမားဟု ကြုံးဝါးတော်မူခဲ့ပါသည်။ ဓမ္မစကြာဒေသနာကို ဟောကြားတော်မူသည့်အခါမှ "ငါ ဘုရားဖြစ်ပြီ"ဟု ဝန်ခံတော်မူပါသည်။

ဓမ္မစကြာဒေသနာတွင် "အကြင်အခါ၌ ငါသည် သစ္စာလေးပါးနှင့် ဉာဏ်တော်တစ်ဆယ့်နှစ်ပါးကို မသိမမြင်သေး ထိုအခါ၌ ငါသည် ဘုရားဖြစ်တော်မူပြီဟု ဝန်ခံတော်မမူ။

ယခု ငါသည် သစ္စာလေးပါး ဉာဏ်တော်ဆစ်ဆယ့်နှစ်ပါးကို ထိုးထွင်းသိမြင်တော်မူသဖြင့် "ငါ ဘုရားဖြစ်ပြီ" ဟု ဝန်ခံဟောတော်မူခဲ့သည်။ ထို့ကြောင့် ထိုနေ့ကို ဘုရားရတနာပေါ်ထွန်းသောနေ့ဟု ဆိုနိုင်ပါသည်။ထို့နောက် ဓမ္မစကြာတရားထူးကို ပဥ္စဝဂ္ဂီငါးဦးအားဟောကြားတော်မူသည့် ထိုနေ့ကို တရားရတနာပေါ်ထွန်းသောနေ့ဟုဆိုနိုင်ပါသည်။

ထို့ပြင် ဆာဒူးကြီးများ၊ ရသေ့ကြီးများသာဖြစ်ကြသည့် ပဥ္စဝဂ္ဂီတို့အား ဘိက္ခုဝေရဟန်းတို့ ဘိက္ခုရဟန်းဟု ချီးမြှောက်ခေါ်တော်မူသဖြင့် မြင့်မြတ်သော သံဃာရတနာများဖြစ်ကြသည်။ ထို့ကြောင့် ထိုနေ့ကို သံဃာရတနာပေါ်ထွန်းသောနေ့ဟု ဆိုနိုင်ပါသည်။ထို့ကြောင့် ဝါဆိုလပြည့်နေ့ကို "သုံးပါးရတနာပေါ်ထွန်းလာရောင်ခြည်ဖြာသည့်နေ့"ဟု အမည်ထပ်ဖြည့် ဂုဏ်တင်နိုင်ပါသည်။

ဗုဒ္ဓဒုသာတိ ဘာဝနာဖြစ်ပါသည်။

အနုဿတိဘာဝနာတရားများသည် ကံကိုကောင်းစေသဖြင့် ကံကောင်းချင်သူများသည် ဗုဒ္ဓဂုဏ်တော်ကို ပွားများကြပါ။

ယင်းသို့ ဗုဒ္ဓဂုဏ်တော်ကိုထုတ်ဖော်ပူဇော်သည့် အကျိုးအားကြောင့် သံသရာဘေးကြီး၊ ခန္ဓာဘေးဆိုးကြီး၊ ကိလေသာဘေးဆိုးကြီး၊ဝိနိပါတဘေးဆိုးကြီးလေးပါးမှ လွတ်မြောက်ကာ ငြိမ်းသေသေရပါလို၏ဘုရား။

ဇရာနှင့်ဗျာဓိ သံ့ပန်းအကျဉ်းသားဖြစ်နေရသော မိမိအား ပြုဟ္မာစိုရ်တရား လက်ကိုင်ထားကာ ကြင်နာစွာပြုစုစောင့်ရှောက်ပေးသည့် မိသားစုနှင့် ဆွေမျိုးများ၊ လိုလေသေးမရှိ ငွေကြေး၊ အစားအစာ၊ ဆေးဝါးများပါ ထောက်ပံ့ကူညီပေးသော ကလျာဏမိတ္တ ဓမ္မမိတ်ဆွေများ၊ စာရေးဆရာများ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများအားလုံးသည်လည်း ဘေးဆိုးကြီးလေးပါးမှ လွတ်မြောက်ကာ ရာသက်ပန်ကံကောင်းကြပါစေသတည်း။ ။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းသုံးဆက်စပ်ပစ္စည်းများ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ပေးအပ်လှူဒါန်း

ရန်ကုန်၊ ဇူလိုင် ၉

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကောင်းများ အနက်မှ အင်းစိန်မြို့နယ်အတွင်းရှိ ဖော့ကန်ဓမ္မပိယဘုန်းကြီးကျောင်း မြို့သစ် က+ခ သိဒ္ဓိနန္ဒာနှင့် သာသနဝံ့ဟိတကာရီ ဘုန်းကြီးကျောင်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်း သုံးကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၂၀၀၀ ကျော်တို့ကို ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းသုံးဆက်စပ်ပစ္စည်းများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အဆိုပါပေးအပ်လှူဒါန်းပွဲကို အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ စီမံခန့်ခွဲရေးကော်မတီ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်တီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီများ ပူးပေါင်းကာ မြို့သစ် (က+ခ)ရပ်ကွက် က-၃ လမ်း အောက်ပိုင်းရှိ သာသနဝံ့ဟိတကာရီ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဇူလိုင် ၅ ရက် နံနက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တောတိုက်ဓမ္မရိပ်သာဆရာတော်နှင့် သာသနဝံ့ဟိတကာရီ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော်တို့မှ ငါးပါးသီလနှင့် ဩဝါဒကထာများ မြွက်ကြားကာ ရေစက်ချတရားတော်များ ဟောကြားပေးခဲ့ကာ ကြွရောက်လာကြသော တာဝန်ရှိလူကြီးများမှ ကျောင်းသား၊ ကျောင်းသူ ၂၀၀၀ ကျော်တို့အား ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဆုံးဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

အခမ်းအနားသို့ အင်းစိန်မြို့နယ်၊ မင်္ဂလာဒုံမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်၊ မြို့နယ်ပညာရေးမှူး ဦးတင်လှိုင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းသိန်း၊ မြို့နယ် လဝကဦးစီးမှူး ဦးထိန်လင်းသိန်း၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ခင်နှင်းကြည်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ခဲ့ကြသည်။

မြင့်ဦး

အလုပ်သမအား ပိုက်ဆံခိုးယူကြောင်း စွပ်စွဲပြီး နှိပ်စက်၍ အလုပ်သမမှ တိုင်တန်း

ရန်ကုန်၊ ဇူလိုင် ၉

ဧရာဝတီတိုင်းဒေသကြီးနေ မဝါဝါခိုင်သည် လွန်ခဲ့သောသုံးနှစ်ခန့်မှ စတင်ကာ လှိုင်သာယာမြို့နယ် (၂)ရပ်ကွက်ရှိ ကိုခိုင် (ခ) ကျော်ဇော်လင်း ၃၄ နှစ်နှင့် ဇနီးဖြစ်သူ မမေမြင့်ဦးတို့ဖွင့်လှစ်ထား သည့် လက်ဖက်ရည်ဆိုင်တွင် အလုပ်လုပ်ကိုင်ခဲ့သည်။ ဇူလိုင် ၅ ရက် ည ၇ နာရီခန့်တွင် ဆိုင်ရှင်ဖြစ်သူက ပိုက်ဆံအိတ်ခိုးယူသည်ဟု စွပ်စွဲကာ တံမြက်စည်း၊ ဖိနပ်၊ ဝါးလုံးတို့နှင့် ရိုက်နှက်ကာ ဆိုင်နောက်ဘက်ရှိ အိမ်သာတွင်အပြင်မှ သော့ခတ်ပိတ်နှောင်ထားခဲ့ပြီး ရိုက်နှက်ခဲ့သောဒဏ်ရာများကြောင့် ကိုယ်ခန္ဓာတွင်ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ရေနှင့်အစာတို့ကိုကျွေးမွေးခဲ့ခြင်းမရှိခဲ့ကြောင်း ဇူလိုင် ၆ ရက် မွန်းတည့် ၁၂နာရီခန့်တွင်အိမ်သာအတွင်းမှ ပြန်ထွက်ခဲ့ရပြီး နောက်တစ်နေ့နံနက် ၁၁ နာရီခန့်တွင် ဆိုင်မှထွက်ပြေးခဲ့ပြီး ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ အကူအညီတောင်းခံကာ အရေးယူပေးရန် တိုင်ကြားခဲ့သည်။ လှိုင်သာယာမြို့မရဲစခန်းက(ပ) ၉၆၇/၁၄ ပြစ်မှုပုဒ်မ ၃၄၂/၃၂၃/၁၁၄ အရ အမှုဖွင့်အရေးယူထားသည်။ **(၃၁)**

မဲဇာချောင်းရထားလမ်းကူးတံတားကို မြန်မာ့မီးရထားမှ ကျွမ်းကျင်ပညာရှင်များမှ စစ်ဆေးပြုပြင်လျက်ရှိ

အင်းတော်၊ ဇူလိုင် ၉

မဲဇာချောင်း၊ ရထားလမ်းကူးတံတားသည် မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၊ မိုင်တိုင် (၅၇၄/၁၆-၁၇) တွင် တည်ရှိပြီး သံပေါင်တံတားများ၏ ကြံ့ခိုင်မှုအခြေအနေများကို တွက်ချက်စစ်ဆေးပြီး မြန်မာ့မီးရထားမှ လက်ရှိအသုံးပြုနေသော သံလမ်းအမျိုးအစား၊ တွဲများ၏ဝန်ချိန်၊ တွဲချိတ်ဆက်မှုအနေအထား၊ ပြေးဆွဲသည့်မိုင်နှုန်းများအရ တံတား၏ ကြံ့ခိုင်မှုအနေအထားမှာ ကောင်းမွန်ပြီး ဆက်လက်အသုံးပြုနိုင်ကြောင်းနှင့် ရေလမ်းကြောင်းထိန်းသိမ်းခြင်း၊ တံတားရေလယ်တိုင်များအားဖြည့်ခြင်း၊ သံပေါင်များအားဖြည့်ခြင်း လုပ်ငန်းများဆောင်ရွက်ပါက ဆယ်စုနှစ်ကြာအောင် အသုံးခံကြောင်း အကြံပြုသွားခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာ့မီးရထားက တာဝန်ရှိသူများအနေဖြင့်လည်း လမ်းပိုင်းအတွင်းမှာရှိတဲ့ တံတားနှင့်လမ်းပိုင်းများကို ဦးစားပေးစစ်ဆေးလျက်ရှိပြီး မဲဇာချောင်းတံတားရဲ့ ကြံ့ခိုင်မှုအခြေအနေကို အနီးကပ်စောင့်ကြည့်နေပါတယ်။ တံတားရေရှည်အသုံးပြုနိုင်ရေးအတွက် တံတားရေလမ်းကြောင်း ထိန်းသိမ်းခြင်းလုပ်ငန်းတွေ တံတားရေလယ်တိုင်နေရာကို ကျောက်ကြီးချခြင်းလုပ်ငန်းတွေ၊ တံတားသံပေါင် ဆေးသုတ်ခြင်းလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု တာဝန်ကျဝန်ထမ်းတစ်ဦးက ပြောသည်။

မဲဇာချောင်း၊ ရထားလမ်းကူးတံတားသည် စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မဲဇာကျေးရွာအနီးတွင် တည်ရှိပြီး မန္တလေး-မြစ်ကြီးနားလမ်းပိုင်းသည် မြန်မာပြည် အလယ် ပိုင်းနှင့် အထက်ပိုင်း ဆက်စပ်ပေးရာ အဓိကလမ်းကြောင်း ဖြစ်သဖြင့် ၁၈၉၀ပြည့်နှစ်တွင် စစ်ကိုင်း-ရွှေဘို ရထားလမ်း၊ ၁၈၉၂ ခုနှစ်တွင် ရွှေဘို-ဝန်းသိုရထားလမ်းနှင့် ၁၈၉၃ ခုနှစ်တို့တွင် ဝန်းသို-မိုးညှင်း ရထားလမ်းပိုင်းတို့ကို အသီးသီးဖောက်လုပ်ပေးခဲ့သည်။

မဲဇာဒေသသည် ယခင်က လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသောဒေသဖြစ်ပြီး ရထားလမ်းဖောက်လုပ်ပေးခဲ့မှုကြောင့် မဲဇာဆိုလျှင် ဆက်သွယ်မှုခက်ခဲသောဒေသအဖြစ် မဟုတ်ဘဲ မဲဇာသို့ ရထားလမ်း ရောက်ရှိရန်အတွက် အရှည် ၇၀၀ ပေရှိသော မဲဇာချောင်းတံတားကို ရှေးယခင်ကတည်းက ငွေကြေးအကုန်အကျခံကာ တည်ဆောက်ခဲ့သဖြင့် လမ်းပိုင်းချိတ်ဆက်မိပြီး ရထားများ စုန်ဆန်ပြေးဆွဲနိုင်ခဲ့သည်။ မဲဇာချောင်းတံတားကို စတင်တည်ဆောက်ခဲ့သည်မှ ယနေ့အထိဆိုလျှင် နှစ်ပေါင်း ၁၂၀ ကျော်ပြီဖြစ်ပါသည်။ ယနေ့အချိန်ထိ လုံခြုံစွာ အသုံးပြုနိုင်ရန်အတွက် မြန်မာ့မီးရထားဝန်ထမ်းများမှ တံတားပြုပြင်ထိန်းသိမ်းရေးလက်စွဲပါ နည်းလမ်းများအတိုင်း ထိန်းသိမ်းပြုပြင်လျက်ရှိသည်။

မြန်မာ့မီးရထားအင်ဂျင်နီယာများနှင့် ကိုရီးယားနိုင်ငံမှ ပညာရှင်များသည်လည်း မန္တလေး-မြစ်ကြီးနား လမ်းပိုင်းကို အဆင့်မြှင့်တင်ရန်အတွက် လမ်းပိုင်းစစ်ဆေးစဉ် တံတားကြီးများကိုလည်း ဦးစားပေးစစ်ဆေးခဲ့ ကြောင်း သိရသည်။

နီတိုး





မိုးပါးတစ်ဧက အထွက်နှုန်းတိုးတက်ပြီး စိုက်ဧကပြည့်မီ ရေးအတွက် ကြိုးပမ်း

သထုံ၊ ဇူလိုင် ၉

မွန်ပြည်နယ်၊ သထုံခရိုင်အတွင်း ၂၀၁၄-၂၀၁၅ ခုနှစ်၊ မိုးစပါးများ တစ်ဧကေ အထွက်နှုန်း တိုးတက်ရေး အတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်း ထွန်းဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးမင်းထိန်ဝင်း၊ ခရိုင်မြေ စာရင်းဦးစီးဌာနမှူး ဦးတင်အောင် ကြည်နှင့် တာဝန်ရှိသူများတို့သည် ဇူလိုင် ၅ ရက်တွင် ဘီးလင်းမြို့နယ်၊ ဇွဲကလာကွင်းနှင့် ၆ ရက်တွင် ပေါင် မြို့နယ်၊ အလှပ်ကွင်းတို့ရှိ တောင်သူ များနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ ကွင်း ဝန်ထမ်းများ မိုးစပါးစိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှု အားပေးခဲ့သည်။

လျာထားဧကများထက် ပြည့်မီ ကျော်လွန်အောင် စိုက်ပျိုးသွားနိုင် ရေး၊ ရေတော်မိုးတော် ဧကများအား လုံး အထွက်နှုန်းတိုးတက်အောင် သိပ္ပံ နည်းကျ (GAP) စိုက်နည်းစနစ်နှင့် အညီ စိုက်ပျိုးသွားနိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပညာပေး စည်းရုံးနိုင်ရေးတို့ကို ဆွေးနွေးပြော ကြားခဲ့သည်။

ဘီးလင်းမြို့နယ်၊ ဇွဲကလာကွင်း တွင် မိုးစပါးစိုက်ဧကပေါင်း ၃၃၀၀ ကျော်နှင့် ပေါင်မြို့နယ်၊ အလှပ်ကွင်း တွင် မိုးစပါးစိုက်ဧကပေါင်း ၁၇၀၀၀ ကျော်ရှိကြောင်း သိရသည်။

သက်ဦး(သထုံ)

ထားဝယ်ခရိုင် ကနိုင်းဒါကျေးရွာ ကောက်စိုက်စက်စွမ်းရည်ပြသ

ထားဝယ်၊ ဇူလိုင် ၉

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန် ချက်နှင့်အညီ သိပ္ပံနည်းကျစိုက်ပျိုးစနစ် (GAP)ဖြင့် မိုးစပါး ၂၇၀၀၀ ဧကအား ၂၀၁၄-၂၀၁၅ ခုနှစ် စိုက်ပျိုးရာသီတွင် စိုက်ပျိုးထုတ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းအစီအစဉ်အရ မိုးစပါးသီးနှံအား (GAP) စနစ်ဖြင့် ရေတော်မိုးတော်ဧရိယာများတွင် စိုက်ပျိုးရန် ပညာပေးဆွေးနွေးပွဲများ၊ ပေါင်စနစ်ဖြင့် လက်တွေ့ပျိုးထောင်မျိုးစေ့ချပွဲများ ဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် လယ်ယာလုပ်သားရှားပါးမှုနှင့် လယ်လုပ်ခစရိတ် ကြီးမြင့်ခြင်းကြောင့် စနစ်တကျပျိုးထောင် ကောက်စိုက်စနစ်ကို လိုက်နာဆောင်ရွက်နိုင်မှု အားနည်းချက်အပေါ် ဖြေရှင်းကျော်လွှားနိုင်ရန်ယခုကဲ့သို့ ဆောင်ရွက်ရခြင်းဖြစ်သည်။

ထိုနောက်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကောက်စိုက်စက်များ၏ စွမ်းရည်ပြသနိုင်ရန်အတွက် ထားဝယ်မြို့နယ်၊ ကနိုင်းကျေးရွာ၊ ကွင်းအမှတ် ၁၉၈၊ ဦးပိုင်အမှတ် ၁၃၆ ရှိ တောင်သူဦးသန်းစိန်၏ လယ်မြေကိုးဧက၌ ကျော်ဇေယျစပါးမျိုးဖြင့် ကောက်စိုက်စက်စွမ်းရည်ပြသပွဲကို ဇူလိုင် ၇ ရက် နံနက် ၈ နာရီတွင် ကျင်းပခဲ့သည်။

ယင်းအခမ်းအနား၌ ထားဝယ်ခရိုင် စိုက်ပျိုးရေး ဦးစီးမှူး ဦးကျော်လှက ကောက်စိုက်စက်အား စနစ်တကျ အသုံးပြုစိုက်ပျိုးခြင်းဖြင့် စပါးတစ်ဧက အထွက်နှုန်း တိုးတက်ထွက်ရှိမှု အခြေအနေများ အားလည်းကောင်း၊ စနစ်တကျပျိုးထောင်စိုက်ပျိုးမှု အခြေအနေများလည်းကောင်း၊ အချိန်နှင့် ကုန်ကျစရိတ် သက်သာမှုအခြေအနေများအား ရှင်းလင်း ဆွေးနွေးပြီး ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးအောင်ဝင်းက ကောက်စိုက်စက်၏ စွမ်းရည်များကို ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မာမာဝင်းနှင့် ဝန်ထမ်းများက ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန် ပျိုးထောင်သည့် အဆင့်ဆင့်နှင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုအား လက်တွေ့ပြသသည်။

ယင်းကောက်စိုက်စက်သရုပ်ပြပွဲသို့ ထားဝယ်မြို့နယ်၊ ကနိုင်းဒါကျေးရွာ၊ ရှင်မုတ္တီးကျေးရွာ၊ ကူးတို့ကျေးရွာ များမှတောင်သူ ၅၅ ဦး တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

ဖိုးရွှေသွန်း(ထားဝယ်)

လှိုင်သာယာမြို့၌လမ်းဘေးဈေးသည်များရှင်းလင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၈

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်(၂၀) ရပ်ကွက် အနော်ရထာလမ်းမကြီးဝဲ/ယာရှိ လမ်းဘေးကျူးကျော်ဈေးရောင်းသူများကို ဇူလိုင် ၈ ရက် နံနက် ၇ နာရီခန့်က စတင်ရှင်းလင်းဆောင်ရွက်သွားခဲ့သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် ခရိုင်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးစစ်အောင်နှင့် မြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူး ဦးခင်မောင်ကြီး၊ မြောက်ပိုင်းစည်ပင်ရဲတပ်ဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းဌေး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး အရံမီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ လမ်းသွားလမ်းလာပြည်သူများ သွားလာရေးအဆင်ပြေစေရန်နှင့် ယာဉ်ကြောပိတ်ဆို့ကာ ယာဉ်မတော်တဆမှုမဖြစ်ပွားစေရေးအတွက် အဓိကထားရည်ရွယ်၍ယာဉ်/လူသွားလမ်းများပေါ် အထိ ကျူးကျော်ရောင်းချနေသည့် ပုံကျရောင်းချသူများအားအတိုင်း စနစ်တကျရှင်းလင်းဆောင်ရွက်သွားခဲ့ကြသည်။

မင်းထက်ပိုင်(လှိုင်သာယာ)

အငှားယာဉ်နှင့် ဒိုင်နာယာဉ်တို့တိုက်မိပြီး ဒဏ်ရာရရှိ

ရန်ကုန်၊ ဇူလိုင် ၉

ဇူလိုင် ၅ ရက် နံနက် ၉ နာရီ မိနစ် ၄၀ တွင် ပန်းပဲတန်းမြို့နယ်၊ ကမ်းနားလမ်းအတိုင်း အနောက်မှအရှေ့သို့ မောင်းနှင်လာသော မင်္ဂလာတောင်ညွန့်မြို့နယ်နေ ယာဉ်မောင်း မျိုးမင်းလတ် ၃၁ နှစ် မောင်းနှင်လာသည့် အဖြူရောင်အငှားယာဉ်သည် လမ်း-၃၀ မှတ်တိုင်အရောက် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ဒိုင်နာအပြာရောင် ကိုယ်ပိုင်ယာဉ်အားဝင်ရောက်တိုက်မိခဲ့သဖြင့် ဒိုင်နာယာဉ်မှာ လမ်းလယ်၌ တိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်နှစ်စီးပျက်စီးပြီး ယာဉ်မောင်း မျိုးမင်းလတ်နှင့် ၎င်း၏ ယာဉ်ပေါ်ပါ ခရီးသည် ကျားတစ်ဦးနှင့် ဒိုင်နာယာဉ်မောင်း ဦးအောင်ဝင်းတို့တွင် ဖူးရောင်ပွန်းပဲ့နာကျင်ဒဏ်ရာများ ရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံတွင် ပြင်ပလူနာများအဖြစ် ကုသခဲ့ရသောကြောင့် အရေးယူပေးပါရန် တိုင်ကြားခဲ့သည်။ ပန်းဘဲတန်းမြို့မရဲစခန်းက ယာဉ်(ပ)၆/၁၄ ပြစ်မှုပုဒ်မ ၃၃၇/၂၇၉ အရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၃၁)**

အမအားပါးရိုက်၍ ယောက်ဖက ဓားဖြင့်ထိုးမှုဖြစ်ပွား

ရန်ကုန်၊ ဇူလိုင် ၉

ဒေါပုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်းလှည့်ကင်းတာဝန်ထမ်းဆောင်စဉ် ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်ရှိ ဆန်စက်ဝင်းအတွင်း ဇူလိုင် ၅ ရက် ည ၉ နာရီက အမျိုးသားတစ်ဦးဓားထိုးခံရကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။

စုံစမ်းချက်အရ အဆိုပါဆန်စက်ဝင်းအတွင်းနေထိုင်သော ကျော်ကျော် ၂၉ နှစ်နှင့် ယောက်ဖဖြစ်သူ ကိုထွေး(ခ)ဇော်မင်းထွေးတို့မှာ အလုပ်လုပ်ရာမှ နေအိမ်သို့အတူပြန်လာခဲ့ကြောင်း နေအိမ်သို့ရောက်ရှိစဉ် ကျော်ကျော်နှင့် ဇနီးဖြစ်သူတို့မှာ စကားများရန်ဖြစ်ပြီး ကျော်ကျော်မှ ဇနီးဖြစ်သူအား ပါးရိုက်ခဲ့ခဲ့သည်။

ထိုသို့ပါးရိုက်သည်ကို ဇနီးဖြစ်သူ၏မောင်တော်သူ ကိုထွေး(ခ)ဇော်မင်းထွေးမှ မခံမရပ်နိုင်ဖြစ်ကာ နေအိမ်မီးဖိုချောင်တွင် ထားရှိသော အရိုးအသွားတစ်ပေခန့်ရှိ အိမ်သုံးဓားဖြင့် ကျော်ကျော်၏ ဝဲနံကြားသို့ထိုးခဲ့၍ ဒဏ်ရာရရှိခဲ့ပြီး ရန်ကုန်ဆေးရုံကြီးသို့ပို့ဆောင်စဉ် လမ်း၌သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။ ဒေါပုံမြို့မရဲစခန်းက (ပ)၁၇၂/၁၄ ပြစ်မှုပုဒ်မ ၃၀၂ အရ အမှုဖွင့်အရေးယူထားသည်။ **(၃၁)**



“အေး”

၁၀တန်း Bio ကျူရှင် ဝိုင်း အိမ်လိုက်သင်သည်။

ဖုန်း-၀၉-၇၃၀၆၂၂၉၇





ကျောင်းအလျှဒါနပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ၊ စာသင်သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀×၆၇) အကျယ်အဝန်းရှိ ကျောင်းဆောင်သစ်ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလျှဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆

နေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အမှတ်(၁၀-စီ)နေ ဒေါက်တာခင်မောင်လင်း-ဒေါ်သန်းသန်းငွေးတို့၏သားငယ်

မောင်သူရိန်လင်း
Chief Officer
Maritime Academy Certificate of Competency ½,
Singapore Maritime Academy.
Monsoon Maritime Services, Yangon,Myanmar.

နှင့်

ပြင်ဦးလွင်မြို့၊ ကုန်သည်လမ်း၊ အမှတ်(၇၅)နေ (ဒေါက်တာဝဏ္ဏဦး)-ဒေါ်ငွေငွေတို့၏ သမီးငယ်

မနှင်းယုဝေ
ACCA,CA(Singapore)
B.Sc(Hons) (Oxford Brookes University, UK)
Singa Star Pte.Ltd.,Singapore.

တို့သည် ၂-၇-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် နှစ်ဖက်ဘိုးဘွားမိဘဆွေမျိုးများ ရှေ့မှောက်၌ နေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သူရိန်လင်း-မနှင်းယုဝေ

POST ရာထူးခန့်အပ်သင်တန်း

ဥပဒေအရာရှိ အဆင့်(၄) တစ်သောင်း၂၅၀၀၀

မြို့ပြဆောင်းရေးခြေ/နိုင်ငံခြားရေး

09 5 1003633

ထိုးကြိုးလူမှုမည်

09 73133444, 09 250283195

နေရာငှားမည်

09 5403931, 09 73056677

မီးသတိပြု

ဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်လိုသူများ ဆက်သွယ်ပါ

၁။ ဘိလပ်မြေ
၂။ သံချောင်း (Rebars)
၃။ အုတ်ကြွပ်
၄။ ဆေး(Paints)
၅။ ချိတ်ဆွဲပြား (Ceiling)
၆။ ရေစိုခံ (Water proofing material)
၇။ ကတ္တရာ
၈။ Steel Structure
၉။ Concreting Plant
၁၀။ Composite

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅ မြေကွက်အမှတ်-၂၇၁/ခ၊ မြေကွက်တည်နေရာအမှတ်-၂၇၁/ခ၊ မြင်သာ(၆)လမ်း (၁၅)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ဒေါ်လှအေးအမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်လှအေးနှင့်(ခင်ပွန်း) ဦးတင်(ခ)ဦးအဟိတ်ကွယ်လွန်သဖြင့် ဒေါ်တင်လှိုင်၁၂/ဥကတ(နိုင်)၀၉၀၂၀၉၂က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ... ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

09 73030302 , 09 73077755

မြန်မာ့ခေတ်တွန်ကုမ္ပဏီ

☎ 01 391317, 202921, 09 8027459

ပတ်တီး (Bandage)

(Private Labelling)

09 5153396

ဆောင်းကိုလွှဲပေးမည်

၀၉ ၅၄၁၀၅၉၇၀
၀၉ ၅၂၀၃၂၁၈၄
၀၉ ၇၃၀၁၄၆၈၁

Model 2000 Diesel Manual

99 အချိုမှုန့်

နိုင်ငံတကာစံချိန်မီ အစားအသောက်များကို အရသာထူးကဲစေမည့် 99 အချိုမှုန့်

ငွေသားဖြင့်ကံစမ်းမဲဆိုးမြှင့်ပေးပါမည်။ ➤ ပေါက်မဲများကို သတင်းစာတွင် ကြေညာပေးပါမည်။

ပထမဆု -	၁၀၀၀၀၀၀၀ (သိန်းတစ်ရာကျပ်)	တတိယဆု -	၃၀၀၀၀၀ (သုံးသိန်းကျပ်)
ဒုတိယဆု -	၅၀၀၀၀၀ (ငါးသိန်းကျပ်)	အထူးဆု -	(ဆုမဲပေါင်းများစွာ) တစ်ဆုလျှင် ၁၀၀၀၀၀ (တစ်သိန်းကျပ်)

ရန်ကုန် ကိုယ်စားလှယ်များ

၁။	ဒေါ်ရွှေဝင်	၂၂-လမ်း ရန်ကုန်မြို့	09 400471076
၂။	မခိုင်	အမှတ်(384/385)၊ ပဒေသာလမ်း တောင်ဥက္ကလာပမြို့နယ်	01- 578598
၃။	ဦးသန်းဆေး	N-3 ၊ ရွှေပြည်သာ ဈေးကြီးတော	09-5084414
၄။	မနှင်းနှင်းလှိုင်	BB-2 ဈေးကြီးတော	09-681868, 09 73165073
၅။	ဦးလှမောင်	အမှတ်(11-1)ဈေးကြီးတော	09 73030180, 01-229834
၆။	ဦးမောင်မောင်	453ရွှေဘုံသာဈေးကြီးတော	01 - 210702

အစားအသောက်ထုတ်လုပ်ခြင်း လောက်စံနစ်အမှတ် - ၈၉/ ၁၃၀၂၂ / ထလ

ကိုယ်စားလှယ်ယူလိုသူများနှင့် ဈေးဝယ်လိုသူများ လာရောက်ဆက်သွယ် ဈေးနှုန်းနိုင်ပါသည်။

နယ်ကိုယ်စားလှယ်များ

၁။	မစံပယ်	ပေါက်ခေါင်းမြို့	09 49514328
၂။	ဒေါ်ခင်မာရီ	တောင်ငူမြို့	09 2220129, 092220311,061-30087
၃။	ဦးဇော်ထွန်း	ကောင်းမြို့	081-209929, 09 2122589
၄။	ဦးအောင်ဘိန်း-ဒေါ်ဆွေဆွေရီ	မိတ္ထီလာမြို့	064-24531
၅။	ဒေါ်လေးလေး	နေပြည်တော်	09-5160072
၆။	ကိုအောင်မြင့်မြတ်	ပြင်ဦးလွင်	09-5374657
၇။	ဒေါ်တောက်ရှိ	ကိုဝင်း	09-428016337,043-45528
၈။	ဦးအောင်ကျော်ဦး	ပျော်ဘွယ်မြို့	09 73190890
၉။	ကိုညီညီ	မကွေးမြို့	061-200662
၁၀။	ဦးဝင်း	သာစည်မြို့	09-2225777
၁၁။	ဦးအောင်မိုး	ကျောက်ဆည်မြို့	063-50064,09-5133071
၁၂။	ကိုသူရ	ပခုက္ကူမြို့	09-250332792
၁၃။	ကိုထွန်းထွန်း	မကွေး	09-8585877

ပင်ရင်းဌာန / ဖြန့်ဖြူးရေးဌာန - အမှတ် (၉၇ / ၉၉)၊ ၂၂-လမ်း အထက်ဘလောက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ် - 01 - 382333 , 01 - 384632 , 09 730 48157, 09-250065716, 250065717, 250065719

ဝမ်းနည်းကြေကွဲခြင်း

ဦးမျိုးညွန့်

အသက်(၅၅)နှစ်

စိတ်ကြိုက်စာပေ

ဦးမျိုးညွန့်(၅၅)နှစ်သည် ၅-၇-၂၀၁၄ရက်တွင် ကွယ်လွန်သည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

ဇွန်ပွင့်စာအုပ်တိုက်၊
ဦးအောင်မင်း(Dreamcity)၊မျိုးဆက်သစ်စာပေ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ညွန့်ညွန့်စိန်

အသက်(၇၃)နှစ်

(အထက်တန်းပြ-ငြိမ်း)အုတ်ဖို

အုတ်ဖိုမြို့နေ(ဦးဘွင်လေး-ဒေါ်တင်တင်)တို့၏သမီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ်(၁၈၉)နေဦးမြင့်စိန်၏ဇနီး ဒေါ်ညွန့်ညွန့်စိန်သည် ၄-၇-၂၀၁၄ရက် မွန်းလွဲ၂း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားကြောင်းသိရသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်း ကြေကွဲရပါသည်။ ဒေါ်ညွန့်ညွန့်စိန် ကောင်းရာသုဂတိလားပါစေ။

ငယ်သူငယ်ချင်းများ
ဦးအုန်းထွန်း၊ ဦးစစ်ရွှေ၊ ဦးသန်းထွေး၊ ဒေါ်လှိုင်မေ၊ ဒေါ်ရင်ရွှေ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်စန်းရီ

အသက်(၇၆)နှစ်

ဗိုလ်မှူးသန့်စင်အောင်-ဒေါ်ဝင်းလဲ့အေးတို့၏ မိခင် ဒေါ်စန်းရီသည် ၂-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

ငယ်သူငယ်ချင်းများ
ဒေါ်ဥမ္မာသန်း၊ ဦးစိုးငြိမ်း-ဒေါ်သိဂီဇော်
ဦးထင်အောင်-ဒေါ်အေးသီတာအောင်

[illegible]

Dr. Saw Wonderful Paw. (B.V.S) 1972

[illegible]

[illegible]

[illegible]

[illegible]

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှ တစ်ဆင့် ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
	ဒေါ်စန်းစန်းနု [၁၁/ကတန(နိုင်)၀၀၉၂၄၉]	ဦးညီညီကျော် [၁၁/စတန(နိုင်)၀၁၀၁၃၁]	တိုက်အမှတ်(၃)၊ အခန်း(၉)၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/ရွှေ၊ မြေကွက်အမှတ်(၉၅၇/ခ)၊ မြေကွက်တည်နေရာအမှတ်(၉၅၇/ခ)၊ ဝေဇယန္တာ(၁၃)လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်(ဦးငြိမ်းမောင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးငြိမ်းမောင်[၁၂/သကတ(နိုင်)၀၁၉၇၉၈]မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်နှင့်ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာများတင်ပြ၍ဂရန်မိတ္တူ လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/မြောက်၊ မြေကွက်အမှတ်-၆၀၁/ခ၊ မြေကွက်တည်နေရာအမှတ်-၆၀၁/ခ၊ သဒ္ဒါရုံအနောက်၊ ၂/မြောက်၊ သာကေတမြို့နယ်(ဒေါ်သိန်းနု) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သိန်းနု(မိခင်)နှင့် ဦးအောင်သန်း(ခ)ဦးအောင်သိန်း(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်ခင်ခင်ဆွေ[၁၂/ပဇတ(နိုင်)၀၂၃၁၂၀]၊ ဦးထွန်းဦးသန်း[၁၂/သကတ(နိုင်)၁၀၅၅၈၀]၊ ဒေါ်သန်းသန်းနု[၁၂/သကတ(နိုင်)၁၁၇၅၃၄]၊ ဦးသန်းလွင်[၁၂/ပဇတ(နိုင်)၀၀၆၃၂၉]တို့က သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄ မြို့သစ်၊ မြေကွက်အမှတ်(၃၈၁)၊ မြေကွက်တည်နေရာအမှတ်(၁၆၀)၊ အောင်သီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးသန်းအောင်၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးသန်းအောင်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ခင်ဌေး(ခ)မိုတခါ[၁၂/ဒပန(နိုင်)၀၃၆၁၈၁]မှ ကျမ်းကျိန်လွှာနှင့်သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/တောင်၊ မြေကွက်အမှတ်(၃၈၈/ခ)၊ မြေကွက်တည်နေရာအမှတ်(၃၈၈/ခ)၊ (မေယုလမ်း၊ (၄/တောင်)ရပ်ကွက်၊ သာကေတမြို့နယ်)(၁။ဦးမြင့်စိုး၊ ၂။ဒေါ်တင်တင်မူ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ၁။ဦးမြင့်စိုး(CG-၀၀၃၈၁၃)၊ ၂။ဒေါ်တင်တင်မူ(L/RGN-၀၂၆၂၉၉)တို့ထံ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၅၅၁/၂၀၁၄)ရရှိသူ ဦးသူရိန်ကျော်[၁၂/သဃက(နိုင်)၁၃၇၃၂၇]မှ ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် ကျမ်းကျိန်လွှာတင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/သဘောကျင်း၊ မြေကွက်အမှတ်(က/၃၂၅)၊ မြေကွက်တည်နေရာအမှတ်(၃၂၅)၊ (၂)လမ်း၊ သဘောကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးသာမောင်၊ အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသာမောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ တစ်ဦးတည်းသောဇနီးဖြစ်သူ ၁။ဒေါ်အေးသွယ်[၁၂/ဒပန(နိုင်)၀၂၁၄၃၃]ထံမှ GP(၅၈၀၂/၂၆-၂-၂၀၁၄)ဖြင့် ရရှိသူ ဒေါ်မြင့်မြင့်စန်း[၁၂/အစန(နိုင်)၀၆၉၀၅၉]မှကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် ကြေညာချက်

[illegible]

[illegible]

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမူန်တို့ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-ရွှေဖုံး)

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်တို့ ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-ရွှေဖုံး)

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ဥပဒေအရ ခွင့်ပြုခဲ့သည့်လုပ်ငန်းအရေအတွက် (၃၅)ခုရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်(၉၅၂ ဒသမ ဂ)ဘီလီယံရှိခဲ့

နေပြည်တော် ဇူလိုင် ၉

ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ကိုယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် **၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် လမ်းမကြီးများ ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော **၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယ(၆) လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍** အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ရှင်းလင်းတင်ပြရာတွင် **မေခရိုစီးပွားရေးအခြေအနေမှာ** ရည်မှန်းချက်အပေါ် (၁၂၅ ဒသမ ၆) ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပြီး ပုံမှန်ဈေးနှုန်းများအရ ယခင်နှစ် ကာလတူအပေါ် (၇ ဒသမ ၅)ရာခိုင်နှုန်း တိုးတက်ခဲ့ပါကြောင်း၊ **စီးပွားရေးကဏ္ဍကြီးများဖြစ်သည့်** လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှု ကဏ္ဍကြီးများ၏ ပါဝင်မှုအချိုးအစားအနေဖြင့် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၂၉ ဒသမ ၉) ရာခိုင်နှုန်းရည်မှန်းခဲ့ရာ (၃၁ ဒသမ ၉)ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၃၃ ဒသမ ၈)ရာခိုင်နှုန်း ရည်မှန်းခဲ့ရာ (၃၂ ဒသမ ၇)ရာခိုင်နှုန်းနှင့် ဝန်ဆောင်မှုကဏ္ဍကြီးအချိုးအစားကို (၃၆ ဒသမ ၃)ရာခိုင်နှုန်း ရည်မှန်းခဲ့ရာ (၃၅ ဒသမ ၄)ရာခိုင်နှုန်း ပါဝင်ပါကြောင်း၊ လယ်ယာကဏ္ဍတွင် ရာသီအရ သီးနှံထွက်ရှိချိန်ဖြစ်ပြီး ကျပ် (၉၁၆၇ ဒသမ ၉) ဘီလီယံ ထုတ်လုပ်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သည့် လုပ်ငန်းအရေအတွက် (၃၅)ခုရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်(၉၅၂ ဒသမ ၈)ဘီလီယံရှိခဲ့ပါကြောင်း၊ **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုခဲ့သည့်** လုပ်ငန်းအရေအတွက် (၆၈) ခုရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု **စာမျက်နှာ ၇ ကော်လံ ၁ သို့**

စဥ့်ကိုင်မြို့နယ်တွင် စက်မှုလယ်ယာစနစ်ကျ အဆင့်မြင့်လယ်ယာမြေ ဧက ၁၀၀ ဖော်ထုတ်လျက်ရှိ

စဥ့်ကိုင် ဇူလိုင် ၉

ဒေသဝမ်းစာဖူလုံရေးနှင့် ထုတ်ကုန်များတိုးတက်ပြီး တောင်သူများ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရန် ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ရွှေလုံ့ဗိုလ်လှုပ်စစ်မြစ်ရေတင်စီမံကိန်းဒေသ**(ယာပုံ)**ရှိ သမားရိုးကျဧကကွက်များကို စက်မှုလယ်ယာစနစ်ကျ အဆင့်မြင့်လယ်ယာမြေဧက ၁၀၀ အဖြစ် ဇွန် ၁၅ ရက်မှစတင်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း စဥ့်ကိုင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

အဆိုပါ စက်မှုလယ်ယာစနစ်ကျ အဆင့်မြင့်လယ်ယာမြေဧက ၁၀၀ ကိုမန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ယခုအခါ စက်မှုလယ်ယာဦးစီးဌာန၏ ထွန်စက်ကြီးများဖြင့် ကန်သင်းဖျက်ခြင်း၊ ထယ်ထိုးခြင်း၊ ထွန်မွှေခြင်း၊ မြေညှိခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ရေအရင်းအမြစ်ဦးစီးဌာနမှ ကုန်ထုတ်လမ်းများ၊ ရေသွင်းရေထုတ်မြောင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ စက်မှုလယ်ယာစနစ်ကျ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ခြင်း လုပ်ငန်းများကို ကျောက်ဆည်ခရိုင်အတွင်းတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ကျောက်ဆည်မြို့နယ် ကတဲကျေးရွာတွင် ဧက ၁၀၀၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မြစ်သားမြို့နယ် ခန္တီးလေးကျေးရွာတွင် ဧက ၁၀၀ ဖော်ထုတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထွန်းထွန်းနိုင် (ကျောက်ဆည်)

ယနေ့ **မာတိကာ**

သတင်းအချက်အလက်နှင့် စာပို့ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးရန် ဂျပန်နိုင်ငံက နည်းပညာများကူညီ
စာမျက်နှာ - ၅

ရွှေးကောက်ပွဲကော်မရှင်၏ မဲစာရင်းဖြည့်သွင်းပြုစုခြင်း ရှေ့ပြေးစီမံချက်လုပ်ငန်းများ လေ့လာမှုများပြုလုပ်သွားမည်
စာမျက်နှာ - ၇

ကုလသမဂ္ဂ၏ သံတမန်တစ်ဦးဖြစ်လာသည့် ဟယ်ရီပေါ်တာမင်းသမီး
စာမျက်နှာ - ၁၂

ကမ္ဘာ့ဖလားသမိုင်း တစ်လျှောက် ပွဲအများဆုံး ကိုင်တွယ်သူအဖြစ် ဥဇဘက်ကစ္စတန် ကွင်းလယ်ဒိုင် အမာတော့ဗ် စံချိန်တင်
စာမျက်နှာ - ၁၃

ကမ္ဘာ့ဖလား
ဘောလုံးပြိုင်ပွဲ
ရွှေကြာမှူ အထူးထုတ်
၂၀၁၄ ခုနှစ် ဇူလိုင် ၁၀ ရက် ကြာသပတေးနေ့
FIFA WORLD CUP Brasil

SUPER COFFEEMIX

အပြေထုတ်ဖို့ခက်တဲ့ ၂၀၁၄ ရဲ့ အကောင်းဆုံးဘောလုံးသမား

၂၀၁၄ ကမ္ဘာ့ဖလားမှာ အကောင်းဆုံးဘောလုံးသမား ဘယ်သူဖြစ်မလဲဆိုတဲ့မေးခွန်းက ကမ္ဘာ့ချန်ပီယံဖြစ်မယ့်အသင်းကို ရွေးထုတ်မှုနဲ့အပြိုင် စိတ်ဝင်စားဖို့ကောင်းတယ်။ ဘင်ဇီမာလား။ နေမာလား။ မက်ဆီလား။ ဂျိမ်းစ်ရိုဒရီဂွက်ဇ်လား။ ရော်ဘင်လား။ လူးဝစ်ဇ်လား တွေးရခက်လောက်တဲ့အထိ တစ်ဦးချင်းခြေစွမ်းနဲ့ ကမ္ဘာ့ဖလားကို ကိုင်လှုပ်နိုင်သူက သိပ်များတယ်။ အထူးသဖြင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်၊ နေမာ၊ မက်ဆီ၊ ဘင်ဇီမာ၊ ရော်ဘင် တို့က အထင်ရှားဆုံး။ ခြေစွမ်းအပြနိုင်ဆုံး။ ဒီတော့ ဘယ်သူဖြစ်မလဲ။ အကောင်းဆုံးဆု ဘယ်သူရမလဲ။ တွေးရသိပ်ခက်တယ်။

နံပါတ်တစ်အဖြစ် ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို လှည့်ကြည့်တော့ သူက ဂိုးသွင်းဘုရင် ဖြစ်လောက်တဲ့အထိ ခြေစွမ်းပြထားနိုင်တယ်။ သူ့အသက်က ၂၂ နှစ်သာရှိသေးပေမယ့် ကမ္ဘာ့ဖလားမှာ ထိပ်တန်းအဆင့်ခြေစွမ်းမျိုးကို ထုတ်ပြနိုင်တယ်။ ဥရုဂွေးနဲ့ ကစားခဲ့တုန်းကပွဲမှာဆိုရင် သူသွင်းယူခဲ့တဲ့ဂိုးက ထိပ်တန်းအဆင့်။ အဂူလာရဲ့ခေါင်းတိုက်ချပေးမှုကို ရင်ဘတ်နဲ့ တစ်ချက်ထိန်းပြီး ကျောခိုင်းထားတဲ့ဂိုးပေါက်ကို တစ်ချက်လှည့်ပြီး မြေမကျကန်သွင်းခဲ့တာ။ ပြီးတော့ သွင်းခဲ့တဲ့ဂိုးက ခြောက်ဂိုး၊ ကစားတဲ့ပွဲက ငါးပွဲ။ သူဂိုးမရတဲ့ပွဲမရှိဘူး။ သူခြေစွမ်း မပြနိုင်တဲ့ပွဲမရှိဘူး။ ဥရုဂွေးနည်းပြ တာဘာရက်ကဆိုရင် သူ့ကို ဒီကမ္ဘာ့ဖလားရဲ့အကောင်းဆုံး ဘောလုံးသမားပါလို့ အတိအလင်းပြောခဲ့ဖူးတာ။ ဒီတော့ သူ့ကို ကမ္ဘာ့ဖလားရဲ့အကောင်းဆုံးဘောလုံးသမားဆု အတွက် "တစ်"ပေးမလား။

ပြောရတော့ခက်တယ်။ ဆိုခဲ့ပြီးတဲ့အတိုင်း ဒီကမ္ဘာ့ဖလားမှာက သူတစ်ယောက်တည်း ချွန်ထွက်ပြီး ကောင်းနေတာမျိုးမဟုတ်ဘူး။ သူ့လိုပဲ အကောင်းဆုံးခြေစွမ်းတွေကို ထုတ်ပြနိုင်ကြတဲ့သူတွေက ဒုနဲ့ဒေး။ မက်ဆီဆိုရင် အာဂျင်တီးနားကို တင်းခံဆွဲမြှင့်တင်ပေးနေတာ လူတိုင်းက သိတယ်။ သိလို့လည်း သူ့ကိုပါ မပြစ်ပယ်ရဲဘူး။ အထူးသဖြင့် ဒီပြိုင်ပွဲမှာ အာဂျင်တီးနားဟာ တိုက်စစ်မှူး အများစုနဲ့ အကောင်းဆုံးခြေစွမ်းကို မရဘူး။ ဟီဂွါယင်ဆိုရင် တစ်ဂိုးပဲ သွင်းနိုင်တယ်။ အဂူရိုကိုလည်း ဒဏ်ရာကြောင့် ထိထိမိမိမသုံးရဘူး။ လာဗက်ဇီ၊ ပလာစီယို့စ်တို့ကလည်း အားမကိုးရဘူးဖြစ်ခဲ့ရာမှာ မက်ဆီက အကောင်းဆုံးခြေစွမ်းနဲ့ အသင်းကိုကယ်တင်နေတာ။ အုပ်စုပွဲသုံးပွဲမှာ သူဂိုးမသွင်းနိုင်တဲ့ပွဲမရှိဘူး။ ရှုံး/ထွက် အဆင့် နှစ်ပွဲမှာ သူဂိုးမရဘူးဆိုတာမှန်ပေမယ့် တိုက်စစ်ကို အကောင်းဆုံး ဦးဆောင်နိုင်တယ်။ ဆွစ်ဇာလန်နဲ့ပွဲမှာ ဒီမာရီယာအဖိုးတန်အနိုင်ဂိုးသွင်းဖို့ ဖန်တီးပေးနိုင်တယ်။ ဒီတော့ မက်ဆီကိုလည်း မမေ့ရဲကြဘူး။ မပြစ်ပယ်ရဲကြဘူး။

အထူးသဖြင့် အသင်းတစ်သင်းကို တစ်ယောက်တည်းအားနဲ့ ကျားကန်ဆွဲမြှင့်ပေးမှု။ အဲဒါက သိပ်ခက်တယ်။

စာမျက်နှာ ၂ သို့ » »



ခွန်အားဖြည့်ပြီး ပွဲအပြီးကြည့်မယ်
NUTRITIOUS CEREAL
အာဟာရပြည့် သက်သတ်လွတ်
SUPER ရှုပါကွေကာ

ဂျာမန်ဂိုးသမား နူအာမှာ အကောင်းဆုံး ဂိုးသမားဟု အီတလီဂန္ထဝင် ဒီနိုဇော့ဖ်ပြောကြား

ဂျာမနီဂိုးသမား နူအာမှာ လက်ရှိကမ္ဘာ့အကောင်းဆုံး ဂိုးသမားတစ်ဦးဖြစ်ကြောင်း အီတလီဂန္ထဝင် ဂိုးသမားကြီး ဒီနိုဇော့ဖ်က ပြောကြားလိုက်သည်။ ဘရာဇီးဂိုးသမား ဂျူလီယိုဆီဇာနှင့် ကော်စတာရီကာဂိုးသမား ကေလာနာဗက်တို့မှာလည်း ဂိုးသမားကောင်းများဖြစ်သော်လည်း အဆိုပါဂိုးသမားများထက် သာလွန်ကောင်းမွန်သူမှာ နူအာသာဖြစ်ကြောင်း ဒီနိုဇော့ဖ်က ပြောကြားသည်။

ဘရာဇီးဂိုးသမား ဆီဇာ၏ ပွဲချိန်အတွင်း စွမ်းဆောင်မှုနှင့် ချီလီအသင်း နှင့် ရှုံးထွက်ပွဲ၌ ပင်နယ်တီအဆုံးအဖြတ် ကန်သွင်းချိန်တွင် ပင်နယ်တီနှစ်လုံးမကာကွယ်မီ သိသာထင်ရှားသော ပြင်ဆင်မှုများက ဒီနိုဇော့ဖ်အား အထင်ကြီးစေခဲ့သည်။

"ပင်နယ်တီကန်မယ့် ချီလီကစားသမားတွေရဲ့ အကျင့်စရိုက်တွေကို ကောင်းကောင်း လေ့လာထားတာ မြင်တွေ့နိုင်ပါတယ်။ ဂျူလီယိုဟာ တစ်နှစ်လောက် ကျူပီအာ၊ တိုရွန်တို စတဲ့ကလပ်တွေမှာ ကစားစေခြင်းခံခဲ့ရတာပါ။ အင်တာမီလန်အသင်းမှာ ကစားနေစဉ်ကလို လက်စွမ်းမပြနိုင်ပေမယ့် သူဟာ အခုချိန်ထိ ကမ္ဘာပေါ်မှာ ယုံကြည်စိတ်အချရဆုံး ဂိုးသမားတစ်ယောက် ဖြစ်နေဆဲပါ" ဟု အသက်(၇၂)နှစ်ရှိ ၁၉၈၂ ခုနှစ် ကမ္ဘာ့ဖလားရ အီတလီအသင်းခေါင်းဆောင်ကြီးက ဆက်လက်ပြောကြားသည်။

[သုတ]

ဇူနီဂါကို အရေးယူမည်မဟုတ်ဟု ဖီဖာကြေညာ

ဘရာဇီးနှင့် ကိုလံဘီယာအသင်းတို့ ကစားခဲ့သည့် ကမ္ဘာ့ဖလားကွာတား ဖိုင်နယ်ပွဲစဉ်တွင် နေမာကို ကျောဒဏ်ရာရရှိစေခဲ့သည့် ကိုလံဘီယာ နောက်တန်း ကစားသမား ဇူနီဂါကို အရေးယူမှုပြုလုပ်မည်မဟုတ်ကြောင်း ဖီဖာမှ သတင်း ထုတ်ပြန်လိုက်သည်။ ဘရာဇီးကစားသမား နေမာအား ဒဏ်ရာရရှိစေခဲ့သူ ခံစစ်မှူး ဇူနီဂါကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အစောပိုင်းရက်များတွင် ဖီဖာမှ သတင်းထုတ်ပြန်ခဲ့သည်။

သို့သော် ပြီးခဲ့သည့် တနင်္လာနေ့တွင် ဖီဖာစည်းကမ်းထိန်းသိမ်းရေးကော်မတီမှ ထုတ်ပြန်ခဲ့သော ကြေညာချက်၌ "စည်းကမ်းထိန်းသိမ်းရေးကော်မတီ အနေဖြင့် ဒိုင်လူကြီးများ မတွေ့မမြင်ခဲ့သည့် ပွဲတွင်းပြဿနာများကို ပြန်လည် စစ်ဆေးအရေးယူခွင့်ရှိပါတယ်။ သို့သော် ဘရာဇီးနှင့် ကိုလံဘီယာတို့ ပွဲစဉ်တွင် နေမာနှင့် ဇူနီဂါတို့ဖြစ်ရပ်ကို ကွင်းလယ်ဒိုင်လူကြီး မြင်တွေ့ခဲ့သော်လည်း အဆိုပါ ဒိုင်လူကြီးက အရေးယူမှုမပြုလုပ်ခဲ့သည့်အတွက် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ အနေဖြင့် ဇူနီဂါကို အရေးယူပိုင်ခွင့်မရှိပါဘူး"ဟု ရေးသားဖော်ပြထားသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲမှ အတွေ့ကြုံကောင်းများရရှိခဲ့သည်ဟု ဖော်စတာ ပြောဆို

ဆဲလ်တစ်အသင်း၏ အင်္ဂလန်လက်ရွေးစင် ဂိုးသမား ဖရေဇာဖော်စတာက အင်္ဂလန်အသင်း ကမ္ဘာ့ဖလားပြိုင်ပွဲမှစောစီးစွာ ထွက်ခဲ့ရသော်လည်း သူ့အတွက် အတွေ့ကြုံများရရှိခဲ့သည်ဟု ပြောဆိုသွားသည်။

ဖော်စတာသည် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်းနှင့်အတူ ပွဲက စားခွင့် မရရှိခဲ့သော်လည်း လက်ရွေးစင်အသင်းနှင့်အတူ အတွေ့ကြုံများ ရရှိခဲ့သည့် အတွက် ပျော်ရွှင်နေသည်။

ဖော်စတာက "ကမ္ဘာ့ဖလားမှာ ရခဲ့ တဲ့အတွေ့အကြုံတွေက ကောင်းမွန်တဲ့ ရလဒ် တစ်ခုပါ။ ဒီလိုကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းမှာ ပါဝင်ခွင့်ရခဲ့တာကလည်း ထူးခြားတဲ့ ခံစားမှုကို ခံစားခဲ့ရပါတယ်။ ကျွန်တော့်အမြင်အရပြောရရင် ဒီလို ပြိုင်ပွဲကြီးမျိုးမှာ ယှဉ်ပြိုင်မယ့်အသင်းမှာပါဝင်ခွင့်ရတာကိုက ကောင်းမွန်တဲ့အရာပါ။ ကျွန်တော် ကတော့ ဒီပြိုင်ပွဲကနေ လေ့လာသင်ယူမှုတွေ ရခဲ့တယ်လို့ထင်မိပါတယ်။ ကျွန်တော် ပေးခဲ့ရ တဲ့အချိန်တွေက သာမန်အနေအထားမျိုးမှာ ကုန်ဆုံးသွားတဲ့အချိန်တွေမဟုတ် ပါဘူး"ဟု ပြောသွားသည်။

[သစ်လွင်]

၂၀၁၄ ရဲ့အကောင်းဆုံးဘောလုံးသမား

»» ရှေ့ဖုံးမှ

ခြေစွမ်းလည်းကောင်းမှ စိတ်ဓာတ်လည်း မာမှ။ အရှင်းဆုံးပြောရင် မက်ဆီက ဂျိမ်းစ်ရိုဒရီဂွက်ဇ်ထက်ပိုပြီးတော့ ဝန်ပိုထမ်းရတယ်။ အဓိကက မျှော်လင့်ခံရမှု အပိုင်း။ အဲဒီ အပိုင်းမှာ မက်ဆီအပေါ်မှာ တာဝန် ကြီးကြီးမားမားကို ရှိတယ်။ ပြီးတော့ အဲဒီတာဝန်ကို ခွဲဝေယူနိုင်မှု အပိုင်း။ အဲဒီအပိုင်းမှာ ပြောခဲ့ပြီးသလို မက်ဆီကတစ်ကိုယ်တည်း ထီးထီး။ ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကမှ တာဝန်ခွဲဝေယူပေးမယ့် သူအချို့ရှိတယ်။ ဒီတော့ မက်ဆီကို ပိုပြီးတော့တောင် အသိအမှတ်ပြုကြရတယ်။ ဒါပေမယ့် ခက်တာက အဲဒီလို အခြေအနေမျိုး နေမာမှာလည်း အပြည့်ရှိတယ်။ အရှင်းဆုံးပြောရရင် နေမာကလည်း တစ်ဦးတည်း ဆွဲမြှင့်တင်တဲ့သူ။

ပြောရရင် ဘရာဇီးမှာ နေမာအပါအဝင် တိုက်စစ်မှူး လေးဦးရှိတယ်။ အဲဒီလေးဦးထဲမှာ ဖရက်ဒ်ကတစ်ဂိုးပဲသွင်းနိုင်သလို ခြေအရလည်း အတော်လေး အားနည်းတယ်။ စစ်တမ်းတစ်ခုမှာဆိုရင် ဘရာဇီးရဲ့ ကစားသမားတွေအနက် ခြေစွမ်းအညံ့ဆုံး ကစားသမားအဖြစ် တောင် ပရိသတ်က ဖရက်ဒ်ကို သတ်မှတ်တယ်။ ဟတ်ခ် ဆိုရင်လည်း တိုးအားသာရှိပြီး အဆုံးသတ်မသေချာဘူး။ အခုအချိန်အထိ တစ်ဂိုးမှ မသွင်းနိုင်ဘူး။ ဂျိုကလည်း စွမ်းရည်ပြည့်ကစားသမား မဟုတ်ဘူး။ ဒီတော့ ဘရာဇီး တိုက်စစ်မှာ နေမာမှနေမာ။ သူ့အပေါ်ရှိတဲ့တာဝန်က သိပ်ကြီးတယ်။ အဲဒါကို ခွဲဝေယူမယ့် သူကလည်းမရှိဘူး။ အဲဒီလိုကြားကမှ ဒဏ်ရာမရခင်အချိန်အထိ အသင်းကို တင်းခံဆွဲမြှင့်တင်ခဲ့တာ။ ဂိုးတွေသွင်းရင်း အသင်းကိုကယ်တင်ခဲ့တာ။ အရှင်းဆုံး ပြောရရင် ဒီကမ္ဘာ့ဖလားမှာ နေမာဟာ ခြေစွမ်းအပြင် ရင့်ကျက်မှုအရပါ အသိအမှတ်ပြုထိုက်သူလို့ ပြောရင်ရတယ် ဆိုတော့ မေးစရာကဖြစ်ပြီ။ အကောင်းဆုံး ဆုဟာ နေမာအတွက်လား။ မက်ဆီ အတွက်လား။ ဒါမှမဟုတ် ဂျိမ်းစ်ရို ဒရီဂွက်ဇ်အတွက်လား။

ဒါပေမယ့် အဲဒီလောက်နဲ့တော့ ပြည့်ပြည့်စုံစုံဖြစ်ဖို့ခက်မယ်။ ဘာကြောင့်လည်းဆိုတော့ အဲဒီထဲမှာ ဘင်ဇီမာ မပါသေးဘူး။ ရော်ဘင်မပါသေးဘူး။ သူတို့ကို ချန်ထားလို့လည်းမရဘူး။ အထူးသဖြင့် ရော်ဘင်ဆိုရင် ဒီပြိုင်ပွဲမှာ သူ့ရဲ့ အကောင်းဆုံးခြေစွမ်းကို ထုတ်ပြနိုင်တယ်။ ပြိုင်ဘက်တိုင်းရဲ့ ခံစစ်ကို အကောင်းဆုံးခြိမ်းခြောက်ပြသလို ကစားဖော်တွေကိုလည်း အကောင်းဆုံးပံ့ပိုးနိုင်တယ်။ ကိုယ်တိုင်လည်း ဂိုးသွင်းနိုင်သလို ဂိုးရအောင်လည်း ဖန်တီးပေးနိုင်တယ်။ ကော်စတာရီကာနဲ့ပွဲမှာဆိုရင် ဟော်လန်ဂိုးမရခဲ့ဘူးဆိုပေမယ့် ရော်ဘင်က ဂိုးရနိုင်လောက်တဲ့ အခွင့်အရေး လေးကြိမ် ဖန်တီးပေးနိုင်တယ်။ မက္ကဆီကိုနဲ့ပွဲတုန်းကလည်း အခွင့်အရေး လေးကြိမ်ရအောင် ပြုလုပ်ပေးတယ်။ ဘောလုံးပေးပို့ရာမှာ ၂၁ ကြိမ်ပေးပို့ခဲ့ပြီး အားလုံးလိုရာရောက်တယ်။ တိကျတယ်။ ကော်စတာရီကာနဲ့ ပွဲတုန်းကလည်း ဘောလုံးပေးပို့မှု ၄၈ ကြိမ်ပြုလုပ် ခဲ့ရာမှာ တိကျမှုကလည်း ၈၇ ဒသမ ၅ ရာခိုင်နှုန်း အထိရှိတယ်။ ဒီတော့ ရော်ဘင်ကိုရော ချန်ထားလို့ရပ့ါမလား။ ဘင်ဇီမာလည်း ဒီအတိုင်းပဲ ပြင်သစ်ရဲ့တိုက်စစ်ကို အကောင်းဆုံး ဦးဆောင်နိုင်ခဲ့ပြီး အရေးပါတဲ့ဂိုးတွေကို သွင်းယူပေးခဲ့တဲ့သူ။ ဂျာမနီနဲ့ပွဲ တုန်းကဆိုရင် ပြင်သစ်ရှုံးမယ့်သာရှုံးတာ ဘင်ဇီမာရဲ့ဘောလုံးပေးပို့မှုက ၉၁ ဒသမ ၇ ရာခိုင်နှုန်းအထိ တိကျတယ်။ ဂျာမနီဂိုးပေါက်ကို ခုနစ်ကြိမ်ကန်သွင်းရာမှာ တစ်ကြိမ်ပဲ ဂိုးပေါက်လွဲတယ် ဆိုတော့ ဘင်ဇီမာကိုရော မေ့ထားလို့ရပ့ါမလား။

ဒီတော့ ၂၀၁၄ ရဲ့ အကောင်းဆုံး ဘောလုံး သမားက ဘယ်သူလဲလို့မေးရင် ဖြေရတော့ တော်တော်ခက်တယ်။ ဂျိမ်းစ်ရိုဒရီဂွက်ဇ်လား။ မက်ဆီလား။ နေမာလား။ ရော်ဘင်လား။ ဘင်ဇီမာလား။ ဒါမှမဟုတ် အခြားတစ်ယောက်လား။ ချန်ပီယံဆုနဲ့ အပြိုင် အကြိတ်အနယ်သိပ်ရှိလွန်းပါတယ်။

[ရှိုင်းမင်းမင်း]

ကမ္ဘာ့ဖလားပြိုင်ပွဲမှ ဟာသဖြစ်ရပ်(၁၀)ခု

မောင်သာယာ

ဘရာဇီးနိုင်ငံတွင် ကျင်းပနေသည့် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးသည် ပြီးဆုံးရန်တဖြည်းဖြည်းနီး ကပ်လာသည်နှင့်အမျှ မည်သည့်အသင်းချန်ပီယံဖြစ်မည်ဆိုသည်မှာလည်း စိတ်ဝင်စားဖွယ်အကောင်းဆုံး အချိန်သို့ ရောက်ရှိလာပြီဖြစ်သည်။ ပြိုင်ပွဲကာလအတွင်း ထူးခြားသည့် အဖြစ်အပျက်များ၊ ထင်မှတ်မထားသည့် အလွဲလေးများက ရယ်မောစရာဟာသများအဖြစ် အမှတ်ရစရာ၊ အံ့သြစရာ ရသများ ပေးစွမ်းခဲ့သည့် ဖြစ်ရပ်(၁၀)ခုကို ဒေးလီးမေးလ်မှ ကောက်နုတ်ဖော်ပြထားသည်။

၁။ မူရာမာယာ အိုဗာဖြစ်သွားသည့် အာဂျင်တီးနားနည်းပြ

အာဂျင်တီးနားနှင့် ဘယ်လ်ဂျီယံတို့ကစားသည့် ကွာတားဖိုင်နယ်ပွဲစဉ်တွင် အာဂျင်တီးနားတိုက်စစ်မှူး ဟီဂွါယင်သည် ဘယ်လ်ဂျီယံနောက်တန်းကိုကျော်ဖြတ်ပြီး ဂိုးကန်သွင်းရာ ဘောလုံးမှာ ဂိုးဘားတန်းကို ထိထွက်သွားခဲ့သည့်အတွက် အသက် (၅၉)နှစ်ရှိ အာဂျင်တီးနားနည်းပြ အလက်ဂျန်ဒရို ဆာဘဲလာက အလွန်စိတ်ပျက်သွားဟန်ဖြင့် မျက်လုံးကိုမှိတ်ပြီး ခန္ဓာကိုယ်ကို နောက်သို့လှန်ချလိုက်ရာ အရှိန်လွန်ပြီး လဲကျလုမတတ် ဖြစ်သွားခဲ့ပြီး နောက်မှာရှိနေသည့် အာဂျင်တီးနားဘောလုံး အသင်းအဖွဲ့ဝင်တစ်ဦးက အချိန်မီထိန်းလိုက်နိုင်ခဲ့သည်။ မူရာမာယာ အိုဗာဖြစ်သွားသည့် အာဂျင်တီးနားနည်းပြအဖြစ်ကို သတင်းသမားများက အမိအရ မှတ်တမ်း ဗီဒီယိုရိုက်ယူထားနိုင်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ရယ်စရာအကောင်းဆုံး ဖြစ်ရပ် တစ်ခုအဖြစ် ဖော်ပြခဲ့ကြသည်။

၂။ ကိုးရိုးကားရားနိုင်လှသည့် ဂျာမနီ ဖရီးကစ်

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရယ်စရာအဖြစ် ကိုးရိုးကားရားနိုင်လှသည့်ကစား သမားမှာ ဂျာမနီတိုက်စစ်မှူး သောမတ်စ်မူလာဖြစ်သည်။ အယ်လ်ဂျီးရီးယားနှင့် ရှုံးထွက်အဆင့် ပွဲစဉ်တွင် ဂျာမနီအသင်းပြစ်ဒဏ်ဘောကန်ရာတွင် တစ်ဖက်ကစား သမားများကို လှည့်စားရန်ကြိုးစားခဲ့သော်လည်း မူလာချော်လဲခဲ့သည့်အတွက် ကိုးရိုး ကားရားဖြင့်သာပြီးဆုံးသွားပြီး ထိထိရောက်ရောက်အသုံးမချနိုင်ခဲ့ဘဲ ရယ်စရာဟာသ တစ်ခုအဖြစ်သာ မှတ်တမ်းဝင်ခဲ့သည်။

ဘောလုံးအနီးတွင် ဂျာမနီကစားသမားများသာ ဝန်းရံနေပြီး မူလာက အယောင်ပြပြေးလွှားရာ ခြေချော်ကာ မှောက်လျက်လဲကျသွားခဲ့သည်။ ဂျာမနီ နောက်ခံလူ ဘင်နဒစ်ခ် ဟောင်ဝီဒက်စ်က "ကျွန်တော်တို့ ပြစ်ဒဏ်ဘောကန်ဖို့ သေချာလေ့ကျင့်ထားတာပါ။ ဒီဖြစ်ရပ်ကတော့ ကံဆိုးသွားတယ်လို့ ဆိုရမှာပါ" ဟု ပြောကြားခဲ့သည်။

၃။ အောင်ပွဲခံရင်း ချော်လဲရောထိုင်လုပ်ခဲ့သည့် နေမာ

တစ်ကမ္ဘာလုံးက စောင့်ကြည့်ခြင်းခံနေရသည့် ဘရာဇီးတိုက်စစ်မှူးနေမာသည် ဘရာဇီးနှင့် ကိုလံဘီယာတို့ ကစားသည့် ကွာတားဖိုင်နယ်တွင် နောက်ခံလူ သီယာဂို ဆေးလ်ဗားက ဘရာဇီးအတွက် အဖိုးတန်အဖွင့်ဂိုး သွင်းယူပြီးနောက် အသင်းဖော် များနှင့်အတူ အောင်ပွဲခံခဲ့ရာ နေမာကလည်း အသင်းဖော်များထံ ဝမ်းသာအားရ အပြေးအလွှား သွားရောက်ခဲ့ရာတွင် ချော်လဲသွားခဲ့သည်။ နေမာ၏ ချော်လဲရောထိုင် လုပ်ခဲ့သည့် ဖြစ်ရပ်ကိုလည်း ရုပ်သံရိုက်ကူးသူများက အမိအရ မှတ်တမ်းတင်နိုင် ခဲ့ကြသည်။ အဆိုပါ ပွဲပြီးဆုံးခါနီးတွင် ကိုလံဘီယာခံစစ်မှူး ဇူနီဂါ၏ ကစားပုံ ကြမ်းမှုကြောင့် နေမာသည် ကျောရိုးဆစ်ကျိုးသွားပြီး ကွင်းထဲမှ ထမ်းစင်ဖြင့် ထွက်ခွာ သွားခဲ့ရသည်။

၄။ နံကောင်ကြီးနှင့်အတူ တိုက်စစ်ဆင်အောင်ပွဲခံခဲ့သည့် ဂျိမ်းစ် ရိုဒရီဂွက်ဇ်

ဘရာဇီးအသင်းက ကိုလံဘီယာကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည့် ပွဲစဉ်တွင် ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ခြေစွမ်းပြကစားနိုင်သည့်အပြင် နံကောင်ကြီး တစ်ကောင်ကြောင့်ပါ ပိုမိုကျော်ကြားခဲ့သည်။ အစိမ်းရောင်ဇရာမ နံကောင်ကြီးသည် ကမ္ဘာကျော် ဘောလုံး သမား ၂၂ ဦးအကြိတ်အနယ် ယှဉ်ပြိုင်နေသည့် ဘောလုံးကွင်းထဲသို့ ကျူးကျော်လာပြီး ရိုဒရီဂွက်ဇ်၏ ညာလက်မောင်းတွင် တွယ်ကပ်နားနေခဲ့သည်။ ရိုဒရီဂွတ်ဇ်သည် နံကောင်ကြီးနှင့်အတူ တိုက်စစ်ဆင်ကစားရင်း ဘရာဇီးဘက်သို့ ပင်နယ်တီကန်သွင်းပြီး အောင်ပွဲခံနေချိန်၌ပင် နံကောင်ကြီးသည် ရိုဒရီဂွက်ဇ်၏ လက်မောင်းပေါ်တွင်ရှိနေ ခဲ့သည်။

၅။ ရှက်းကိုးရှက်ကန်းဖြစ်သွားသည့် စည်းကြပ်ဒိုင်

ချီလီနှင့် စပိန်တို့ကစားသည့် အုပ်စုပွဲစဉ်တွင် စည်းကြပ်ဒိုင်တစ်ဦးသည် ပြိုင်ပွဲတာဝန် ရှိသူတစ်ဦးကို လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းပေးသော်လည်း ထိုသူက သူ့လက်ကိုမဆွဲဘဲ နောက်တစ်ယောက်ကိုအလှည့်ကျော်သွားသဖြင့် ရှက်းကိုး ရှက်ကန်းဖြစ်သွားခဲ့သည်။ သို့သော်လည်း အခြေအနေကို မြန်မြန်ဆန်ဆန် ထိန်းသိမ်းသည့်အနေဖြင့် အဆိုပါစည်းကြပ်ဒိုင်က သူ့လက်ကို ဆံပင်ပွတ်သပ် သည့်ဟန် ပြောင်းလဲလိုက်ပြီး စပိန်ဂိုးသမား ကားဆီးလက်စ်ကလည်း နှစ်သိမ့်သည့် အနေဖြင့် ပြုံးပြခဲ့သည်ကို တွေ့ရသည်။ ထို့နောက် အစောပိုင်းက အလှည့်ကျော် လက်ဆွဲနှုတ်ဆက်သွားသည့် တာဝန်ရှိသူက ဒိုင်လူကြီးအားလုံးကို အစဉ်လိုက် ပြန်လည်နှုတ်ဆက်လာပြီး စည်းကြပ်ဒိုင်ကိုပါ လက်ဆွဲနှုတ်ဆက်သွားခဲ့သည်။

၆။ ကလေးငယ်လောက်ပင် မထွားကြိုင်းသည့် ဗယ်လ်ဘူနာ

ဘောလုံးပြိုင်ပွဲများ မစတင်မီ ကစားသမားများကို လာဘ်ကောင် (Mascot) ကလေးငယ်လေးများနှင့် တွဲဖက်ပေးပြီး ကွင်းထဲဝင်ရောက်စေသည်မှာ အစဉ်အလာ တစ်ခု ဖြစ်သည်။

ပြင်သစ်နှင့် ဂျာမနီတို့ ကစားသည့် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပြင်သစ် တောင်ပံကစားသမား ဗယ်လ်ဘူနာနှင့်အတူ ကွင်းထဲဝင်လာသည့်ကလေးငယ်မှာ ဗယ်လ်ဘူနာထက်ပင် ကိုယ်လုံးကိုယ်ပေါက်ထွားကြိုင်းနေသဖြင့် ရယ်စရာဟာသတစ်ခု ဖြစ်နေခဲ့သည်။ ဗယ်လ်ဘူနာသည် ပြင်သစ်တစ်သင်းလုံးတွင် အပုဆုံးဖြစ်ပြီး ၎င်းနှင့်တွဲဖက်ဝင်လာသည့် ကလေးငယ်မှာ ကလေးအားလုံးတွင် လူကောင်အထွားဆုံး ဖြစ်နေသောကြောင့် ဖြစ်သည်။ ကလေးငယ်လောက်ပင် မထွားကြိုင်းသည့် ဗယ်လ် ဘူနာသည် ကလေးငယ်နှင့် အရပ်ချင်း မတိမ်းမယိမ်းမျှဖြစ်နေရာ အင်တာနက်ပေါ်မှ လူနောက်များက ၎င်းတို့နှစ်ဦးကို ခေါင်းချင်းလဲလှယ် တပ်ဆင်ပေးထားသည့် ဓာတ်ပုံ များဖြင့် နောက်ပြောင်ခဲ့ကြသည်။

၇။ ဟန်ဆောင်ကောင်း၍ အနီကတ်မပြခံရသည့် ဆွာရက်ဇ်

အီတလီနှင့် ဥရုဂွေးတို့ အုပ်စုပွဲစဉ်တွင် ဥရုဂွေးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်က ပြိုင်ဘက်ကစားသမား ဂျော်ဂျီယိုချီလီနီ၏ ပခုံးကိုကိုက်ခဲ့သည်။ ပခုံးသားပေါ်တွင် ထင်နေသည့် သွားရာကို ချီလီနီက ဒိုင်လူကြီးအား ပြသတိုင်ကြားနေစဉ် ဆွာရက်ဇ် သည် ချီလီနီနှင့် မတော်တဆ ထိခိုက်ခဲ့သည့်ပုံစံဖြင့် ဟန်ဆောင်နေသလို မျက်နှာ ကိုပါ လက်ဖြင့်အုပ်ပြီး နာကျင်နေပုံမျိုး ပြုလုပ်နေခဲ့သည်။ ဆွာရက်ဇ်၏ ဟန်ဆောင် ကောင်းမှုကြောင့် ပွဲချိန်အတွင်းဒိုင်၏ အရေးယူမှုမှကင်းလွတ်ပြီး အထိုက်အလျောက် အောင်မြင်ခဲ့သော်လည်း ဖီဖာက သီးခြားစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ဆွာရက်ဇ် ကို ဘောလုံးလောကနှင့် လေးလကင်းကွာစေရန် အမိန့်ချမှတ်ခဲ့သည်။

၈။ အရှဲ့တိုက်တာလား ဒိုက်ခ်

တိုက်ဆိုင်မှုကြောင့် ဟာသဇာတ်ကောင်ဖြစ်ရသူမှာ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဂရက်ဒိုက်ခ်ဖြစ်သည်။ အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စု အဆင့်မှပင် ရလဒ်ဆိုးများဖြင့် ထွက်ခွာခဲ့ရပြီး တစ်နိုင်ငံလုံးအတွက် ဝမ်းနည်းစရာ ဖြစ်ခဲ့ရသည်။ အင်္ဂလန်အသင်း ကမ္ဘာ့ဖလားမှ ထွက်ခွာပြီး ရက်ပိုင်းမျှ အကြာတွင် စာအုပ်တစ်အုပ်ကို စိတ်ဝင်တစားဖတ်ရှုနေသည့် ဒိုက်ခ်၏ ဓာတ်ပုံများ ထွက်ပေါ် လာသည်။ ဒိုက်ခ်ရွေးချယ်ဖတ်ရှုနေသော စာအုပ်၏အမည်မှာ ဘရာဇီးမှ သေဆုံးမှု တစ်ခု (A Death In Brazil)ဟူ၍ ဖြစ်သည်။ ဒိုက်ခ်အနေဖြင့် ဘရာဇီးမြေတွင် အင်္ဂလန်အသင်း၏ မျှော်လင့်ချက်များ သေဆုံးခဲ့ရမှုကို အရှဲ့တိုက်ပြီး အဆိုပါ စာအုပ်ကို ဖတ်ရှုနေခြင်းဖြစ်ဖွယ်ရှိကြောင်း သတင်းစာများက ဟာသလုပ်ရေးသား ဖော်ပြခဲ့ကြသည်။

၉။ ဂျိမ်းစ်ဘွန်းလား ဝင်းဂါးလား

အာဆင်နယ်မန်နေဂျာ တစ်ယောက်အနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲသည် အာစင်ဝင်းဂါးနှင့် တိုက်ရိုက်မပတ်သက်သော်လည်း ဘောလုံးပရော်ဖက်ရှင်နယ် တစ်ယောက်ဖြစ်သည့်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ပရိသတ်တစ်ဦး ဖြစ်နေသည်။

ဘရာဇီးတွင် ဘောလုံးပွဲကြည့်ရင်း ရီယိုဒီဂျနေရိုးရှိ အိုင်ပါနီမာကမ်းခြေတွင် အားလပ်ရက်အပန်းဖြေအနားယူရေကူးနေသည့် အာစင်ဝင်းဂါးသည် ပါပါရာဇီ သတင်းမှတ်ဆိုးများ၏ သားကောင်ဖြစ်သွားရရှာလေသည်။ ဝင်းဂါးရေထဲမှ ကမ်းစပ်သို့ တက်လာချိန်တွင် ကိုယ်နေဟန်ထားအရ နာမည်ကြီးဂျိမ်းစ်ဘွန်း ဇာတ်ဝင်ခန်း တစ်ခုမှ မင်းသားဒန်နီရယ်လ်ခရိုက်ဂ်နှင့်တူနေကြောင်း ဗြိတိန်မီဒီယာများက နှိုင်းယှဉ် ဖော်ပြကြသဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ဟာသဇာတ်ကောင်း တစ်ဦးအနေဖြင့် ပါဝင် သွားခဲ့လေသည်။

၁၀။ ရေနဲ့ပတ်တာတောင် ဂရုမစိုက်အားသည့်နည်းပြ

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရယ်စရာများကို နှစ်ကြိမ်ပြုလုပ်မိသူမှာ အာဂျင်တီးနား နည်းပြအလက်ဂျန်ဒရို ဆာဘဲလာဖြစ်သည်။ ယခုတစ်ကြိမ်မှာမူ ဆာဘဲလာသည် ဘောလုံးကွင်းထဲတွင် ရေပက်ခံလိုက်ရခြင်းဖြစ်သည်။ နိုင်ဂျီးရီးယားနှင့်ပွဲတွင် နည်းပြ ကြီးသည် တိုက်စစ်မှူး လာဗက်ဇီကိုခေါ်ယူကာ နည်းစနစ်ပိုင်းဆိုင်ရာများ မှာကြားနေချိန်တွင် လာဗက်ဇီက ရေသောက်နေဆဲဖြစ်ပြီး လက်ထဲမှ ရေဘူးကို ရည်ရွယ်ချက်မရှိ ညှစ်လိုက်ရာ ရေများပန်းထွက်ပြီး ဆာဘဲလာ၏ မျက်နှာကို ထိမှန်ကာရေများ စိုသွားခဲ့သည်။ သို့သော်လည်း ဆာဘဲလာသည် ရေစိုသွား သည်ကို ဂရုမစိုက်အားဘဲ လာဗက်ဇီကိုသာ မှာစရာရှိသည်များကို အသည်းအသန် မှာကြားနေခဲ့သည်ကို တွေ့ရသဖြင့် ဟာသဖြစ်ရပ်တစ်ခုဖြစ်သွားခဲ့သည်။

အင်္ဂလိပ်ကွင်းလယ်ဒိုင် ဟောင်းဝပ်ဘ် ဗိုလ်လုပွဲ ဒိုင်လူကြီးလုပ်ခွင့်ရရန် အခြားဒိုင်များနှင့် ယှဉ်ပြိုင်ရမည်

အင်္ဂလန်ကွင်းလယ်ဒိုင် ဟောင်းဝပ်ဘ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲအား ဒိုင်လူကြီးလုပ်ခွင့်ရရန် ယှဉ်ပြိုင်ရမည့် ဖီဖာက ရွေးချယ်ထားသော ဒိုင်လူကြီး ၁၅ ဦးအနက် တစ်ဦးဖြစ်ကြောင်း သိရသည်။ ယော့ရှိုင်းယားနယ်မှ အသက် ၄၂ နှစ်ရှိသူ ဟောင်းဝပ်ဘ်အား သူ၏ လက်ထောက်ဒိုင် လူကြီးများဖြစ်သည့် မိုက်မူလာကေး၊ ဒါရင်းကန်းတို့နှင့်အတူ အဆိုပါပွဲအား ဒိုင်လူကြီးလုပ်ရန် ပမာဏရွေးချယ်ထားပြီး ၎င်းသည် ကိုလံဘီယာအသင်းမှ အိုင်ဗရီကို့စ်အသင်းအား အနိုင် ရရှိသည့် အုပ်စုပွဲနှင့် ဘရာဇီးအသင်းမှ ချီလီ အသင်းအား ပင်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရရှိသည့် ရှုံးထွက်ပွဲတွင် ကွင်းလယ်ဒိုင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဘရာဇီးနိုင်ငံသား ဆန်ဒရိုရက်ဆီသည်လည်း ပြိုင်ပွဲတွင် ကျန်ရှိနေသေးသည့် အာဂျင်တီးနား၊ ဂျာမနီနှင့် ဟော်လန်အသင်းများအနက် ဗိုလ်လု ပွဲအား ဒိုင်လူကြီးလုပ်ခွင့်ရရန် ယှဉ်ပြိုင်ရမည့် ဖီဖာကရွေးချယ်ထားသော ဒိုင်လူကြီးများအနက် တစ်ဦးဖြစ်သည်။ ဘရာဇီးနှင့် ဂျာမနီအသင်းတို့၏ အကြို ဗိုလ်လုပွဲအား မက္ကဆီကိုဒိုင်လူကြီး မာကိုရိုဒရီဂွတ်ဇ်က ကွင်းလယ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၎င်းသည် ဥရုဂွေးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်မှ အီတလီနောက်ခံလူ ချီလီနီ၏ ပခုံးကိုက်ခဲ့သည့် အုပ်စုတွင်းပွဲစဉ်အား ဒိုင်လူကြီးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ တူရကီလူမျိုး ကူနီယက်ကကာသည် နယ်သာလန်နှင့် အာဂျင်တီးနားအသင်းတို့၏ ဒုတိယအကြိုဗိုလ်လုပွဲအား ကွင်းလယ်ဒိုင်အဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။

[သုတ]

ကမ္ဘာ့ဖလား

ဇူလိုင် ၁၀ ရက်၊ ၂၀၁၄
ကြာသပတေးနေ့။

အမိနိုင်ငံအတွက် တာဝန်ကျေခဲ့သူများ၏ အိမ်ပြန်ခရီးစဉ်

၂၀၁၄ ဘရာဇီး ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် နိုင်ငံကိုယ်စားပြုလက်ရွေးစင်အသင်း ၃၂ သင်းအနက် ၂၈ သင်းသည်ကွာတားဖိုင်နယ်ပွဲစဉ်များ အပြီးတွင်ပြိုင်ပွဲမှထွက်ရပြီး အိမ်(မိခင်နိုင်ငံဆီ)ပြန်ခဲ့ရပြီဖြစ်သည်။ ပြိုင်ပွဲမပြီးဆုံးခင် အိမ်လှည့်ပြန်ခဲ့ကြရသည့် အသင်း ၂၈ သင်းထဲတွင် အမိနိုင်ငံအတွက် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ပေးခဲ့သည့် အသင်းနှင့် ကစားသမားများ (တာဝန်ကျေခဲ့သူများ)၏ အိမ်အပြန် ခရီးစဉ်များမှာ ကြီးကျယ်ခမ်းနား သာယာလှပလွန်းခဲ့သည်ကို တွေ့ရသည်။ အုပ်စု (H)တွင် ဘယ်လ်ဂျီယံ၊ ရုရှား၊ တောင်ကိုရီးယား အသင်းတို့နှင့်အတူ ကျရောက်ခဲ့သည့် အာဖရိကကိုယ်စားပြု အယ်လ်ဂျီးရီးယားနှင့် အုပ်စု(C)တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရသော တောင်အမေရိကကိုယ်စားပြု အသင်းတစ်သင်းဖြစ်သည့် ကိုလံဘီယာအသင်းတို့၏ အိမ်ပြန်ခရီးစဉ်များသည့်စိတ်ဝင်စားစရာကောင်းခဲ့သည်ဟု ပြောနိုင်သည်။

ဆာဟာရမြေခွေးများဟု အမည်တွင်သည့် အယ်လ်ဂျီးရီးယား အသင်းသည် ယခုနှစ် ပြိုင်ပွဲမတိုင်မီ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ သုံးကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသော်လည်း အုပ်စုအဆင့်နှင့်သာ ကျေနပ်ခဲ့ရပြီး လှည့်ပြန်ခဲ့ကြသလို ယခုနှစ်ပါဝင်ခွင့်ရသည့် အုပ်စုတွင်း ပြိုင်ဘက်အနေအထားများအရ ယခင်ပြိုင်ပွဲများလိုပင် အုပ်စုမှလှည့်ပြန်ရနိုင်ဖွယ်ရှိသည်ဟု ပြိုင်ပွဲမတိုင်ခင်ကတည်းက ဆာဟာရမြေခွေးများကို ဝေဖန်သုံးသပ်ခဲ့ကြသည်။ သို့သော် အယ်လ်ဂျီးရီးယား အသင်းသည် ပြိုင်ဘက် ရုရှားအသင်းကို ကျော်ဖြတ်ပြီး အုပ်စုဒုတိယနေရာကိုအရယူကာ အုပ်စုအဆင့်မှ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်တွင် ဥရောပထိပ်သီး ဂျာမနီအသင်းနှင့် တွေ့ဆုံခဲ့ရသော်လည်း ပွဲချိန် မိနစ် ၉၀ အထိ သရေပွဲဖြစ်အောင် ကစားနိုင်ခဲ့ပြီး အချိန်ပိုရောက်မှ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ကွာတားအဆင့်သို့ တက်ရောက်နိုင်ခြင်းမရှိခဲ့သော်လည်း အသင်းသားများ၏ ကြိုးစားအားထုတ်မှုမှာ အသင်းသမိုင်းတွင် မှတ်တမ်းဝင်ခဲ့ပြီဖြစ်သည်။ အသင်းသမိုင်းတွင် အမြင့်ဆုံး အောင်မြင်မှု ၁၆ သင်း ရှုံးထွက်အဆင့် တက်ရောက်နိုင်မှု ရယူပေးခဲ့သည့် နည်းပြနှင့် ကစားသမားများကို အယ်လ်ဂျီးရီးယားပြည်သူများက သူရဲကောင်းများသဖွယ် ကြိုဆိုခဲ့ကြသည်။ အယ်လ်ဂျီးရီးယားအသင်း၏ အိမ်အပြန်ခရီးစဉ်တွင် ပရိသတ်ထောင်နှင့်ချီ၍ ကြိုဆိုမှုရှိခဲ့သည့်အပြင် ဝန်ကြီးချုပ် အဒယ်မာလက်ဆယ်လယ်ကပင် ကြိုဆိုနှုတ်ဆက်ပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်မှာ အယ်လ်ဂျီးရီးယား ကစားသမားများ၏ အားထုတ်ကြိုးစားယှဉ်ပြိုင်မှုကို အသိအမှတ်ပြုခြင်းဟု ပြောနိုင်ပါသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ မှတ်တမ်းတွင် လေးကြိမ်ယှဉ်ပြိုင်ခွင့်ရပြီး တစ်ကြိမ်သာ ၁၆ သင်းအဆင့်အထိ အမြင့်ဆုံး အောင်မြင်မှုရခဲ့သည့် ကိုလံဘီယာအသင်းသည် ယခုနှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ် ၃ ပွဲစလုံး အနိုင်ရလဒ်ဖြင့် ရှုံးထွက်အဆင့် တက်ရောက်နိုင်ခဲ့သည်။ ရှုံးထွက်အဆင့်တွင်လည်း ဒေသတွင်း ပြိုင်ဘက် ဥရုဂွေးကို ထပ်မံအနိုင်ယူပြီး ကွာတားဖိုင်နယ်ပွဲစဉ်သို့ တက်လှမ်းယှဉ်ပြိုင်ခဲ့သည်။ ကွာတားပွဲစဉ်တွင် အိမ်ရှင် ဘရာဇီးနှင့်ဆုံတွေ့ရပြီး နှစ်ဂိုး-တစ်ဂိုးဖြင့်ကပ်ပြီး ရှုံးကာ ပြိုင်ပွဲမှ ထွက်ခဲ့ရသော်လည်း ကိုလံဘီယာအသင်း၏ အိမ်အပြန်ခရီးစဉ်မှာ ကြီးကျယ်ခမ်းနားခဲ့ပေသည်။ ကွာတားအဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် ကိုလံဘီယာ၏ အိမ်အပြန်ခရီးစဉ်တွင် ပရိသတ်ထောင်ပေါင်းများစွာက ကြိုဆိုခဲ့ကြသည်။ ကိုလံဘီယာနိုင်ငံ ဘိုဂိုတာမြို့သို့ ပြန်လည်ရောက်ရှိလာသည့် ကစားသမားများကို ပြည်သူများက သူရဲကောင်းများပမာ ကြိုဆိုခဲ့သည်မှာ မြို့တွင်းလမ်းမတစ်လျှောက် ပရိသတ်များပြည့်နှက်သွားသည်အထိ ဖြစ်ခဲ့သည်။ ကိုလံဘီယာအသင်းဝတ်စုံ (အင်္ကျီ) များဝတ်ဆင်ပြီး နိုင်ငံအလံများ ဝှေ့ယမ်းဂုဏ်ပြုကြိုဆိုခဲ့သည်မှာလည်း ကိုလံဘီယာကစားသမား၏ စွမ်းဆောင်ရည်ကို အသိအမှတ်ပြုခြင်းပင်ဖြစ်သည်ဟု ဆိုနိုင်သည်။

သို့ဖြစ်၍ မိခင်နိုင်ငံ(တိုင်းပြည်)အတွက်၊ မိမိလူမျိုးအတွက်၊ ဂုဏ်သိက္ခာအတွက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်အပြည့်ဖြင့် ကြိုးစားယှဉ်ပြိုင်ပေးဆပ်ခဲ့ကြပြီး အောင်မြင်မှုရလဒ်တစ်ခု ရယူပေးကြသည့် ကစားသမားများ (အမိနိုင်ငံအတွက် တာဝန်ကျေခဲ့သူများ)၏ အိမ်အပြန်ခရီးစဉ်သည် ကြီးကျယ်ခမ်းနားခဲ့သည်ဟု ပြောနိုင်သည်မဟုတ်ပါ လား. . ။ ။

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မည်သည့်ကစားသမားမျှ တားမြစ်ဆေးသုံးစွဲခြင်းမရှိဟု ဖီဖာဆို

ဘရာဇီးနိုင်ငံ၌ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လက်တွေ့စမ်းသပ်ချက်ရလဒ်များကိုမကြေညာခဲ့သော်လည်း ကမ္ဘာ့ဖလား တားမြစ်ဆေးဆန့်ကျင်ရေးအစီအစဉ်အရစစ်ဆေးခဲ့သည့် နမူနာများအားလုံး ပြစ်ချက်ကင်းကြောင်း ဖီဖာက ပြောကြားသည်။ ပြိုင်ပွဲမတိုင်မီနှင့် ပြိုင်ပွဲအပြီး နမူနာများ အားလုံးစစ်ဆေးခြင်း ပြီးဆုံးသွားပြီဖြစ်ကြောင်း ဖီဖာမီဒီယာအရာရှိချုပ် ဂျီရီဗိုရတ်ခ်က ပြောကြားသည်။ ကစားသမား ၇၃၆ ယောက်က သွေးနမူနာများ စစ်ဆေးရန်ပေးပို့ခဲ့ကြောင်း၊ တစ်သင်းလျှင် ကစားသမား နှစ်ယောက်စီအား အလျင်းသင့်သလို ရွေးချယ်ပြီး ပွဲပြီးဆုံးတိုင်း စမ်းသပ်ရန် နမူနာများပေးပို့ရကြောင်း၊ တားမြစ်ဆေးစမ်းသပ်ခြင်းများကိုပွဲမကစားသည့် ကြားရက်များတွင် ဆောင်ရွက်ခြင်းမရှိကြောင်း ဂျီရီက ပြောကြားသည်။

ဆွစ်ဇာလန်နိုင်ငံ လော်ဆိန်းမြို့ရှိ ကမ္ဘာ့တားမြစ်ဆေးဆန့်ကျင်ရေးအေဂျင်စီ အသိအမှတ်ပြုဓာတ်ခွဲခန်းတွင် နမူနာများအားလုံးကို စမ်းသပ်စစ်ဆေးကြောင်း၊ ကမ္ဘာ့တားမြစ်ဆေးဆန့်ကျင်ရေးအေဂျင်စီသည် ယမန်နှစ်က ရီယိုဒီဂျနေးရိုးမြို့ရှိဓာတ်ခွဲခန်းစမ်းသပ်ချက် အထောက်အထားများကို ပယ်ဖျက်လိုက်ကြောင်း သူကဆိုသည်။ ၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းမှ မာရာဒိုနာ တားမြစ်ဆေးသုံးစွဲကြောင်း တွေ့ရှိပြီး နောက်ပိုင်း ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် မည်သည့် ကစားသမားမျှ တားမြစ်ဆေးသုံးစွဲထားကြောင်း စမ်းသပ်တွေ့ရှိခြင်း မရှိသေးပေ။ **[သုတ]**

ကိုလံဘီယာအသင်း၏ အိမ်အပြန် ပရိသတ်ထောင်ပေါင်းများစွာ ကြိုဆို

ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့် ကိုလံဘီယာအသင်း၏ အိမ်အပြန်ခရီးကို ကြိုဆိုရန် ထောင်ပေါင်းများစွာသော ပရိသတ်များ ဘိုဂိုတာမြို့တွင် စုရုံးရောက်ရှိလာခဲ့ကြသည်။ နည်းပြ ဟိုဆေးပီကာမန်းသည် ကိုလံဘီယာအသင်းအား ကွာတားဖိုင်နယ်အဆင့်သို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်အောင် လမ်းညွှန်ပေးနိုင်ခဲ့သည်။ အကြိုဗိုလ်လုပွဲမကစားမီအထိ ကိုလံဘီယာတိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ခြောက်ဂိုးသွင်းကာ ဂိုးအများဆုံးသွင်းနိုင်သည့် ကစားသမားအဖြစ် ဆက်လက်ရပ်တည်နေဆဲဖြစ်သည်။

